www.burmeseclassic.com

BURMESE CLASSIC .com

ဂျူး

# ရည်းစားထားတဲ့ GAME

Join Now Member Login

Home Members Blogs Photos Videos Music Groups Classifieds Events Polls Forums Articles Boards Chat

SITE STATS

| | | |
|---|---|---|
| 1 Members | 0 Photos | 0 Events |
| 0 Online | 0 Videos | 0 Polls |
| 0 Seen Today | 0 Musics | 0 Topics |
| 0 This Week | 0 Profile Videos | 0 Posts |
| 0 This Month | 5 Tags | 9 Articles |
| 1 This Year | 0 Groups | 0 Classifieds |
| 0 Friends | 1 Blogs | |

MEMBER LOGIN

Nickname

Password

Remember Me

Forgot Password?

Join Now

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit
38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.
095112428, 551403

BURMESE CLASSIC .com

# ညနေ

# ရည်းစားထားတဲ့ဂိမ်း

www.burmeseclassic.com

www.burmeseclassic.com

(၁)

"စာအုပ်တွေ ရမယ်၊ စာအုပ်တွေ ရမယ်"

ဒါဟာ မင်းချမ်းငြိမ် အသံပါ။

ကင်တင်းမှာ စာအုပ် တပွေ့တပိုက်နှင့် လိုက်အော်နေခြင်း ဖြစ်သည်။

"စာအုပ်တွေရမယ်၊ စာအုပ်တွေရမယ်"

"ဘာစာအုပ်တွေလဲ"

နီးစပ်ရာတစ်ယောက်က လှမ်းအော်မေးသည်။

အခြားသူများက မေးချင်သော်လည်း မင်းချမ်းငြိမ်အကြောင်း သိ၍ မမေးကြခြင်းဖြစ်သည်။

"မင်းနာမည် ဘယ်သူတုံး"

မင်းချမ်းငြိမ်က ခပ်တည်တည်နဲ့ ပြန်မေးသည်။

"အာ. . . မင်းက ငါ့နာမည်တောင် မသိတော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မေးတဲ့သူက စိတ်ညစ်သွားပုံရပြီး ပြန်ပြောသည်။

"အေး. . . သိတော့ သိတာပေါ့၊ ကင်တင်းက မသိသေးတဲ့ လူတွေသိအောင် မေးနေရတာ"

"လှသိန်းဆွေကွ၊ လှသိန်းဆွေ"

"သြော်. . . အေး၊ ခဏလေး"

မင်းချမ်းငြိမ်က သူ့လက်ထဲရှိ စာအုပ်များမှ တစ်အုပ်ကိုယူပြီး စာမျက်နှာအချို့ကို လှန်လိုက်သည်။

အားလုံးက စိတ်ဝင်တစားနဲ့ ကြည့်နေကြသည်။

လှမ်းစပ်စုသော လှသိန်းဆွေပင် ဘာတုန်းဟဆိုသည့်အကြည့်ဖြင့် မျက်မှောင်ကြုတ်ကြည့်နေရသည်။

"လှသိန်းဆွေ. . . လှသိန်းဆွေ. . . အင်း. . . တွေ့ပြီ"

မင်းချမ်းငြိမ်က တွေ့ပြီဆို၍ လှသိန်းဆွေလည်း တွန့်သွားပြီး-

"ဘာ. . . ဘာတွေ့တာလဲ"

"အေးပါ၊ ငါဖတ်ပြပါမယ်၊ နားထောင်. . . အမည် လှသိန်းဆွေ၊ အဖအမည် ဦးရာဇာဆွေဝင်း၊ အမိ ဒေါ်မိမိဆွေဝင်း၊ မွေးချင်း ညီတစ်ယောက်၊ မေဂျာ ရူပဗေဒ၊ ရည်းစား မရှိ၊ ဖြစ်လာနိုင်သော ရည်းစားမှာ လက်ရှိစိတ်ဝင်စားနေသော မြင့်သီရိနှင့် ရည်းစား မဖြစ်နိုင်၊ သူငယ်ချင်းဖြစ်သူ တင်မေဝင်းနှင့် ရည်းစားဖြစ်နိုင်ချေ ၇၅% ရှိနေသည်"



"ဟင်"

"ဟ. . . ဘာတုန်းဟ"

လှသိန်းဆွေအပြင် ဘေးနားကလူများပင် တအံ့တသြဖြစ်သွားကြပြီး-

"မင်းချမ်းငြိမ်. . . မင်းဟာက ဘာစာအုပ်ကြီးလဲ"

"ဖြစ်လာနိုင်သည့် ရည်းစားများအား စိစစ်သုံးသပ်ထားတဲ့ စာအုပ်"

"အလဲ့ တယ်ဟုတ်ပါလား"

တော်တော်သဘောကျသွားသည်။

"ကျောင်းကလူတွေအားလုံး ပါတာလား"

"လက်ရှိ ရည်းစားမရှိသေးတဲ့လူတွေ အားလုံးပါတယ်"

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကင်တင်းအတွင်းရှိ ရည်းစားမရှိသေးသော ပုရိသအားလုံးမှာ စိတ်ဝင်စားသွားကြလေသည်။

"ဟော့ကောင် မင်းချမ်းငြိမ် ငါရောပါလား"

ကင်တင်းထဲကတစ်ယောက်က ထအော်ပြန်သည်။

"အံ့မယ် ဘယ်သူတုံး၊ နိုင်ဝင်းအောင် ပိန်ရှည်ပါလား. . . အေး. . . မင်းလည်းပါတယ်"

"ဟာ. . . ဒါဆို ငါရော ဘယ်သူနဲ့လဲ"

"သိချင် ဝယ်ဖတ်လေ"

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဝင်းအောင် ငြိမ်သွားသည်။ မင်းချမ်းငြိမ်ကတော့ ခပ်တည်တည်ပါပဲ. . .။

နောက်ဆုံး ကိုယ့်နာမည် ကိုယ့်အကြောင်းလေးပါတယ်ဆိုတော့ ဘာရယ်မဟုတ် ထိုနေရာလေးမှာပင် မင်းချမ်းငြိမ်စာအုပ်က တော်တော်လေး ရောင်းကောင်းသွားသည်။

ထူးဆန်းတာက သူ့စာအုပ်သည် သတင်းအချက်အလက် စုံလင်ပြီး ဖြစ်နိုင်ချေ တွက်ထားမှုသည် တစ်ဖက်လူပင် ဟုတ်နိုင်လောက်သည်ဆိုသည့် အနေအထားပင် ဖြစ်သည်။

"ဟဲ့. . . ငါက ဓာတုက ဝင်းဆွေကြီးနဲ့တဲ့"

ကောင်မလေးများကလည်း ဝယ်ယူကြသည်။

အပျော်သဘောနဲ့ဖြစ်စေ၊ စိတ်ကူးယဉ်လို့ဖြစ်စေ သူ့စာအုပ်က ဖတ်ကောင်းနေသည်။

မင်းချမ်းငြိမ်ကတော့ ဘယ်ကဘယ်လို ရှာထားသည်မသိ. . .။

တွက်ချက်မှုများက မှန်သလိုလို ရှိနေသည်။

သူ့အကြောင်း သိနေသူများကတော့ ထွေထွေထူးထူး မေးမနေကြတော့ဘဲ ဝယ်စရာရှိသည့်စာအုပ်ကို ဝယ်ကြသည်။

❑

BURMESE CLASSIC .com

(၂)

"ဟော့ကောင်. . . မင်းချမ်းငြိမ် မင်းချမ်းငြိမ်"

အနောက်ကခေါ်သံကြား၍ လှည့်ကြည့်မိသည်။

ရုပ်က လှလှပါလား. . .။ ရုပ်မလှဘဲ နာမည်သာ လှသည့် လူလှဖြစ်သည်။

"ဘာတုံး"

"အမလေး မောလိုက်တာကွာ၊ မင်းနဲ့. . . တစ်ကျောင်းလုံး ပတ်ရှာနေရတာ အခုမှပဲ တွေ့တော့တယ်"

"ဘာကြောင့် ငါ့ရှာနေရတာတုံး"

"စာအုပ်. . . စာအုပ်. . . မင်းစာအုပ်လေကွာ"

"အဲ့ဒါဘာဖြစ်လဲ"

"ငါ့နာမည်ပါတယ်ဆို. . . အဲဒါ တစ်. . . တစ်အုပ်လောက် ရောင်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ကုန်ပြီ"

"ဟာ. . . မ. . . မလုပ်ပါနဲ့ကွာ၊ ဘယ်သူ့ဆီကမှလည်း တောင်းဖတ်လို့မရဘူး. . . လုပ်ပါ၊ ငါ့ကို မင်းမှာရှိတဲ့ဟာလေး ဖြစ်ဖြစ်ပဲ ရောင်းပါကွာ"

"ကုန်ပါပြီ ဆိုနေမှကွာ"

"ချမ်းငြိမ်ရယ်. . . မင်းက လိမ္မာပါတယ်. . . နော်. . . တစ်အုပ်လောက်"

လှလှကနေ လှရွှဖြစ်မှာစိုးတာကြောင့် မင်းချမ်းငြိမ်က သူ့မှာ ရှိသည့် လက်ကျန်တစ်အုပ်ကို ထုတ်ပေးလိုက်ရသည်။

စာအုပ်ရ၍ ခုန်ပေါက်ပြေးကာ ပြန်အမ်းငွေပင် မယူတော့. . .။ အခုမှ တကယ့်လှရွှဖြစ်သွားသည်။

သူ့နှယ် စာအုပ်ဖတ်ပြီး လှလှသည် လှပျိုကြီးဖြစ်နိုင်ချေ ၆၀% ရှိသည်ဆိုတာတွေ့သွားပါက မည်သို့ဖြစ်နေမည်မသိ. . .။

❑

(၃)

"မင်းချမ်းငြိမ်. . . . မင်းချမ်းငြိမ်"

ဟော. . . ခေါ်ပြန်ပြီ နောက်တစ်ယောက်. . .

စာအုပ်မရှိတော့ပါဘူးဆိုနေမှ. . .။ ဒီတစ်ခါ လှမ်းခေါ်သူက ဘော်တနီမှ အတော်ဆော်ကြည်သည်ဟု ပြောကြသည့် မောင်မောင်မြင့်ကြည် ဖြစ်သည်။

လက်ထဲမှာ သူ့စာအုပ်ကိုင်ထားသောကြောင့် နည်းနည်းတော့ စိတ်ချသွားသည်။

"ပြော. . . ကိုမြင့်ကြည်"

"ဟာ. . . မင်းကလည်း အဲဒီနာမည်ကြီး မခေါ်စမ်းပါနဲ့"

"အေး. . . အေး. . .၊ ဒါဆိုလည်း ပြော ပြော၊ ကိုမောင်မောင်မြင့်ကြည်"

မောလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



"မင်း. . . ဒီထဲမှာရေးထားတာတွေက တကယ်လားကွ"

"ဩော်. . . ခန့်မှန်းချက်တွေပါဆိုနေမှ"

"ငါနဲ့ အီစီကလီဖြစ်နေတဲ့ သချ်ာက ရင်မေလှက ဟိုကောင်ဆိုက်ကိုက မြင့်မိုရ်နဲ့ ကြိုက်နိုင်ကိန်းရှိတယ်ဆို. . . အဲ့ဒါ တကယ်ပဲလားကွာ"

ငိုမဲ့မဲ့မျက်နှာ ဖြစ်နေသည်။

မင်းချမ်းငြိမ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းက ရည်စားတွေကို ဟိုတစ်ယောက်ကြိုက်လိုက်၊ ဒီတစ်ယောက်ကြိုက်လိုက် လုပ်နေတာကို သူက သိနေပြီကွ. . .၊ အခုသူ့ကိုလိုက်နေတဲ့လူတွေထဲက မြင့်မိုရ်နဲ့ အတော်အဆင်ပြေပုံရတယ်၊ ပြီးခဲ့တဲ့တစ်ပတ်က သူတို့ ရုပ်ရှင်ကြည့်ဖို့ ချိန်းထားတာရင်မေလှ သူငယ်ချင်းတစ်ယောက် နေမကောင်းလို့ဆိုပြီး မကြည့်ဖြစ်လိုက်ဘူး၊ အဲ့ဒီလို သွားကြည့်ဖို့ကိုလည်း ရင်မေလှက အရင်စခေါ်တာဆိုပြီး ကြားရတယ်၊ ပြီးတော့ အခြား အတည်မပြုနိုင်သေးတဲ့သတင်းတွေလည်း ရှိသေးတယ်ကွ၊ ဒါကြောင့် ရင်မေလှက သူနဲ့ရည်းစားဖြစ်နိုင်ခြေ ၆၈% ရှိတယ်လို့ ခန့်မှန်းထားတာကွ"

မောင်မောင်မြင့်ကြည်ရဲ့မျက်နှာမှာ မိုးပြိုတော့မယ့် မျက်နှာလိုဖြစ်သွား၏။ ညိုမဲ့မဲ့၊ အုံ့ဆိုင်းဆိုင်းဖြစ်နေသည်။

"တ. . . တကယ်ပဲလားကွာ"

"အေး. . . ဟုတ်တယ်"



"ငါ. . . ငါက သူ့ကိုတော့ တကယ်ချစ်တာကွ"

ရှာချလိုက်ပါပြီ. . .။ ရှာချလိုက်ပြီ. . .။

မာမာချာချာကြီးတန်မဲ့ မျက်ရည်များ ကျလာသည်။

ဒါကတော့ မတတ်နိုင်. . .။ ကိုယ်ကလည်း ထင်တဲ့အတိုင်းခန့်မှန်းခဲ့ခြင်းဖြစ်သည်။

နောက်ဆုံး ဘော်တနီမှ အတော်ဆော်ကြည်သည်ဟု ပြောကြသည့် မောင်မောင်မြင့်ကြည်ခမျာမှာ ခေါင်းငိုက်စိုက်ပြီး ကျန်ခဲ့လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## (၄)

မင်းချမ်းငြိမ်က ကျောင်းမှာ ထိုသို့သော လူစားမျိုးဖြစ်သည်။ ပေါက်ကရ အစုံလုပ်သည်။ ရည်းစားကမရှိ. . .။ ရုပ်ရည်မရှိလို့လား ဆိုတော့လည်း မဟုတ်ပြန်ဘူး။ သားသားနားနားနဲ့ ရုပ်ချော လှပါတယ်ဆိုတဲ့ 1 to 10 ထဲမှာတော့ ဝင်နိုင်လောက်သည့် ရုပ်ရည်မျိုး ဖြစ်သည်။

သူ့မှာ အားကျဖို့ကောင်းတာတစ်ခုတော့ ရှိသည်။ သူ့မိဘများက ချမ်းသာသော်လည်း တက္ကသိုလ်ကိုတော့ သူ့ပိုက်ဆံနဲ့သူ တက်နေခြင်း ဖြစ်သည်။

အိမ်ကမယူ. . .။ မိမိဘာသာ တက်နိုင်သည်ဆိုသည့် ပုံစံမျိုး ဖြစ်သည်။ ဒါဆို သူက စီးပွားရေးလုပ်ငန်းကြီးကြီး တစ်ခုရှိလို့လား ဆိုတော့လည်း မဟုတ်ပြန်ဘူး. . .။

ဒီလိုပဲ ဟိုလုပ်ဒီလုပ်ရင်းနဲ့ပဲ သူဟာသူတော့ အဆင်ပြေနေ



တာပါပဲ။

ပြီးတော့ သူက သူတစ်ပါးကို စိတ်ရောကိုယ်ပါ ကူညီတတ်တဲ့ အကျင့်ကလည်း ရှိသည်။

အားလုံးက သူ့ကိုခင်ကြပြီး တစ်ခါတစ်ခါ ပေါက်ပေါက်ရှာရှာ လုပ်တတ်တာကိုကလည်း အားလုံးက စိတ်ဝင်တစားရှိကြသည်။ တစ်ခါတုန်းကဆိုလည်း ဒီလိုပဲ. . .။ အဲ့ဒီနေ့က ကျောင်းမှာ အပြေးပြိုင်ပွဲတစ်ခု ရှိသည်။

မေဂျာပေါင်းစုံပြိုင်သည့်ပွဲ ဖြစ်သည်။

မနက်အစောကြီးကတည်းက ဘွဲ့နှင်းသဘင်ရှေ့မှာ ကျောင်းသားကျောင်းသူများ၊ ဆရာများ ရောက်နေကြပြီဖြစ်သည်။

အဲ့ဒီအချိန်မှာ မင်းချမ်းငြိမ်က လက်ကိုင်အိတ်ကြီး သုံးလေးအိတ်နဲ့ ရောက်လာသည်။

အပြေးပြိုင်မယ့်သူများကို တစ်ချက်ကြည့်ရင်း သူနှင့် မဆိုင်သလို ခပ်ဝေးဝေးတွင် သွားထိုင်နေသည်။

ကျောင်းသားတစ်ယောက်က လှမ်းအော်သည်။

"မင်းချမ်းငြိမ် မင်း အပြေးမပြိုင်ဘူးလား"

"ငါက ကူညီသူပါကွ"

မိုက်ကရိုဖုန်းကနေ ပြိုင်ပွဲအစီအစဉ်များကို ကြေညာနေသောကြောင့် မေးတဲ့လူမှာ ဆက်မမေးတော့ဘဲ စကားစ ပြတ်သွားသည်။

ပြိုင်ပွဲစပါပြီ. . .။ ပြေးလိုက်ကြတာ လူတွေအများကြီးပဲ. . .။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မေဂျာအလိုက် အော်ကြီးဟစ်ကျယ် အားပေးကြနဲ့ပေါ့. . .။

ထိုအခါကျတော့ မင်းချမ်းငြိမ်ကလည်း အငြိမ်မနေပါဘူး။ တွေ့တဲ့လူကို သူက အားပေးသည်။

"ဟေ့. . . ဟေ့၊ ပြေးထားကွ"

ကျောင်းရဲ့ မိန်းလမ်းမကြီးက အရှည်ကြီးပဲ. . .။ တစ်ပတ်လောက်ကတော့ ပြေးတဲ့ကျောင်းသားတွေ အပြိုးမပျက်ဘူး။

ဒါပေမယ့် ၁၀ ပတ်တိတိ ပြေးရမှာဆိုတော့ နှစ်ပတ်လောက် ပြေးပြီးတော့ မပြိုးနိုင်တော့ဘဲ ခပ်တည်တည် ဖြစ်လာကြသည်။

သုံးပတ်လောက်ကျတော့ ဟောဟဲ. . . ဟောဟဲ ဖြစ်လာကြပြီ. . .။ မခံနိုင်တဲ့လူတွေက လေးပတ်မှာ ဆက်မပြေးကြတော့. . .။

အဲ့ဒီလိုနဲ့ တဖြည်းဖြည်း ထွက်လာလိုက်ကြတာ နောက်ဆုံးပန်းဝင်တဲ့လူကို နှာတောင်နှပ်ယူရသည်။

ဘွဲ့နှင်းသဘင်ရှေ့ ကွင်းပြင်တွင် ခြေပစ်လက်ပစ် ထိုင်နေကြသူများ လှဲနေသူများနှင့် ဖွေးဖွေးလှုပ်နေကြသည်။

"ရေ. . . ရေပေးပါဦး"

"ပရုတ်. . . ပရုတ်ဆီပါလား"

"ဒီနားလေး. . . အား. . . ညောင်း. . . ညောင်းလိုက်တာ"

"အမလေး နောက်. . . နောက်တစ်ခါဆို မပြိုင်တော့ပါဘူး"

အဲ့ဒီအချိန်မှာ မင်းချမ်းငြိမ်က သူ့အိတ်ကို စဖွင့်နေပြီဖြစ်သည်။ ထို့နောက် အိတ်ထဲက ခေါက်ထားသော ကတ်ထူပြားကို



ဖြန့်လိုက်ကာ ထောင်ထားသောတိုင်တွင် ချည်လိုက်၏။

မျက်နှာကတော့ စပ်ဖြီးဖြီးနဲ့ဖြစ်နေသည်။

"ဟာ. . . မင်းချမ်းငြိမ် ရှေ့က ဘာကြီးလဲ"

မြင်သွားသောတစ်ယောက်က လှမ်းအော်သည်။

အားလုံးကလည်း တက်ညီလက်ညီ လှမ်းကြည့်ကြသည်။

"ဟာ. . . ငါအရင်သွားမယ်. . .၊ ငါအရင်သွားမယ်"

"နေ. . . နေပါဦး၊ ငါလည်းလိုက်မယ်"

"ငါ. . . . . . . . . . ."

". . . . . . . . . . . ."

သူ့ထက်ငါ အလုအယက် ပြေးကြလေသည်။

မင်းချမ်းငြိမ်ကတော့ အေးဆေးပဲ. . .။

သူ့ရှေ့ရှိ ကတ်ထူးပြားပေါ်က စာများကို မမြင်ရသေးသောလူများ မြင်ရအောင် လှည့်လှည့်ပြနေသေးသည်။

**<u>ဆရာကြီးမင်းချမ်းငြိမ်</u>**

အမေရိကားမှ တင်သွင်းလာသော

အညောင်းအညာပြေ နှိပ်နယ်ခြင်းစက်များဖြင့်

သချာဆောင် A-1 တွင်

အတန်းချိန်လွတ်သည့် အချိန်များ၌ ကုသပေးပါမည်။

ကြိုတင် ဘိုကင်ပေးသွင်းကြပါရန်။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကားကစက် ဟုတ်လား မဟုတ်လားမသိ. . .။

ထိုနေ့ကတော့ သင်္ချာဆောင် A-1 တွင် လူစည်ကားနေသော ကြောင့် ကင်တင်းသို့ နေရာပြောင်းလိုက်ရပြီး သူ့သူငယ်ချင်း အကူသုံးယောက်ပင် ခေါ်လိုက်ရလေသည်။

ထိုသို့သော မင်းချမ်းငြိမ် ဖြစ်သည်။

❑

(၅)

တစ်နေ့ မင်းချမ်းငြိမ် ကင်တင်းမှာ ထိုင်နေတုန်း ကျောင်းသားတစ်ယောက်က သူထိုင်နေတဲ့ခုံမှာ လာဝင်ထိုင်သည်။

"မင်းချမ်းငြိမ်"

"ပြော"

သူကတော့ စာအုပ်အဖတ်မပျက်ဘဲ ပြန်ထူးသည်။

"မင်းကို ကျေးဇူးတင်လို့"

"ရော်. . . ဘလိုင်းကြီးပါလား"

ကိုယ့်ကို လာကျေးဇူးတင်တာဆိုတော့လည်း စိတ်ပါလက်ပါ စကားပြောရန်အတွက် စာအုပ်ကို ဘေးချလိုက်သည်။

"မင်းခန့်မှန်းတဲ့အတိုင်း ငါနဲ့ လှဝေတင့်နဲ့ ကြိုက်သွားကြပြီကွ"

"ဒါဆို ငါ့စာအုပ်မှန်ကြောင်း အခြားလူတွေကို ပြောပေးပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ကြော်ငြာခိုင်းနေသေးသည်။

ပြီးနောက် မုန့်တစ်ပွဲပေးဖို့ဆိုပြီး ကောင်တာကိုလည်း လှမ်းမှာလိုက်သေးသည်။

သေချာသည်။ ဒီဝိုင်းကတော့ လာကျေးဇူးတင်တဲ့လူ ရှင်းရတော့မည်။ မုန့်လာချတော့ အာလာပသလ္လာပပြောရင်း မင်းချမ်းငြိမ်ရဲ့ အချစ်အကြောင်း ရောက်သွားသည်။

"မင်းကွာ ဒီလောက်ခန့်မှန်းချက်တွေ ကွက်တိဖြစ်နေတာ ဘာဖြစ်လို့ ရည်းစားမရှိရတာလဲ"

"ဘာဆိုင်လို့လဲ ရည်းစားက ရည်းစားပဲဟာ"

ကျေးဇူးတင်တဲ့လူက ဘာမှဆက်မပြောရဲတော့ဘဲ မင်းချမ်းငြိမ် ပလုတ်ပလောင်းစားနေတာကိုပဲ ထိုင်ကြည့်နေရသည်။ ခဏနေမှ တစ်စုံတစ်ခုကို သတိရသွားပြီး-

"မင်းကို ငါမေးရဦးမယ်"

"ဘာလဲ. . . နောက်ရည်းစား လိုချင်ပြန်ပြီလား"

"ဟာ. . . မဟုတ်ပါဘူး"

"ဒါဆို ဘာလဲ"

"ဟို. . . မင်း. . . ရည်းစားထားတဲ့ဂိမ်းဆိုတာ ကြားဖူးလားလို့မေးတာ"

မင်းချမ်းငြိမ်က စားနေရင်းမှ ခေါင်းခါပြသည်။

"ကောင်တာပစ်တာတို့၊ ဒိုတာခုတ်တာတို့၊ ဘောလုံးကန်တာ တို့ အဲ့ဒီဂိမ်းတွေပဲ သိတယ်"



"ဟာ. . . ငါပြောတာ အဲဒီလိုမျိုးဂိမ်းမဟုတ်ဘူး. . .၊ ဒီကျောင်းမှာတင် ဆော့လို့ရတဲ့၊ အပြင်မှာဆော့လို့ရတဲ့ ဂိမ်းကို ပြောတာ"

"မကြားဖူးဘူး"

မင်းချမ်းငြိမ်က မုန့်ကို လက်စသတ်လိုက်သည်။

ထို့နောက်-

"ရှင်းမယ်ဟေ့"

မင်းချမ်းငြိမ်က သူ့အိတ်ထဲမှ ပိုက်ဆံထုတ်သလိုလို၊ သွားကြားထိုးတံရှာသလိုလို ဘာလိုလိုလုပ်သည်။

ကျေးဇူးလာတင်တဲ့သူကပဲ-

"နေ. . . နေ. . . ငါရှင်းပါ့မယ်ကွ"

"အဟီး. . . အားနာစရာကြီး"

❑

www.burmeseclassic.com

www.burmeseclassic.com

(၆)

"သေရောသေချာလို့လား"

"ငါလည်း ကြားတာကို ပြန်ပြောပြတာလေ"

သူ့နောက်ခုံတန်းက ကျောင်းသားနှစ်ယောက် ပြောနေကြခြင်း ဖြစ်သည်။

မင်းချမ်းငြိမ်ကတော့ အိုက်တယ်ဆိုပြီး ယပ်တောင်ကြီး ခပ်နေ၏။ သူ့သူငယ်ချင်းနှစ်ယောက်ဖြစ်သည့် ဖိုးထောင်နှင့် ဝင်းမြင့် ဆွေဦးမလာ၍ သူ့မှာ စကားပြောဖော် မဲ့နေသည်။

နာရီကိုကြည့်လိုက်သည်။ ဆရာကတော့ လာခါနီးနေပြီ. . .။

"အဲ့ဒီရည်စားထားတဲ့ဂိမ်းကို ဘယ်သူက လုပ်တာလဲ"

"အဲ့ဒါတော့ သေချာမသိဘူး. . .၊ နိုင်ရင်တော့ ပိုက်ဆံရမယ်"

မင်းချမ်းငြိမ်၏ ခပ်နေတဲ့ယပ်တောင်မှာ လေထဲတွင် ရပ်သွားသည်။



ပိုက်ဆံရမယ်ဆိုသောကြောင့် သူ နည်းနည်း စိတ်ဝင်စားသွားခြင်း ဖြစ်သည်။ ရည်းစားထားတဲ့ဂိမ်း. . . .။ ရည်းစားထားတဲ့ဂိမ်း။ ဘယ်မှာ ကြားဖူးပါလိမ့်. . .။

ယပ်တောင်ကို ဘေးချထားလိုက်သည်။

"ဘာဂိမ်းတုန်းကွ"

ရုတ်တရက်ကြီး ဝင်မေးလိုက်သောကြောင့် နောက်က နှစ်ယောက်မှာ လန့်သွားလေသည်။

"လန့်လိုက်တာ မင်းချမ်းငြိမ်ရယ်"

"အေးပါ၊ ဆောရီး. . . ဆောရီး. . . မင်းတို့ခုနကပြောနေတာ ဘာဂိမ်း"

"ရည်းစားထားတဲ့ဂိမ်း၊ ရည်းစားထားတဲ့ဂိမ်း"

"အေး ငါလည်း ခုနကပဲ အဲ့ဒီဂိမ်းနာမည် စကြားဖူးတာ၊ အဲ့ဒါက ဘာကြီးတုံး"

"အခုတလော ငါတို့ကျောင်းမှာ တိုးတိုးတိတ်တိတ် ပြန့်နေတဲ့ ကိစ္စတစ်ခုပဲ"

"ငါလည်း မသိပါလား"

"မင်းက စာအုပ်လိုက်ရောင်းနေလို့ မသိတာဖြစ်မှာပေါ့"

"အေး ထားပါတော့၊ အဲ့ဒီအကြောင်း ငါ့ ရှင်းပြပါဦး"

"သေချာတော့မသိဘူး၊ ငါတို့ရဲ့တက္ကသိုလ်မဂ္ဂဇင်းထဲမှာပါတဲ့ ကဗျာလေးက စပြီး ပြန့်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်ကို ခန္ဓာကိုယ်တစ်ခုလုံး လှည့်လိုက်သည်။

ကဗျာကို စိတ်မဝင်စားသော်လည်း ဂိမ်းကို စိတ်ဝင်စားသောကြောင့်-

"မင်းတို့မှာ အဲ့ဒီကဗျာရှိလား"

"အလွတ်တောင်ရနေပြီ"

"အေး. . . ဘာတွေရေးထားတာလဲ"

ဆိုသွားလိုက်တာ မြန်လွန်းအားကြီး၍ မနည်း လိုက်နားထောင်ရသည်။

<u>ရည်စားထားတဲ့ဂိမ်း</u>

လွမ်းရင်လာတွေ့ပေါ့
ငါရှိတဲ့နေရာ
အေဒီ ၂၀၀၊ ၃၀၀ ကြား
တကယ်ကောင်းတဲ့နေရာ
မွန်းတည့်ချိန်ကွက်တိနဲ့
ကိုးရက်အကြာမှာ
ကိုယ်တိုင်လာခဲ့ပါ
တွေ့လိမ့်မယ်
လူတစ်ယောက်သာ. . .။
မေးကြည့်ပေါ့
'ဟေ့လူကြီး. . .
ဘာကစားရမှာ'
ဖြေလိမ့်မယ် သူက
တို့ကစားရမှာ
ရည်းစားထားတဲ့ဂိမ်း
တစ်ခုသာ

www.burmeseclassic.com

www.burmeseclassic.com



"ကဗျာကြီးက ဘယ်လိုကြီးလဲ"

မင်းချမ်းငြိမ်က မျက်မှောက်ကြုတ်ပြီး ဝေဖန်သည်။

"အဲ့ဒီကဗျာက ငါတို့အခုနှစ်ထုတ်တဲ့ ကျောင်းမဂ္ဂဇင်းထဲမှာ ထပ်ပါတာ"

"အံမယ်. . . လေသံက မနှစ်ကမဂ္ဂဇင်းထဲမှာလည်း အဲ့ဒီလို မျိုး ကဗျာပါတယ်လို့ ဆိုလိုတာလား"

"အေး. . . ဟုတ်တယ်"

"ဟာ. . . ဟုတ်လို့လား"

သူက မယုံကြည်ဘဲ ပြန်မေးလိုက်သည်။

သို့သော် စိတ်တော့ စိတ်ဝင်စားနေ၏။

"ကဗျာကတော့ မတူဘူးပေါ့ကွာ. . .၊ ဒါပေမယ့် ကဗျာ ခေါင်းစဉ်ကတော့ အတူတူပဲ. . .၊ 'ရည်းစားထားတဲ့ဂိမ်း'တဲ့. . .။ ရေးထားတဲ့ပုံစံက အခုလိုမျိုး တဘောင်လိုလို၊ လမ်းညွှန်လိုလိုပဲတဲ့"

"မင်းမှာ အဲ့ဒီ မနှစ်ကကဗျာတွေ ရှိလား"

"အဲ့ဒါတော့ မရှိဘူး"

"ဒါဆို အဲ့ဒီကဗျာနဲ့ပတ်သက်ပြီးထွက်တဲ့ ကောလာဟလက ဘာလဲ"

လိုရင်းကို ဖြတ်မေးလိုက်သည်။

"ကဗျာက. . . အဲ့ဒီဂိမ်းကစားလို့ရတဲ့ ကျောင်းထဲက နေရာတစ်နေရာ၊ အချိန်၊ နေ့ရက်အတိအကျကို ညွှန်းထားတာ၊

www.burmeseclassic.com



စိတ်ဝင်စားတဲ့လူတွေက ကဗျာရဲ့အဓိပ္ပာယ်ကိုဖော်ပြီး အဲဒီနေရာမှာ သွားကစားရမှာ"

ပေါလိုက်တာ. . .။ ထို့ပြင် အခြေအမြစ်မရှိသည့် သတင်းလည်း ဖြစ်သည်။ ဘယ်သူက ဘယ်လို ပါးစပ်ဆော့လိုက်မှန်း မသိ။ ဒါနဲ့ ရှေ့ပြန်လှည့်လိုက်သည်။

ဆရာလည်း လာခါနီးနေပြီဖြစ်သည်။ ထိုအချိန်တွင် မင်းချမ်းငြိမ်က တစ်စုံတစ်ခုကို သတိရသွားပြီး-

"ငါတစ်ခုမေးရဦးမယ်"

"အေး. . . ဘာလဲ"

"အဲ့ဒီ 'ရည်စားထားတဲ့ဂိမ်း'နာမည်နဲ့ကဗျာက ကျောင်းမဂ္ဂဇင်းထဲမှာ နှစ်တိုင်းပါတာလား"

"အေး ဟုတ်တယ်၊ (၃)နှစ်ရှိပြီ"

အာ. . . ဒါတော့ နည်းနည်းစဉ်းစားစရာ ရှိသည်။

သို့သော် အရင်တုန်းက ဒီသတင်းမထွက်ဘဲ. . .။ အခုမှ ထွက်တယ်ဆိုတော့ မဖြစ်နိုင်ဖို့ များနေသည်။

ထို့ကြောင့် ချထားသောယပ်တောင်ကို ပြန်ကိုင်ကာ လေအကြီးကြီးတွေကို တအားခပ်နေလိုက်သည်။

❑

(၇)

အတန်းချိန်ပြီးတဲ့အထိ ဖိုးထောင်နဲ့ ဝင်းမြင့်ဆွေဦးက ရောက်မလာခဲ့ပါဘူး။ ဒါနဲ့ မင်းချမ်းငြိမ်က ကင်တင်းကပဲ စောင့်တော့မယ်ဆိုပြီး ကင်တင်းကို ထွက်လာခဲ့သည်။

ကင်တင်းက ထိုင်နေကျ ကင်တင်းဖြစ်သည့် တင်မောင်ဝင်းကင်တင်းဖြစ်သည်။ ဆိုင်နာမည်အရင်းကတော့ 'တင်မောင်ဝင်း' ကင်တင်းရယ်လို့တော့ မဟုတ်ပါဘူး။

လင်မယားနှစ်ယောက်ဖွင့်ထားတဲ့ ကင်တင်းဖြစ်သည်။ သူတို့နှစ်ယောက်မှာ အသက်ကြီးနေပြီဖြစ်သော်လည်း လူရှေ့ သူရှေ့ ရောက်လျှင် ယောကျ်ားက သူ့မိန်းမကို 'တင်'ဟု အဖျားစွတ် ခေါ်တတ်သည်။

မိန်းမကလည်း သူ့ယောကျ်ားကို 'မောင်'ဟု ညတုတုပြန်ခေါ်တတ်၏။ ဒါနဲ့ အမြင်ကတတ်တဲ့ကျောင်းသားတစ်စုက ယောကျ်ားက

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တဲ့လေသံ 'တင်'နှင့် မိန်းမကခေါ်တဲ့အသံ 'မောင်'ကို ဆိုင်နာမည် 'ဝင်း'နဲ့ပေါင်းစပ်ပြီး 'တင်မောင်ဝင်း'လို့ ခေါ်ရာကနေ 'တင်မောင်ဝင်း'ကင်တင်းဆိုပြီး နာမည်တွင်သွားခြင်း ဖြစ်သည်။ အားလုံးကတော့ ဆိုင်ရှင်ဦးလေးကြီးကို 'ကိုကိုတင်'ဟု ခေါ်ကြသည်။

သဘောကောင်းတဲ့ လင်မယားဖြစ်သောကြောင့် ဆိုင်ကတော့ အမြဲတမ်း လူစည်နေတတ်သည်။

"အံ့မယ် မင်းချမ်းငြိမ် မင်း အခုတလော စာအုပ်တွေ လိုက်ရောင်းနေတယ်ဆို"

ဝင်ဝင်ချင်းပင် ဆိုင်ရှင် 'ကိုကိုတင်'က နှုတ်ဆက်သည်။

"ဟဲ ဟဲ ပိုက်ဆံလိုနေလို့ပါဗျာ"

ထုံးစံအတိုင်းမှာရင်း ဖိုးထောင်နှင့် ဝင်းမြင့်ဆွေဦးအကြောင်းကို မေးရသေးသည်။

"ဟိုနှစ်ယောက်လာသေးလား"

"မလာဘူး၊ ဘာဖြစ်လို့လဲ"

"အတန်းထဲလည်း မလာလို့"

ထိုသို့ ဘာဘာညာညာပြောပြီး ခုံတစ်ခုံတွင် ဝင်ထိုင်ကာ စာကြည့်တိုက်က ငှားလာတဲ့စာအုပ်ကို ထုတ်လိုက်သည်။

ဒီတစ်ခါ ငှားလာသည့်စာအုပ်က လူတွေ အထင်ကြီးစေမည့် 'စိတ်ပညာဆိုင်ရာ ကုထုံးကျမ်း'ဖြစ်သည်။

သူလည်း ခပ်တည်တည်နှင့် ထိုင်ဖတ်နေလိုက်သည်။



ခဏနေတော့ ကင်တင်းထဲသို့ လှမ်းဝင်လာသော ဖိုးထောင်နှင့် ဝင်းမြင့်ဆွေဦးကို လှမ်းမြင်လိုက်ရသည်။

သူတို့နှင့်အတူ 'ရန်လင်းနောင်'ဆိုသည့် ကျောင်းသားတစ်ယောက်လည်း ပါလာ၏။

"မင်းတို့က ဘယ်သွားနေတာတုံး"

"ဟာ. . . ဒီကောင် 'ရန်လင်းနောင်' ဒုက္ခပေးတာလေ"

ဖိုးထောင်က ရန်လင်းနောင်ကို လက်ညှိုးထိုးပြီးပြောသည်။ ရန်လင်းနောင်၏မျက်နှာမှာ ဇီးရွက်ပမာသာ ရှိတော့သည်။

"ဟုတ်တယ်၊ ဒီကောင့်ကြောင့်"

ဝင်းမြင့်ဆွေဦးကလည်း ထောက်ခံပြန်၏။

"ရန်လင်းနောင်က မင်းတို့ကို ဘာတွေ ဒုက္ခပေးနေလို့လဲ"

"ငါတို့နှစ်ယောက် ကျောင်းကားပေါ်ကဆင်းဆင်းချင်း ဒီကောင်နဲ့ တွေ့တယ်ကွာ"

"အင်း"

"သူ့မျက်နှာက ငိုမဲ့ငိုမဲ့နဲ့ကွ"

"အာ. . . ဟုတ်လား"

သေချာကြည့်တော့ ဟုတ်သလိုလိုဖြစ်နေသည်။

ဒါနဲ့ ဖိုးထောင်စကားကို ဆက်နားထောင်လိုက်ရသည်။

"ဖြစ်ပုံက ဒီလိုကွ၊ သူကြိုက်နေတဲ့ကောင်မလေး သိတယ် မှတ်လား၊ ပိုးအိအိသိန်းဝေလေ"

www.burmeseclassic.com

www.burmeseclassic.com



"အေး သိတယ်"

"သူ့ကို အဖြေပေးလိုက်လို့တဲ့"

"ဟာ. . . အဖြေပေးတာပဲ ပျော်ရမှာပေါ့"

"မဟုတ်ဘူး. . . မင်းသိတဲ့အတိုင်း ကောင်းမလေးက ကြောင်တောင်တောင်ဆိုတော့ကွာ အတတ်ဆန်းထွင်တာပေါ့"

"ဘယ်လိုများတုံး၊ စိတ်တောင်ဝင်စားလာပြီ"

မင်းချမ်းငြိမ် စိတ်ဝင်စားလေ ရန်ကင်းနောင်က စိတ်ညစ်လေ ဖြစ်နေသည်။

"ဒီကျောင်းရဲ့တစ်နေရာမှာ သူက ရန်လင်းနောင်အတွက် ရေးထားတဲ့ စာတစ်စောင်ကို ဝှက်ထားတယ်တဲ့"

"ဘာ. . ."

"အဲ့ဒီစာကို သုံးရက်အတွင်း ရှာမှရမယ်တဲ့. . . ရှာလို့ မတွေ့ရင် အဲ့ဒီစာထဲမှာ အဖြေက ဘာပဲဖြစ်ဖြစ် မတွေ့ရတော့ဘူးတဲ့"

"ဝုဋ္ဌေါ"

"အဲဒါနဲ့ ငါတို့နှစ်ယောက်ကို ဒင်းက လမ်းမှာတွေ့တာနဲ့ ချောဆွဲသွားတာပဲ၊ ဟူး. . . တစ်ကျောင်းလုံးကို ပတ်ပြီး လိုက်ရှာနေရတာ အမောဆို့နေပြီ"

"တွေ့လား"

"တွေ့ဖို့နေနေသာသာ စက္ကူစုတ်တွေတောင် မတွေ့ဘူး"

သူတို့အဖြစ်ကိုကြည့်ပြီး ရယ်နေမိသည်။



ရန်လင်းနောင်သာ ဟိုလူကြည့်လိုက် ဒီလူကြည့်လိုက်နဲ့ အူကြောင်ကြောင်ဖြစ်နေသည်။

"အဲ့ဒီစာထဲမှာ ဘာရေးထားမယ်ထင်လဲ. . . ဟင်"

ရန်လင်းနောင်က မင်းချမ်းငြိမ်ကိုကြည့်ပြီး မေးသည်။

"ဟာ. . . ငါလည်း ဘယ်သိမလဲ"

"မင်းက ခန့်မှန်းတာတော်တယ်လေ. . . အဲ့ဒါ မေးကြည့်တာပါကွာ"

စိတ်မကောင်းတော့ဖြစ်မိသည်။ ကောင်မလေးကို တော်တော်ချစ်ပုံရ၏။ ကောင်မလေးကလည်း မချစ်ဘဲနဲ့တော့ ဒီလိုစိတ်ရှုပ်ခံပြီး လုပ်မှာမဟုတ်. . .။ ဒါပေမယ့် ပြောလို့ကလည်း မရပြန်ဘူး။

"မင်းချမ်းငြိမ်"

"ဟေ"

"ငါဘယ်လိုလုပ်ရမလဲ"

"မင်းကို သူက သဲလွန်စလေးတွေ ဘာတွေ မပေးဘူးလား"

"မပေးဘူး"

သိပ်ရက်စက်တဲ့ကောင်မလေးပဲ. . .။

စဉ်းစားကြည့်ပြန်တော့လည်း စိတ်ညစ်ဖို့ကောင်းသည်။ တစ်ကျောင်းလုံးမှာ စာလေးတစ်စောင်ရှာဖို့ဆိုတာက လွယ်ကူသည့်ကိစ္စမဟုတ်. . .။

သူလည်း အကြံအိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးထောင်နှင့် ဝင်းမြင့်ဆွေဦးကတော့ စိတ်ထဲရှိရာ လျှောက်ပြောနေကြသည်။

"ကူညီပါဦးကွာ. . . မင်းကူညီရင်လေ ငါ အဲဒီနေ့ ရှယ်ပြုစုမယ်ကွာ"

စိတ်ဝင်စားဖို့တော့ ကောင်းသွားသည်။

ဒါပေမယ့် သူကလည်း ဘယ်ကစလို့ စရမှန်းမသိ ဖြစ်နေသည်။

ဆိုင်ရှင်ကိုကိုတင်ကလည်း နားစွန်နားဖျားကြားပြီး သူတို့ဝိုင်းမှာ လာဝင်ထိုင်သည်။

"ဘာတွေဖြစ်နေတာလဲ"

သူ့ကို ဖိုးထောင်က နောက်တစ်ခေါက် ထပ်ရှင်းပြရသည်။

"ဟူး. . . မင်းတို့လူငယ်တွေ အလုပ်ကိုရှုပ်တယ်"

ဟု ဝေဖန်ပြီး-

"အဲဒီတော့ ဘာဆက်လုပ်ကြမလဲ"

ဆိုကာ စိတ်လည်း ဝင်စားနေသေး၏။ သူလည်း စဉ်းစားရသည်။

တစ်ရက်လုံး ရှယ်ပြုစုမည်ဆိုတော့ စဉ်းစားရပေမည်။ ဤတွင် မင်းချမ်းငြိမ်၏ မျက်လုံးများသည် သူ့ရှေ့ရှိ စာအုပ်ပေါ်သို့ ရောက်သွားလေ၏။

❑

(၈)

"မင်းက ကောင်မလေးဆီ ပြန်သွားကွာ"

"အင်း"

"ငါရအောင်ရှာပေးမယ်၊ ဒါပေမယ့် နင်က ငါ့လက်ကိုကိုင်ပြီး တစ်ကျောင်းလုံး အတူတူလျှောက်ရှာမှသာ စာကိုတွေ့လိမ့်မယ် ဆိုပြီး ခွင့်တောင်းရမယ်"

"ဟာ. . . ရ. . . ရပါ့မလား"

"ဒီလိုတော့ ပြောရမှာပေါ့"

"အေး ဘယ်လိုပြောရမလဲ"

"ရိုးရိုးပြောမယ်ဆိုရင် တစ်ကျောင်းလုံးမှာ စာလိုက်ရှာတယ်ဆိုတာ ကောက်ရိုးပုံထဲ အပ်ရှာသလို ခက်ခဲပါတယ်ပေါ့ကွာ. . . အဲ. . . မော်ဒန်ဆန်ဆန်ပြောမယ်ဆိုရင်. . ."

"ရပါပြီကွာ၊ ငါရိုးရိုးပဲပြောပါမယ်၊ ဆက်. . . ဆက်ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ငါ့မော်ဒန်စာသားလေးတောင် နားမထောင် တော့ဘူးလား၊ ထားပါတော့ မင်းက သူ့ကို နင့်စိတ်နဲ့ငါက ခုတ်တူ ပေါင်းပြီး နင်ထားတဲ့နေရာကို ရှာမှရမယ်လို့ ပြောရမယ်"

"သူက ယုံမှာမဟုတ်ဘူးကွ"

"မယုံရင် စမ်းကြည့်လို့ပြောပေါ့"

"ကဲ. . . ကဲ၊ သူလက်ခံတယ်ပဲ ထားပါတော့ကွာ၊ စာကို ဘယ်လိုရှာမလဲ"

ဖိုးထောင်က ကြားဝင်ပြီး ဖြတ်ပြောသည်။

"ကောင်မလေးက မင်းလက်ကိုကိုင်ပြီးတဲ့အချိန်မှာ မင်းက သူဖွက်ထားတယ်လို့ထင်တဲ့အဆောင်မှာ အရင်လမ်းလျှောက်ရမယ်၊ မင်းလက်ကိုတော့ သူက ဖျော့ဖျော့လေးကိုင်ထားပစေ၊ အဲ့ဒီလို လျှောက်ရင်း လျှောက်ရင်းနဲ့ သူဖွက်ထားတဲ့ စာနေရာနဲ့ နီးလာရင် သူက နည်းနည်းဆုတ်ကန်ကန် ဖြစ်လာလိမ့်မယ်။ သူ့ရဲ့ မသိစိတ်က မသွားနဲ့ဆိုပြီး တားတဲ့သဘောပေါ့ကွာ၊ ဥပမာ- လှေကားနားကို ချဉ်းကပ်လိုက်တဲ့အခါမှာ ကောင်မလေးက မဆိုစလောက်ကလေး ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားတာ တွေ့ရမယ်ဆိုရင် အပေါ်ထပ်ကို တက်ရမယ်။ အဲ လှေကားထိပ်ရောက်တဲ့အခါမှာ နောက်တစ်ခါ သူ့လက်တွေ တင်းသွားတာတွေ့ရပြန်ရောကွာ အဲ့ဒီအခါ သူဖွက်ထားတဲ့စာနဲ့နီးလာပြီလို့ ယူဆရမယ်။ အဲဒီလှေကားထိပ်ရောက်ရင် ဘယ်ကို သွားရမလဲဆိုတာကို မင်းစဉ်းစားရတော့မယ်"



"အေး ဟုတ်တယ်"

အားလုံးစိတ်ဝင်တစား နားထောင်နေတာကို တွေ့ရသည်။

"အဲဒီတော့ မင်းက လမ်းတစ်လမ်းကို ရွေးလိုက်မယ်ဆိုပါစို့"

"အင်း"

"အဲ့ဒီအခါမှာ ကောင်မလေးလက်တွေက ပြေလျော့လျော့ ဖြစ်သွားလိမ့်မယ်"

"ဟုတ်ပြီ"

"ဒါဆို မင်းရွေးချယ်ထားတဲ့လမ်းက မှားသွားပြီလို့ ယူဆရမယ်။ ဆန့်ကျင်ဘက်လမ်းကို ပြန်ရွေးမယ်ဆိုရင် သူ့လက်တွေ ပြန်တင်းကျပ်လာတာကို တွေ့ရလိမ့်မယ်၊ ဒါဆို မင်းက အဲ့ဒီနေရာကို ဗဟိုပြုပြီး စက်ဝိုင်းတစ်ခုသဖွယ် သတ်မှတ်ပြီး အဲဒီပတ်ဝန်းကျင်မှာ အသေးစိတ်ရှာပေတော့"

"အေး. . . မင်းပြောတော့လည်း ဟုတ်သလိုလိုပဲကွ"

ရန်လင်းနောင်က သဘောအကျကြီး ကျနေလေသည်။

မင်းချမ်းငြိမ်ကတော့ 'တဟဲ ဟဲ'နှင့် ဖြစ်နေလေသည်။

အဲဒီလိုနဲ့ 'ရန်လင်းနောင်'ရဲ့ 'ချစ်ချစ်စာရှာဖွေရေး'ဆိုတဲ့ကိစ္စ က တော်တော်လေး အဆင်ပြေသွားခဲ့လေသည်။

ထို့ကြောင့် နောက်တစ်နေ့တွင် မင်းချမ်းငြိမ်တို့ကို အကောင်းဆုံး ကင်တင်းတစ်ခုတွင် အဝအပြဲကျွေးလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ရန်လင်းနောင်ဆီက အဝအပြဲစားပြီး မင်းချမ်းငြိမ်တို့ သုံးယောက်သား ချောင်ကြိုချောင်ကြား ကျောင်းအဆောင်များမှ ပြန်လာခဲ့ကြသည်။

ကင်တင်းသည် သူတို့အခန်းနှင့် အတော်လေးဝေးသောကြောင့် ဖြတ်လမ်းဖြစ်သည့် လူမရှိသော အဆောင်များကြားမှ ဖြတ်ပြန်ရလေသည်။

ရန်လင်းနောင်ကတော့ သူ့ကောင်မလေးနဲ့ ချိန်ထားတာရှိသည်ဆိုပြီး ဒုန်းစိုင်း ပြန်သွားသည်။

ဖိုးထောင်နှင့် ဝင်းမြင့်ဆွေဦးကတော့ အရှေ့ကသွားနေရင်း တော်ကီပစ်နေကြသည်။ အခုတလော ကျောင်းမှာ နာမည်ကြီးနေသည့် 'ရည်းစားထားတဲ့ဂိမ်း'အကြောင်းကို ပြောနေကြခြင်း ဖြစ်သည်။



မင်းချမ်းငြိမ်ကတော့ ဟိုကြည့်ဒီကြည့်ကြည့်ရင်း အနောက်ကနေ ပါလာခဲ့သည်။ ဒီအဆောင်တွေက သူရောက်လေ့ရောက်ထမရှိသည့် လူရှင်းသောအဆောင်များဖြစ်သည်။ အတွဲအချို့ကိုတော့ ဖက်လှဲတကင်းတွေ့ရသည်။

ထိုအခါမျိုးကျတော့ ဖိုးထောင်က လှမ်းလှမ်းအော်တတ်သည်။

"ဝင်္ဂလည်နေပါဦးမယ်ကွ"

ဝင်းမြင့်ဆွေဦးပြောမှသာ ငြိမ်သွားသည်။

တကယ်တော့ သူတို့သုံးယောက်စလုံးမှာ ရည်းစားမရှိသောသူများ ဖြစ်သည်။

ဖိုးထောင်နှင့် ဝင်းမြင့်ဆွေဦးကတော့ 'ဂေါ်'လွန်း၍ 'ဆော်'များက 'ခေါ်ပြောချင်စိတ်ပင်'မလုပ်ချင်သော သူများ ဖြစ်နေကြခြင်း ဖြစ်သည်။

နောက်အခန်းလွတ်ထဲတွင် အတွဲတစ်တွဲကို တွေ့ရပြန်သည်။ ဒီတစ်ခါတော့ ဖိုးထောင်က လှမ်းမအော်ပါ။ အားကျသလိုလိုသာ ကြည့်နေသည်။

"ဒီအဆောင်က ဘာအဆောင်လဲကွ"

"အသုံးမပြုတဲ့ သမိုင်းအဆောင်က အခန်းတွေလေ"

ဝင်းမြင့်ဆွေဦးအမေးကို ဖိုးထောင်က ဖြေနေခြင်းဖြစ်သည်။

သမိုင်းအဆောင်မှာ သမိုင်းကြောင်းရေးနေကြသည့် အတွဲများ ဖြစ်သည်။ မင်းချမ်းငြိမ်လည်း 'အတွဲများ ရှိတတ်သည့်နေရာ'

www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ထဲမှတ်လိုက်ပြီး အခန်းနံပါတ်ကိုလည်း ဘာရယ်မဟုတ် မော့ကြည့်မိသည်။

**AD - 200**

"ဟင်. . . အခန်းနံပါတ်ကြီးက ဘယ်လိုကြီးတုံး"

အခန်းနံပါတ်သည် အသစ်ရေးထားသည့်ပုံလို သစ်လွင်လွန်း လှသည်။ ဒီလိုနဲ့ ရှေ့လျှောက်လာခဲ့ရာ ခုနကလိုပဲ အခန်းအလွတ် တစ်ခု တွေ့ရသည်။ ဒီအခန်းထဲမှာတော့ အတွဲတွေ မရှိပါဘူး. . .။ ပြတင်းပေါက်တံခါးအားလုံး ပိတ်ထားပြီး အခန်းတံခါးကတော့ ဖွင့် ထားလေသည်။ အခန်းနံပါတ်ကို မော့ကြည့်မိပြန်သည်။

**103**

ဒီအခန်းနံပါတ်ကတော့ ဟောင်းနေသည့်ပုံစံ ဖြစ်သည်။ ဖုန် များပင် တက်နေ၏။

မင်းချမ်းငြိမ်လည်း စိတ်ဝင်စားလာပြီး ရှေ့ကနှစ်ယောက်ကို ကျော်တက်ကာ နောက်တစ်ခန်းရဲ့နံပါတ်ကို လှမ်းဖတ်လိုက်လေ သည်။



**AD - 300**

"ဟင်. . . ဒီနံပါတ်ကလည်း အသစ်ကြီးပဲ"

အနောက်ကနှစ်ယောက်ကို လှမ်းကြည့်တော့ သူတို့စကားနဲ့ သူတို့ပင် လိမ်ပတ်မလည် ဖြစ်နေသည်။

ခေါင်းထဲတွင် 'ရည်းစားထားတဲ့ဂိမ်း'ကဗျာထဲက အပိုဒ်တစ်ပိုဒ် ကို သတိရမိလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

လွမ်းရင်လာတွေ့ပေါ့

ငါရှိတဲ့နေရာ

အောဒီ ၂၀၀၊ ၃၀၀ ကြား

တကယ်ကောင်းတဲ့နေရာ

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ကျောင်းသားရေးရာထဲသို့ မင်းချမ်းငြိမ် လှမ်းဝင်လိုက်သည်။ ထိုနေရာကနေ အခန်းတစ်ခန်းကို ထပ်ဝင်ရပြန်သည်။ ကျောင်းမဂ္ဂဇင်းရေးရာကော်မတီရုံးခန်းဖြစ်သည်။ အခန်းဝတွင် အစ်ကိုကြီးတစ်ယောက်ကို တွေ့သောကြောင့်-

"အစ်ကိုကြီး"

"ဟော"

သူ့ကိုမော့မကြည့်ဘဲ စာရေးနေရင်းမှ လှမ်းထူးသည်။

"ဟို ရည်းစားထားတဲ့ဂိမ်းကဗျာအကြောင်းလေး. . . "

"တော်"

လက်ကာပြသည်။

ထို့နောက် Whiteboard ကို လက်ညှိုးထိုးပြသည်။ မင်းချမ်းငြိမ်လည်း အူကြောင်ကြောင်နဲ့ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဗျာအကြောင်းကို လာမေးလွန်းအားကြီး၍ အဖြေများကို Whiteboard ပေါ်တွင် ရေးထားခြင်းဖြစ်သည်။

လာမေးသမျှလူများကို Whiteboard ပေါ်သို့ လက်ညှိုးထိုးပြနေခြင်းဖြစ်ပုံရသည်။

သူလည်း ပြုံးတုံးပြတဲ ဖတ်ကြည့်လိုက်သည်။

'ရည်းစားထားတဲ့ဂိမ်းကဗျာ'ကို အပြင်က ဝါသနာရှင်က ကျောင်းမဂ္ဂဇင်းထဲတွင် လာထည့်ခြင်းဖြစ်သည်။ ကျောင်းမဂ္ဂဇင်းကော်မတီက ကြိုက်၍ ထည့်ခြင်းဖြစ်သည်။ နှစ်စဉ်ရွေးမိသည်ကလည်း ကော်မတီက ကြိုက်သောကြောင့် ဖြစ်သည်။ ကဗျာဆရာမှာ 'အမည်မသိ' ဟုပဲ သုံးသည်။

အခြားအချက်အလက် ဘာမှမသိ။

မဂ္ဂဇင်းရေးရာကော်မတီ

ပြတ်ကရော. . .။ ထိုသို့ ဖတ်ပြီးပြီးချင်း ကျောင်းသားရေးထဲမှ ပြန်ထွက်လာခဲ့သည်။

❑

(၁၁)

တစ်နေ့က အတန်းနောက်ခုံတွင် ထိုင်သော ကျောင်းသားနှစ်ယောက်ကို လိုက်ရှာရပြန်သည်။

တွေ့မယ့်တွေ့တော့လည်း ကင်တင်းတစ်ခုမှာ သွားတွေ့သည်။

"ဟာ. . . မင်းတို့ကွာ ရှာလိုက်ရတာ"

"ဘာလုပ်မလို့လဲ"

"ဟိုကွာ. . . ရည်စားထားတဲ့ဂိမ်း ကဗျာအကြောင်း နည်းနည်း မေးချင်လို့"

အဲ့ဒါကိုတော့ သကောင့်သားနှစ်ယောက်က စိတ်ဝင်စားသည်။ ဖြေဖို့ပြင်ကြတာများ သွားတွေဖြီးလို့. . .။

"မဂ္ဂဇင်းထွက်တာ ဘယ်နှေ့ကလဲကွ"

"ပြီးခဲ့တဲ့တစ်ပတ်ကလေ"

မင်းချမ်းငြိမ်က စာအုပ်တစ်အုပ်ထဲလိုက်မှတ်တော့ သူတို့လည်း

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကို ကြောင်တောင်တောင်နဲ့ ဝိုင်းကြည့်ကြသည်။

"အဲ့ဒီဂိမ်းက ဒီကျောင်းထဲမှာရှိတဲ့ တစ်နေရာရာမှာ လုပ်မယ့် ဂိမ်းဆိုတာ သေချာလား"

"ဒီလိုပဲ ပြောကြတာပဲ"

"ဟို. . . ပြီးတော့. . . ပိုက်ဆံ. . . ပိုက်ဆံရမယ်ဆိုတာရော"

"ဟာ. . . အဲ့ဒါလည်း ဒီလိုပဲ. . . ပြောနေတာ"

ဘာမှရေရေရာရာ သိပ်မသိရ. . .။

နောက်ဆုံးတွင် သူတို့နှစ်ယောက်ဆီက ကဗျာမိတ္တူကို ကူးယူခဲ့ လိုက်သည်။

ကင်တင်းထဲကထွက်ခါနီး သူတို့နှစ်ယောက်က လှမ်းမေးသည်။

"မင်းက ဘာလုပ်မလို့လဲ"

"သိသေးဘူး"

❑

မွန်းတည့်ချိန် ကွက်တိနဲ့

ကိုးရက်အကြာမှာ

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

ကျောင်းမဂ္ဂဇင်းထွက်ပြီး ရှစ်ရက်မြောက်နေ့တွင် ဖြစ်သည်။

ထိုရည်းစားထားတဲ့ဂိမ်းသတင်းကလည်း ကျောင်းတွင် တော်တော်ကလေးကို ပျံ့နှံ့နေသည်။

သေချာသိလားလိုက်မေးတော့. . .။ အင်း. . . အင်း. . အဲ. . . အဲ. . . ဖြစ်နေသူသာများသည်။

မင်းချမ်းငြိမ်းကလည်း ထိုကိစ္စကို လူတော်တော်များများ လိုက်မေးကြည့်သည်။

သေသေချာချာ သိသူတစ်ယောက်မှ မရှိ။ တိုတိုစစသိသူသာများသည်။ ဒီသတင်း ဘယ်ကထွက်လာသလဲ. . .။ အဲဒါလည်း ဘယ်သူမှ မသိဘူး ဖြစ်နေသည်။

သေချာပြီး တူညီသည့်စကားများတော့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) ထိုကဗျာခေါင်းစဉ်နဲ့ ကဗျာမူကွဲများ ကျောင်းမဂ္ဂဇင်းမှာ ဆက်တိုက်ပါသည်မှာ သုံးနှစ်ရှိပြီ ဖြစ်သည်။

(၂) ထိုကဗျာနာမည်ပါခဲ့သည့် ရှေးနှစ်များကတော့ ယခုလို သတင်းမျိုး တိုးတိုးတိတ်တိတ်တော့ ထွက်ဖူးသည်။ ယခုနှစ် ကတော့ ထိုသတင်းမှာ အပျံ့နှံ့ဆုံး ဖြစ်သည်။

(၃) ကျောင်းရှိနေရာတစ်ခုတွင် ရက်အတိအကျနဲ့ အချိန်အတိအကျ တစ်ခုတွင် ထိုဂိမ်းကို ကစားမည်။

(၄) ပိုက်ဆံရနိုင်မည့်အခွင့်အရေးဖြစ်သည်။

(၅) ကောလာဟလမဟုတ်ဘဲ အတည်ဖြစ်သည့်သတင်းဟု အား လုံးက ယူဆနေကြခြင်း ဖြစ်သည်။

အထက်ပါ သူမှတ်ထားသော ့နုတ်များကို ကြည့်လိုက်ပြီး တစ်ဖန် ကဗျာကိုလည်း ဖတ်ကြည့်လိုက်သည်။

ထို့နောက် တစ်နေ့က ဖြတ်သန်းလာခဲ့သော အခန်းတစ်ခန်း ကိုလည်း မျက်လုံးထဲ ပြန်မြင်မိသည်။

သွားကြည့်က အကျိုးမယုတ်နိုင်ဟု စိတ်ထဲတွေးထားလိုက် သည်။ တစ်ယောက်ယောက်က နောက်ထားသည်ဆိုပါကလည်း ရှုးချင်ယောင်ဆောင်ပြီး ပြန်လာခဲ့ရုံသာရှိသည်။

ဟိုနှစ်ကောင်ကို မပြောတော့ဘဲ သူတစ်ယောက်တည်းသာ အရင်သွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။

မနက်ဖြန်သည် ကျောင်းမဂ္ဂဇင်းထွက်ပြီး ကိုးရက်မြောက်နေ့ ဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်လာခဲ့ပါ

တွေ့လိမ့်မယ်

လူတစ်ယောက်သာ. . .။

မေးကြည့်ပေါ့

'ဟေ့လူကြီး. . .

ဘာကစားရမှာ'

ဖြေလိမ့်မယ် သူက

တို့ကစားရမှာ

ရည်းစားထားတဲ့ဂိမ်း

တစ်ခုသာ

www.burmeseclassic.com

www.burmeseclassic.com

(၁၃)

သမိုင်းဆောင်ရှေ့ရောက်သောအခါ မွန်းတည့် ၁၂ နာရီထိုးဖို့ သုံးမိနစ်အလို ဖြစ်နေပြီဖြစ်သည်။ ဒါနဲ့ ခပ်သွက်သွက်လေး လျှောက်ရင်း ဟိုတစ်နေ့က အခန်းနားသို့ မင်းချမ်းငြိမ် ရောက်လာခဲ့သည်။

AD-300 ဟု အသစ်ချပ်ချွတ်ရေးထားသည့်အခန်းတွင် အတွဲတစ်တွဲ ရှိနေသည်။ ထို့နောက် နောက်တစ်ခန်း . . . . ။ ပြောရလျှင် AD - 200 နဲ့ 300 ကြားရှိ အခန်းဖြစ်သည်။

အခန်းနံပါတ်က 103 ဖြစ်သည်။

ထို 103 အခန်းထဲသို့ လှမ်းဝင်လိုက်၏။

"ဟင်"

လူတစ်ယောက် ထိုင်နေသည်ကို တွေ့ရလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

"ညီလေးက ဂိမ်းကစားဖို့ လာတာလား"

"ဟုတ်ပါတယ်"

နီးစပ်ရာခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

ကျောင်းခုံများဖြစ်သောကြောင့် ထိုအစ်ကိုကြီးနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

အသက်သုံးဆယ်ခန့် ရှိပေလိမ့်မည်။ သပ်ရပ်စွာ ဝတ်ထားပြီး လူကြီးလူကောင်းဟန်လည်း ဖြစ်သည်။

ထိုသို့ ထိုင်နေစဉ်မှာပဲ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပဲ အခန်းထဲသို့ ယောကျ်ားလေးနှစ်ယောက် ဝင်လာပြန်၏။

မင်းချမ်းငြိမ်နှင့် အစ်ကိုကြီးတစ်ယောက်ကို တွေ့လိုက်ရသောအခါ ခြေလှမ်းများ ရပ်တန့်သွားကြပြီး အံ့ဩတဲ့ဟန်လည်း ဖြစ်သွားကြသည်။



သူတို့နှစ်ယောက်လည်း နီးစပ်ရာခုံတွင် တစ်ယောက်တစ်နေရာစီ ဝင်ထိုင်ကြသည်။

"ဂိမ်းကစားဖို့လာတာပဲမှတ်လား"

ထိုအစ်ကိုကြီးက မေးပြန်သည်။

ထိုနှစ်ယောက်က မယုံတစ်ဝက် ယုံတစ်ဝက်ပုံစံဖြင့် ခေါင်းငြိမ့်ပြသည်။ လက်က နာရီကို ကြည့်လိုက်သည်။

ဆယ့်နှစ်နာရီတိတိဖြစ်သည်။

"နောက်ထပ် ငါးမိနစ်လောက်ထပ်စောင့်ကြည့်ဦးမယ်"

အစ်ကိုကြီးက သူ့ဘာသာသူပြောပြီး တစ်ဖက်တစ်ချက်တွင် ထိုင်နေကြသောသုံးယောက်ကို ကြည့်လိုက်ကြသည်။

ဘယ်လိုအကြောင်းအရာမှန်းမသိပေမယ့် အားလုံး တိတ်ဆိတ်နေကြပြီး လာရင်းကိစ္စကိုလည်း စ,မမေးကြပေ. . .။

တစ်ခန်းလုံး ငြိမ်သက်နေ၏။

ဆယ့်နှစ်နာရီငါးမိနစ်လောက်ရှိသောအခါ ထိုအစ်ကိုကြီးက လက်မှနာရီကို ကြည့်လိုက်ပြီး-

"ဘယ်သူမှ လာမယ် မထင်တော့ပါဘူး၊ ဒီတော့. . . ဒီဘက်က နာမည်အရင် စပြောပါဦး"

နောက်မှဝင်လာသည့်နှစ်ယောက်ထဲက တစ်ယောက်ကို မေးသည်။

"အလင်းစစ်ပိုင်၊ အင်္ဂလိပ်စာ ဒုတိယနှစ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်က-

"ကျွန်တော်က ထွန်းဝီရပါ။ ရူပဗေဒ ဒုတိယနှစ်ပါ"

ထိုနှစ်ယောက်လုံးကို သူသိသည်။ သူတို့မေဂျာများ၏ ကင်းများဖြစ်သည်။ တစ်ဦးနဲ့တစ်ဦးလည်း မတည့်ဟု သိထားသည်။ ပိုက်ဆံချမ်းသာကြသလို မာနလည်းကြီးကြသည်။ သူ့ရဲ့ ရည်းစားများအား စိစစ်သုံးသပ်ထားတဲ့စာအုပ်တွင် မာနကြီးသောကြောင့် ကောင်မလေးများက ကြိုက်ကြသော်လည်း သူတို့က ပြန်ကြိုက်ကြမည့်ပုံမပေါ်။ သူတို့စိတ်ထဲတွင် ကြိုက်သောသူ ရှိနေသော်လည်း မသေချာသောကြောင့် မရေးရဲပဲရှိခဲ့သည်။ ထိုသို့ ရေးလိုက်သည်ကို ပြန်မှတ်မိနေသည်။ ဘယ်လိုဖြစ်ပြီး နှစ်ဦးစလုံး ဒီကို ရောက်နေလဲမသိ. . .။

"ဒီက. . . နာမည်ကရော"

"မင်းချမ်းငြိမ်ပါ၊ သင်္ချာ ဒုတိယနှစ်"

အစ်ကိုကြီးက သူ့ရဲ့ Note Book ထဲမှာ လိုက်မှတ်နေတာကို တွေ့ရသည်။ အခုချိန်ထိ သူတို့သိချင်တာကို မသိရသေး။ မကြာမီ သိရလိမ့်မည်ထင်သည်။

"အစ်ကို့နာမည်က ကျော်လင်းဦးပါ၊ **International Game Developement Co.,Ltd** က ဒါရိုက်တာတစ်ယောက်ပါ"

"ဟင်"

သူတို့သုံးယောက်စလုံး တအံ့တသြရှိနေစဉ်မှာပင် ထိုအစ်ကိုကြီးက ကတ်တစ်ခုထုတ်ပေးသည်။



ကုမ္ပဏီနာမည်နဲ့ ရာထူးရေးထားသည့် လိပ်စာကတ်တစ်ခုဖြစ်သည်။ သူတို့မျှော်မှန်းထားသည်နှင့် အနည်းငယ်လွဲနေသောကြောင့် အားလုံးက တအံ့တသြဖြစ်နေကြသည်။

"ဒီကိုရောက်လာတဲ့သုံးယောက်လုံးက ဉာဏ်ရည်ဉာဏ်သွေးပိုင်းမှာတော့ ပြောစရာမလိုလောက်ဘူးလို့ ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုတို့ကုမ္ပဏီက ဒီဂိမ်းကစားဖို့အတွက် ကျောင်းမဂ္ဂဇင်းမှာ သုံးနှစ်လုံးလုံး လျှို့ဝှက်ဖော်ပြခဲ့ပေမယ့် ဘယ်သူမှ မဖော်နိုင်တဲ့အတွက် ဒီနေရာကို ဘယ်သူမှ မရောက်လာခဲ့ပါဘူး။ ဒီနှစ်ကျမှပဲ ဒီက ညီလေးတို့သုံးယောက် ရောက်လာကြတာပဲ"

"ဒါဆို ရည်းစားထားတဲ့ဂိမ်းဆိုတာကတော့ တကယ်ပေါ့ ဟုတ်လား"

"ချက်ချင်းကြီးတော့ အားလုံးယုံမှာ မဟုတ်ပါဘူး၊ ဒီကိစ္စကို ဒီကျောင်းခန်းလေးမှာ အကုန်ရှင်းပြလို့ရပေမယ့် ဒီကအားလုံးလည်း ယုံကြည်မှုရှိအောင် ဒီနိုင်ငံက အစ်ကိုတို့ရဲ့ ရုံးကို မနက်ဖြန် (1: 00)နာရီလောက်မှာ လာခဲ့လို့ရမလား၊ အဲ့ဒီကျမှ အသေးစိတ်ပြောပြတာပေါ့"

ထို့နောက် သူတို့သုံးယောက်ကို တစ်ချက်ကြည့်သည်။

အလင်းစစ်ပိုင် ခေါင်းငြိမ့်ပြလိုက်တာကို မြင်ရ၏။

ထွန်းဝီရကလည်း လက်ခံကြောင်းပြောသည်။

သူကတော့ သိလိုသည့်မေးခွန်းကို အရင်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂိမ်းကစားရင် ငွေကြေးရမယ်ဆိုတာ ဟုတ်ပါသလား"

"နိုင်ရင်ရမှာပါ"

"ဒါဆို လာခဲ့ပါမယ်"

❑

(၁၅)

ကြီးမားပြီး ခမ်းနားလှသော ရုံးထဲသို့ လှမ်းဝင်လိုက်သည်။ ရုံးအဝင်ဝတွင် အောက်ပါကုမ္ပဏီဆိုင်းဘုတ်ကြီးကို သပ်ရပ် ခန့်ညားစွာ ရေးထား၏။

**International Game Development Co.,Ltd**

စိတ်ဝင်စားဖို့ကောင်းလှသည်။

ကုမ္ပဏီကြီးတစ်ခုရယ်. . .။ လူငယ်တွေစိတ်ဝင်စားသည့် ဂိမ်းနာမည်ရယ်. . .။ တက္ကသိုလ်ကျောင်းခန်း အလွတ်တစ်ခုရယ်. . .။

အခုအချိန်ထိတော့ တစ်ခုနှင့်တစ်ခု ဆက်စပ်မှု မရှိသေးပေ။ မကြာမီအချိန်မှာ သိရလိမ့်မည်ဟု မျှော်လင့်ရသည်။

"ကိုကျော်လင်းဦးနဲ့ တွေ့ချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



Reception က အမျိုးသမီးကို ပြောလိုက်သည်။

ထိုအမျိုးသမီးက နာမည်နှင့် မှတ်ပုံတင်နံပါတ်ဖြည့်ခိုင်းပြီး ညှော်ကတ်လေးတစ်ခု ပေးသည်။

ရင်ဘတ်တွင် ချိတ်လိုက်သည်။

ထို့နောက် အခန်းတစ်ခုကိုလည်း ညွှန်ပြသည်။

ကုမ္ပဏီသည် ကြီးမားပြီး ဌာနများကလည်း များပြားလှသည်။ Game နဲ့ဆိုင်ရာ ဆော့ဝဲလ်ခန်းများကလည်း ရှုတ်ယှက်ခတ်နေလေသည်။

ဝန်ထမ်းဦးရေကလည်း တော်တော်များပုံရသည်။

အခန်းတစ်ခုရှေ့ ရောက်သောအခါ Reception က အမျိုးသမီး ညွှန်ပြသည့် အခန်းဟုတ်မဟုတ် တစ်ချက်ကြည့်ရသည်။

သေချာတော့မှ တံခါးကို ခေါက်လိုက်သည်။

"ဒေါက်. . . ဒေါက်"

"ဝင်ခဲ့ပါ"

တံခါးက အလွယ်တကူပွင့်သွားသည်။

အထဲတွင် အလင်းစစ်ပိုင်နှင့် ထွန်းဝီရတို့ ရောက်နေသည်ကို တွေ့လိုက်ရသည်။

"ထိုင်ပါဦး"

တန်ဖိုးကြီးသော ဆိုဖာခုံကြီးတစ်ခုကို ညွှန်ပြသည်။

□

(၁၆)

ကိုကျော်လင်းဦးက သူတို့သုံးယောက်ရှေ့သို့ စာရွက်စာတမ်းများကို ချပြသည်။ ကုမ္ပဏီ၏ မှတ်ပုံတင်များ၊ စာရွက်စာတမ်းများ၊ ဖွဲ့စည်းပုံများ စသည့် စာရွက်စာတမ်းများ ဖြစ်သည်။

သူတို့က လှမ်းယူကြည့်လိုက်ပြီး နောက် ကိုကျော်လင်းဦးရဲ့ စကားကို စပြီး နားထောင်လိုက်သည်။

"အစ်ကိုတို့ကုမ္ပဏီက အွန်လိုင်းနဲ့ အခြားဂိမ်းတွေရေးဆွဲတဲ့ ကုမ္ပဏီတစ်ခု ဖြစ်ပါတယ်၊ နိုင်ငံတကာမှာ နာမည်ကြီးခဲ့တဲ့ Ruby and Dragon Game၊ Fighter Game၊ Travel Game စသည်တို့အပြင် အခြားနာမည်ကြီး ဂိမ်းတွေကိုလည်း တစ်စိတ်တစ်ပိုင်း အကြံပေး ကုမ္ပဏီအဖြစ် လုပ်ကိုင်ခဲ့ပါတယ်"

"ဟုတ်ကဲ့. . ."

အအေးနှင့် မုန့်အချို့ လာချသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ အစ်ကိုတို့ကုမ္ပဏီက အင်တာနက်ပေါ်မှာ ဂိမ်းတစ်ခု ဖန်တီးပေးဖို့ အလုပ်တစ်ခုရခဲ့တယ်၊ အင်တာနက်အသုံးပြုတဲ့ အွန်လိုင်းပေါ်မှာသာ ကစားလို့ရတဲ့ လူငယ်ဂိမ်းတစ်ခုပါ။ 'ရည်းစားထားလို့ရတဲ့ဂိမ်း'လို့ပဲ ဆိုပါတော့"

စိတ်ဝင်စားဖို့တော့ ကောင်းလာသည်။

ကိုကျော်လင်းဦးကပဲ ဆက်ပြောသည်။

"အွန်လိုင်းမှာ Social Website လူမှုရေးဝက်ဆိုက်ဖြစ်တဲ့ Facebook ကို သိတယ်မှတ်လား"

"ဟုတ်ကဲ့. . . သိပါတယ်"

သုံးယောက်လုံး ခေါင်းညိမ့်ပြကြသည်။

"အဲ့ဒီ Facebook အတွက် အစ်ကိုတို့က ရေးပေးရတာပါ"

"ဟာ"

နာမည်ကြီး Social Website အတွက်ဆိုတော့ နည်းနည်းတော့ စိတ်လှုပ်ရှားသွားသည်။

"ပထမတော့ အစ်ကိုတို့က အဲ့ဒီဂိမ်းကို ဒီလိုလေး ရိုးရိုးရှင်းရှင်း ရေးပေးခဲ့တယ်"

ရှေ့သို့ စာရွက်တစ်ရွက် ထိုးပေးပြန်သည်။

ထို့ပြင် ကိုကျော်လင်းဦးက သူ၏ ကွန်ပျူတာကိုဖွင့်ပြီး ကွန်ပျူတာနှင့် ဆက်သွယ်ထားသည့် projector အားဖွင့်ကာ ဂိမ်းနှင့် ပတ်သက်တဲ့ အခြေခံများကို ပြောပြပြန်၏။



သူက ကိုကျော်လင်းဦး လှမ်းပေးသော စာရွက်ပေါ်က 'ရည်းစားထားလို့ရတဲ့ဂိမ်း'အကြောင်းကို ဖတ်ကြည့်လိုက်သည်။

သူ့လိုပဲ ထွန်းဝီရနှင့် အလင်းစစ်ပိုင်ကလည်း ဖတ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားထားတဲ့ဂိမ်း

Facebook Member များသည် ထိုဂိမ်းကို ကစားချင်ပါက How to be lover Game တွင် အဖွဲ့ဝင်ပြုလုပ်ရပါမည်။ ထိုအခါ ထိုအဖွဲ့တွင် သင်၏ဓာတ်ပုံများ၊ အတ္ထုပ္ပတ္တိ၊ အကြောင်းအရာ၊ တိုလီမိုလီစသည့် သင့်ဘဝအကြောင်းတွေကို မချွင်းမချန် ရေးသားပြီး တင်ထားရပါမည်။

ထိုအခါ Game ထဲရှိ အဖွဲ့ဝင်ကောင်မလေးတစ်ဦးကို သင်က ကြိုက်နှစ်သက်ကြောင်း (ဂိမ်းကစားချင်ကြောင်း) စာဖြင့် ပေးပို့ရပါမည်။

ထိုအခါ ကောင်မလေးက သင်၏ဓာတ်ပုံများ၊ အကြောင်းအရာများကိုကြည့်ပြီး လက်ခံကစားသင့်၊ မကစားသင့် ဆုံးဖြတ်ပါလိမ့်မည်။

လက်ခံကစားမည်ဟု ဆုံးဖြတ်ပါက သင့်ထံသို့ စာတစ်စောင်ပေးပို့ပြီး ကစားချင်ကြောင်း ပေးပို့ပါလိမ့်မည်။

ကစားနည်း

ကောင်မလေးက နေ့စဉ် သူ၏ Game စာမျက်နှာပေါ်တွင် သူ၏ နေ့စဉ်ခံစားချက်များ၊ ဖြစ်ချင်သည့်အရာများ၊ စိတ်ဆန္ဒများကို ရေးသား တင်ထားရပါသည်။

ထိုအခါ ဂိမ်းကစားသည့်ကောင်လေးက Game ရေးဆွဲသူက



ပေးထားသည့် ချစ်ခွင့်ပန်နည်းလမ်းများထဲမှ တစ်နည်းနည်းကို ဝယ်ယူသုံးစွဲရပါမည်။

ဥပမာ- ကောင်မလေးက ယနေ့ စိတ်ကြည်နူးနေကြောင်း၊ ညက ကြည့်ထားသည့်ကားက လွမ်းဖို့ကောင်းကြောင်း စသဖြင့် ရေးသားထားပါက သင်လုပ်ရမည့်အရာ တစ်ခုပဲရှိသည်။

ဂိမ်းအဖွဲ့က ပေးထားသည့် ချစ်နည်းလမ်းထဲမှ သင့်တော်ရာနည်းကို ရွေးပြီး ကောင်မလေးကို ပိုးပန်းရမည်။

ဥပမာ- ပန်းပွင့်အနီရဲရဲတစ်ခု ပို့ပေးပါဆိုတာမျိုး. . . ။

www.burmeseclassic.com

www.burmeseclassic.com



အရမ်းရိုးရှင်းသော ဂိမ်းတစ်ခု ဖြစ်သည်။

ထို့နောက် သူတို့သုံးယောက်က စာရွက်များကို ပြန်ပေးလိုက်ကြသည်။

"အခု အဲ့ဒီဂိမ်းရှိသေးလား"

သူက စပ်စုလိုက်သည်။

ကိုကျော်လင်းဦးက ခေါင်းခါပြပြီး-

"မရှိတော့ဘူး. . . ဘယ်သူမှမကြိုက်ကြတဲ့အတွက် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလလောက်မှာ အဲဒီ How to be Lover Game ကို အွန်လိုင်းကနေ ပြန်ရုတ်သိမ်းခဲ့ပါတယ်။ မအောင်မြင်ခဲ့တဲ့ ဂိမ်းတစ်ခုပေါ့"

"အဲ့ဒါနဲ့ အခု ကျွန်တော်တို့ကျောင်းက ရည်းစားထားတဲ့ဂိမ်းနဲ့ ဘယ်လိုပတ်သက်ပါသလဲ"

"ဒီလိုပါ. . . ဒီဂိမ်းကို ရုတ်သိမ်းလိုက်ပေမယ့် အဲ့ဒီဂိမ်းကို လိုအပ်ချက်တွေ ဖြည့်တင်းပြီးတော့ ဆက်လုပ်ကြဖို့ အစီအစဉ်ရှိခဲ့ပါတယ်"

"ဘယ်လိုများလဲ"

"ဒီဂိမ်းက လူငယ်တွေ အဓိကကစားမှာဆိုတော့ လူငယ်တွေရဲ့ တကယ့်စိတ်ခံစားချက်တွေ မသိဘဲနဲ့ မအောင်မြင်နိုင်ပါဘူး။ ပြီးတော့ ဂိမ်းက စိတ်လှုပ်ရှားဖို့ မကောင်းခဲ့သလို အရမ်းလည်း ရိုးရှင်းခဲ့ပါတယ်။ နောက်ပြီး ကစားတဲ့သူတွေဟာ နိုင်ငံပေါင်းစုံက



ဖြစ်တဲ့အတွက် နိုင်ငံတိုင်းရဲ့ ယဉ်းကျေးမှု မတူညီတာတွေ ရှိနေတော့ ဂိမ်းက အဆင်သင့်မဖြစ်ခဲ့ပါဘူး"

"......................"

"အဲ့ဒီမှာပဲ အစ်ကိုတို့တွေက ဆုံးဖြတ်ချက်တစ်ခု ချခဲ့ပါတယ်"

"ဘာများလဲ"

"အခုနောက်ဆုံးရေးမယ့် ဂိမ်းပုံစံကို အပြင်ကလူငယ်တွေနဲ့ အရင်ကစားကြည့်မယ်ဆိုပြီးတော့ပါ"

"ဟင်"

"ဘယ်လို"

"မဖြစ်နိုင်တာ"

သူတို့သုံးယောက်ရဲ့ ဝေဖန်သံများကြောင့် ကိုကျော်လင်းဦးက အနည်းငယ်ပြုံးလိုက်သည်။

ထို့နောက် သူ့ကွန်ပျူတာထဲရှိ ဖိုင်တစ်ခုကို ဖွင့်လိုက်သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

"အသစ်ဖန်တီးထားတဲ့ဂိမ်းကို အာရှနိုင်ငံတွေထဲက ကျောင်းတစ်ချို့မှာ ကစားခဲ့တဲ့လူတွေပါ"

ဓာတ်ပုံအချို့ကိုပြသည်။

အာရှနိုင်ငံတော်တော်များများ ပါလေသည်။

"ဒါကတော့ အနောက်နိုင်ငံက ကျောင်းတွေမှာ ကစားခဲ့တဲ့လူတွေပါ"

ပြုံးပျော်နေကြသည့်ပုံများ၊ အဖွဲ့လိုက်ရိုက်ထားသည့်ပုံများဖြစ်သည်။ သူတို့လည်း တအံ့တဩနှင့် တစ်ပုံပြီးတစ်ပုံ ကြည့်နေကြသည်။

"အဲ့ဒီနိုင်ငံတွေမှာက ပြီးခဲ့တဲ့နှစ်တွေထဲက ကစားပြီးလို့ အချက်အလက်အချို့လည်း ရထားပြီးပါပြီ. . . အစ်ကိုတို့က ဒီနိုင်ငံအပါအဝင် နိုင်ငံငါးခုအတွက် တာဝန်ယူပေးထားတာပါ"



"ဒါဆို ကျွန်တော်တို့နိုင်ငံတစ်ခုပဲ ကျန်တာပေါ့"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့ တရားဝင်ကြော်ငြာပြီး မခေါ်တာလဲ"

မေးသင့်တဲ့မေးခွန်းတစ်ခုဖြစ်သည်။

သူတို့ရဲ့ယုံကြည်မှုကို ချေဖျက်နိုင်သည့်မေးခွန်းလည်း ဖြစ်သည်။

"အသစ်ဖန်တီးထားတဲ့ ရည်းစားထားတဲ့ဂိမ်းမှာ Game ကစားချင်တဲ့လူတွေ၊ အဖွဲ့ဝင်ဖြစ်ချင်တဲ့လူတွေဟာ အလွယ်တကူ အဖွဲ့ဝင်လို့ မရတော့ပါဘူး၊ ပြီးတော့ ဂိမ်းကိုလည်း သီးသီးသန့်သန့် လုပ်ထားတဲ့အတွက် ဂိမ်းကစားချင်တဲ့သူ၊ အဖွဲ့ဝင်ချင်တဲ့သူဟာ ဂိမ်းကရေးဆွဲထားတဲ့ ဉာဏ်စမ်းများဖြေဆိုပြီး သတ်မှတ်တဲ့အမှတ်ရမှသာ အဖွဲ့ဝင်ခွင့်ရမှာပါ"

". . . . . . . . . . . . ."

"ဒီတော့ ဒီနိုင်ငံကို စဉ်းစားတဲ့အခါမှာ လူငယ်တွေ အများဆုံးရှိတဲ့ တက္ကသိုလ်ကျောင်းက ပိုပြီးအဆင်ပြေမယ်၊ ဒါပေမယ့် အလွယ်တကူခေါ်ရင် လူပေါင်းစုံ ရောက်လာပြီး အစ်ကိုတို့ လိုချင်တဲ့လေ့လာမှုတွေ မရနိုင်ပါဘူး၊ ဒါကြောင့် ကျောင်းမဂ္ဂဇင်းကနေ တဆင့် လျှို့ဝှက်ချက် သုံးပြီးခေါ်တာ အသင့်တော်ဆုံးဆိုပြီး စဉ်းစားခဲ့ကြတာပါ၊ ဒီဂိမ်းအကြောင်း သတင်းကိုတော့ ဖြန့်ရတာပေါ့"

"အဲ့ဒီလိုလုပ်ပေမယ့် တစ်နှစ်မှ လူမရောက်လာခဲ့ရင်ရော"

www.burmeseclassic.com



"ဒီနှစ်မှမလာခဲ့ရင် ဒီဂိမ်းကစားတာကို ဒီနိုင်ငံမှာ မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားကြပါတယ်"

"ဪ"

သူက သိချင်ရာ ဝင်မေးရပြန်သည်။

"ဂိမ်းကစားရမှာ ယောက်ျားလေးနဲ့ မိန်းကလေးမှတ်လား။ အခု ယောက်ျားတွေကြီးပဲ. . . ဘယ်လိုလုပ်မလဲ"

"ဒီနိုင်ငံရဲ့ယဉ်ကျေးမှုအရ မိန်းကလေးတွေဟာ အဲဒီလို ရည်းစားထားတာတို့ ဘာတို့ကို သူတို့က အရင်စမလုပ်တတ်ဘူး ဆိုတာ သိပါတယ်။ ဒါကြောင့် တစ်ခုစီစဉ်ထားပါတယ်"

အားလုံး တိတ်ဆိတ်သွားသည်။

ကိုကျော်လင်းဦးက အားလုံးကို တစ်ချက်ကြည့်ပြီး-

"ဘယ်လိုလဲ ဒီရည်းစားထားတဲ့ဂိမ်းကို စိတ်ဝင်စားပြီး ကစားဖို့ သဘောတူလား"

"ကျွန်တော်တို့က ဘယ်လိုကစားပြီး ဘယ်လိုပါဝင်ရမှာလဲ"

ထွန်းဝိရက မေးလိုက်သည်။

သူတို့ကလည်း ဒါကိုပဲ သိချင်ကြသည်။

ကိုကျော်လင်းဦးက စာရွက်တစ်ရွက်ထုတ်လိုက်ပြီး-

"ဒီလိုပါ"



## ရည်းစားထားတဲ့ဂိမ်း ကစားရမည့်ပုံစံ

### ရည်ရွယ်ချက်

ရည်းစားထားတဲ့ဂိမ်းအား လူငယ်များကစားသည့်အခါ အခက်အခဲများ၊ စိတ်ဝင်စားမှုများ၊ သူတို့ရဲ့အပြုအမူများ၊ အကြံဉာဏ်များ၊ ဆန်းသစ်မှုများ၊ စိတ်လှုပ်ရှားမှုများကို အတုယူ၍ အွန်လိုင်းဂိမ်းအကြီးတစ်ခု ဖန်တီးရန်ဖြစ်ပါသည်။

### ဆုကြေး

အနိုင်ရမည့်သူက ဂိမ်းတွင် ရှယ်ယာဝေစုရမည်ဖြစ်ပြီး၊ နိုင်ငံတကာ စတော့ဈေးကွက်တွင် ဂိမ်း၏ အောင်မြင်မှုကို မူတည်၍ တရားဝင် ဝင်ငွေရရှိမည်ဖြစ်သည်။

### ကစားမည့်ပုံစံ

(၁) လာရောက်သောသုံးဦးသည် ကျောင်း၌ မိမိနှစ်သက်သည့် ကောင်မလေးကို ဂိမ်းကစားရန် ရွေးချယ်ရမည်။

(၂) ထိုရွေးချယ်ခံရသော ကောင်မလေးအား ဂိမ်းကုမ္ပဏီမှ သွားရောက်ညှိနှိုင်းပြီး ယခုဂိမ်းအား ကောင်မလေးမှ ကစားရန် သဘောတူခဲ့ပါက Game ကစားသည့် အဖွဲ့ဝင်လေးဦးဖြင့် ဂိမ်းကို စတင်ကစားမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃) ဂိမ်းကစားရသည့် အရိုးရှင်းဆုံးနည်းလမ်းမှာ ကောင်မလေးကို ကောင်လေးသုံးယောက်က ပိုးပန်းရန်အတွက် လက်ဆောင်ပေးရခြင်း ဖြစ်သည်။

(၄) ဂိမ်းတွင် Level လေးခုရှိသည်။

Level - 1 အမှတ် (၁၀)မှတ် ရခဲ့ပါက Level - 1 ရောက်ရှိမည်။ Level - 1 ရောက်ပါက ကောင်မလေးနှင့် နှစ်ယောက်ချင်း တွေ့ခွင့်ရရှိမည်။

Level - 2 အမှတ် (၂၀)မှတ် ရခဲ့ပါက Level - 2ကို ရောက်ရှိမည်။ Level - 2 ရောက်ပါက ကောင်မလေးနှင့် ရုပ်ရှင်ကြည့်ခွင့် ရရှိမည်။

Level - 3 အမှတ် (၃၀)မှတ် ရခဲ့ပါက Level - 3 ကို ရောက်ရှိမည်။ Level - 3 ရောက်ပါက ကောင်မလေးလက်ကို ကိုင်ခွင့်ရရှိမည်။

Level - 4 အမှတ် (၄၀)ရရှိပါက Level - 4 ကို ရောက်ရှိမည်။ Level - 4 ရောက်ပါက ကောင်မလေးကို နမ်းခွင့်ရရှိပြီး ရည်စားဖြစ်၍ အနိုင်ရမည်ဖြစ်သည်။



"ဟင်"

"ဟာ"

သုံးယောက်လုံး စိတ်လှုပ်ရှားသွားကြသည်။

မေးခွန်းတစ်ခုကို အလောတကြီး မေးမိကြသည်။

"ကောင်မလေးကလည်း ဒါတွေကို လက်ခံပါ့မလား"

"သူကလည်း ကစားတဲ့သူတစ်ယောက် ဖြစ်တဲ့အတွက် မင်းတို့ နောက်ဆုံးအဆင့်မရောက်အောင် သူက ဉာဏ်ရှိသလောက် မင်းတို့ Level မတက်အောင် လုပ်လိမ့်မယ်"

"ဘယ်လို"

ကိုကျော်လင်းဦးက စာရွက်တစ်ရွက်ထုတ်ပေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



- ကောင်မလေးသည် အမှတ် (၄၀) စတင်ရရှိထားမည်ဖြစ်ပြီး ကောင်လေးသုံးဦးသည် အမှတ်သုညဖြင့် ဂိမ်းကို စတင်ကစားမည် ဖြစ်သည်။
- ကောင်မလေးသည် ကျောင်းကိုရောက်သည့်မနက်တွင် Game ကုမ္ပဏီက သတ်မှတ်ထားသော စာတိုက်ပုံးထဲတွင် မိမိ၏ ယနေ့ လိုချင်နေသော လက်ဆောင်(သို့) ပစ္စည်းတစ်ခုခု၏ နာမည်ကို မည်သူတစ်ဦးတစ်ယောက်မှ မသိအောင်ရေး၍ စာတိုက်ပုံးထဲထည့်ကာ သော့ခတ်ရမည်။ သော့ကိုလည်း ထို ကောင်မလေးကပင် တစ်နေ့လုံး ယူဆောင်ထားရမည်။ ထို့နောက် ဒီနေ့ အနိုင်ရသူသည် ဘယ်နှမှတ်ရမည်ဆိုတာကို ကြေညာပေးရမည်။
- ထို့နောက် ကောင်မလေးသည် စာတိုက်ပုံးထဲ၌ ရေးထားသောစာနှင့် ပတ်သက်သည့် သဲလွန်စတစ်ခုကို အကြောင်းအရာတစ်ခုခုဖြင့် ဖော်ပြရမည်။
- ထိုအခါ ကောင်လေးသုံးယောက်က ထိုသဲလွန်စများကို ဖော်၍ ကောင်မလေး ဒီနေ့ ဘယ်လိုခံစားနေရတယ်။ ဘာကိုလိုချင်တယ်။ စတာတွေကို ခန့်မှန်း၍ ကောင်မလေးအကြိုက် လက်ဆောင်ပေး၍ ပိုးပန်းရမည်။
- ထိုနေ့ညနေ ကျောင်းဆင်းချိန်ရောက်သောအခါ Game ကစားသူ သုံးယောက်အပြင် စိတ်ဝင်စားသည့် အခြားကျောင်းသား



ကျောင်းသူများနှင့်အတူ ကောင်မလေးစာကို ဖွင့်ကြည့်၍ ကောင်မလေးဆန္ဒနှင့် အနီးစပ်ဆုံးတူနိုင်သူကို အမှတ်ရရှိသည်ဟု သတ်မှတ်မည်။ ထိုအခါ နိုင်သောကောင်လေးအား ကောင်မလေးက သူ့ထံတွင်ရှိသော အမှတ်ကို ခွဲဝေပေးရမည်။

ဥပမာ- ကောင်လေးနိုင် ၅ မှတ်ရပြီး

ကောင်မလေးရှုံး၍ သူ့မှာ ၃၅ မှတ်ပဲ ရှိတော့။

အကယ်၍ ကောင်မလေးဆန္ဒနှင့် တလွဲစီလုပ်ခဲ့ပါက ကောင်လေးများဘက်မှ တစ်မှတ်မှမရဘဲ ကောင်မလေး၏ အမှတ် ၄၀ ထဲတွင် ၅ ထည့်ပေါင်းပြီး ၄၅ မှတ် ရရှိသွားမည် ဖြစ်သည်။

ထို့ပြင် ကောင်လေးသုံးယောက် ဘယ်သူမှမနိုင်ပါ။ သို့သော် သူမစာထဲက အကြောင်းအရာများနှင့် သူမ၏သဲလွန်စများသည် ကွဲလွဲနေပါက ကောင်မလေးအား အမှတ်လျော့ပြီး ယနေ့ အကောင်းဆုံးလုပ်ခဲ့သူသုံးယောက်တည်းမှ တစ်ယောက်ကို အမှတ် ခွဲဝေပေးမည်။

- ကောင်မလေးဘက်က အမှတ်တစ်မှတ်မှ မရှိတော့ဘဲ ကောင်လေးသုံးယောက်တည်းမှ အမှတ်အများဆုံးရရှိထားတဲ့ ကောင်လေးမှနိုင်သည်။
- ထို့ပြင် ကောင်မလေး အမှတ် (၆၀)ရရှိနေသည့် မည်သည့်အချိန်တွင်မဆို ကောင်မလေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



- ကောင်မလေးသည် ကောင်လေးသုံးယောက်ထဲမှ တစ်ယောက် ယောက်က Level တစ်ခုတက်ပါက ထို Level ပါစည်းမျဉ်းများ အတိုင်း ကောင်လေးကို လက်ခံရမည်။



"ဟူး"

မင်းချမ်းငြိမ် သက်ပြင်းချလိုက်သည်။

ဒီလောက်ခက်မယ်မှန်းသိရင် အစကတည်းက မလာပါဘူး။

ကျန်နှစ်ယောက်ကိုကြည့်လိုက်တော့ သူတို့က တက်ကြွနေလေသည်။

ကိုကျော်လင်းဦးက-

"စဉ်းစားကြည့်ရင် ပေါသလိုလို၊ ကြောင်သလိုလို ထင်ရပေမယ့် ဒါဟာ ဂိမ်းတစ်ခုဆိုတာ တွေးလိုက်ရင် ဘာမှမဟုတ်ပါဘူး"

"ကျွန်တော်တို့ကစားတဲ့အတိုင်း ဂိမ်းပြန်ရေးမှာလား"

ထွန်းဝီရက ဝင်မေးသည်။

"တစ်ချို့ကိုတော့ ပြင်ရမှာပေါ့၊ မြေပြင်မှာ ကစားလို့ရအောင် ဂိမ်းကို ပြင်ပေးထားတာပါ။ အွန်လိုင်းပေါ်မှာရေးရင်တော့ နည်းနည်း ကွဲလွဲချက် ရှိမှာပေါ့"

"အခု ကျွန်တော်တို့ကစားတဲ့အပေါ်ကနေ အစ်ကိုတို့ကုမ္ပဏီက ဘာအကျိုးအမြတ် ရှိမှာလဲ"

သူကတော့ ငြိမ်ပြီး နားထောင်နေသည်။

"အတွေ့အကြုံရယ်၊ ဒီနိုင်ငံရဲ့ ရည်းစားထားတဲ့ယဉ်ကျေးမှု ပြီးတော့ လူငယ်တွေရဲ့ စိတ်လှုပ်ရှားမှု. . . ဒါတွေဟာ အစ်ကိုတို့ ကုမ္ပဏီအတွက် အကျိုးအမြတ်တွေချည်းပဲပေါ့၊ အဲ့ဒီလို ဘက်ပေါင်းစုံက လုပ်မှလည်း အစ်ကိုတို့အောင်မြင်မှာပါ"

www.burmeseclassic.com



သူက သိချင်တဲ့မေးခွန်းကို ဝင်မေးလိုက်သည်။

"နိုင်ခဲ့ရင် ပေးမယ်ဆိုတဲ့ အာမခံချက်က ဘယ်လိုမျိုးလဲ"

ကိုကျော်လင်းဦးက အနီးရှိ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ အမျိုးသမီးတစ်ဦး ဝင်လာ၏။

"ခေါ်ထားတဲ့ရှေ့နေတွေ ရောက်ပြီလား"

"ဟုတ်ကဲ့ အပြင်မှာ စောင့်နေပါတယ်"

"အထဲကိုခေါ်လိုက်ပါ"

သူတို့သုံးယောက်စလုံး မျက်လုံးပြူးသွားကြသည်။

ရင်ခုန်ပြီး စိတ်လှုပ်ရှားသွားကြသည်။

သို့သော် ကိုကျော်လင်းဦး နောက်ဆုံးမေးလိုက်သည့် မေးခွန်းက ပို၍ပင် ရင်ခုန်သွားရလေသည်။

"ကဲ... မင်းတို့နဲ့ ကစားမယ့် ကောင်မလေးကို ဘယ်ကောင်မလေး ရွေးချင်လဲ"

"ဟင်"

❑

(၁၈)

"ထင်သစ္စာ"

"ထင်သစ္စာ"

ထွန်းဒီရနှင့် အလင်းစစ်ပိုင်တို့၏အသံမှာ ပြိုင်တူထွက်သွားလေသည်။

တစ်ဦးကိုတစ်ဦးလည်း ကြည့်မိကြလေသည်။

ကိုကျော်လင်းဦးက အနည်းငယ် ပြုံးလိုက်သည်ကို တွေ့ရသည်။

သူ့ဘက်လှည့်ကြည့်ကြ၏။

"ဟူး"

သူ့မှာရည်ရွယ်ထားတဲ့ကောင်မလေး မရှိပါ။ သို့သော် ထွန်းဒီရနှင့် အလင်းစစ်ပိုင်တို့ ရွေးလိုက်သော ကောင်မလေးကိုတော့ သူ ကောင်းကောင်းသိသည်။

www.burmeseclassic.com

www.burmeseclassic.com


ထင်သစ္စာ. . .။

ဓာတုဗေဒမေဂျာ ကွင်း. . .။ ပြောရရင်တော့ လှသည်။ မာန ကြီးသည်ပေါ့. . .။ ထွန်းဝီရနှင့် အလင်းစစ်ပိုင်ကိုတော့ တစ်ချက် ကြည့်ပြီး-

"အဆင်ပြေပါ့မလား"

"ငါကတော့ ထင်သစ္စာပဲ၊ ငါသူ့ကို ကြိုက်တယ်၊ ဒီဂရီမ်းကစား ရင် အပြင်မှာ ချစ်နေဖို့လည်း လိုတယ်လေ၊ မဟုတ်ဘူးလား၊ ဒါမှ သူ့ကို နေ့စဉ်ပိုးပန်းတဲ့အခါ အဆင်ပြေတာပေါ့၊ မချစ်ရင် ဘယ်လို ဖီလင်ရှိမလဲ"

ထွန်းဝီရက ပြန်ဖြေသည်။

အလင်းစစ်ပိုင်ကလည်း ထွန်းဝီရစကားကို ထောက်ခံသည်။

"မင်းရော အပြင်မှာကြိုက်နေတဲ့ ကောင်မလေး မရှိဘူးလား"

မင်းချမ်းငြိမ်က ခေါင်းခါပြသည်။

"ထင်သစ္စာကိုရော မင်းမချစ်နိုင်ဘူးလား"

တကယ်တော့ ကောင်မလေးက လှပါသည်။

ဉာဏ်ထက်တဲ့ သတင်းတွေကိုလည်း အမြဲလိုလို ကြားရ၏။ ထိုနောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

"ထင်သစ္စာက ဒီဂရီမ်းကိုကစားဖို့ သဘောတူရင် ကျွန်တော် လည်း သဘောတူပါတယ်"

❑

# ထင်သစ္စာ

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

"ကော်ဖီတစ်ခွက်၊ သကြားတစ်ဇွန်းခွဲ ထည့်မယ်"

ထိုသို့သော မှာပုံမျိုးကြားရင် လှည့်မကြည့်ပါနဲ့. . .။ ထိုသို့မှာပုံမျိုးမှာ ထင်သစ္စာတစ်ယောက်တည်းသာ ရှိသည်။

ကျောင်းရဲ့ ကွင်းများထဲက ကွင်းတစ်ယောက်ဖြစ်သည်။ သို့သော် အခြားကွင်းများထက် သာသည့်အချက်တစ်ချက် ရှိနေခြင်းကလည်း အခြားသူများကို စွဲဆောင်မှုရှိနေသည်။

ထိုအရာက ညာဏ်ရည်ညာဏ်သွေးပင် ဖြစ်သည်။

ယခုလည်း ကင်တင်းမှာ သူမတစ်ယောက်တည်း ထိုင်နေသည်။ သူငယ်ချင်းများ မလာသေး၍ ထိုင်စောင့်နေခြင်းဖြစ်သည်။

ဘေးပတ်ပတ်လည်မှာတော့ သူမကို မသိမသာကြည့်နေသော ယောကျ်ားများရှိသလို အခွင့်သာလျှင် စကားလာပြောမည့် ယောကျ်ားများကလည်း ချောင်းနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်သစ္စာအကြောင်းကို သိ၍သာ အနည်းငယ် တုန့်ဆိုင်းဆိုင်း ဖြစ်နေကြခြင်း ဖြစ်သည်။

မကြာမီအချိန်မှာပဲ ကင်တင်းတစ်ခုလုံးရဲ့ သူရဲကောင်းတစ်ယောက် ပေါ်လာသည်။

သူက ထင်သစ္စာခုံရှေ့ရပ်လိုက်ပြီး. . .။

"ထိုင်မယ်နော်"

ထင်သစ္စာက မော့ကြည့်လိုက်သည်။

မျက်နှာမှာ ဝက်ခြံအပြည့်နှင့် လူတစ်ယောက်ကိုတွေ့လိုက်ရသည်။

နာရီကို ကြည့်လိုက်သည်။ သူ့သူငယ်ချင်းတွေ လာဖို့ ငါးမိနစ်ခန့်လိုသေးသည်။ ဒါဆို ဒီလူ၏ ငါးမိနစ်စကားများကို နားထောင်ရအုံးမည်။

ထိုလူကို ဘာမှပြန်မပြောပဲ ကော်ဖီကို တစ်ငုံသောက်လိုက်သည်။ ထိုလူက ထင်သစ္စာရှေ့ရှိ ခုံလွတ်တွင်ဝင်ထိုင်သည်။

"ကဲ. . . ပြော၊ ငါးမိနစ်ပဲနော်"

ထင်သစ္စာက ထိုသို့ပြောလိုက်၍ ထိုသူ၏ ဝမ်းသာအားရဖြစ်သွားပုံမှာ ထိန်းမရ သိမ်းမရဖြစ်သွားသည်။

"ဟုတ်. . . ဟုတ်ကဲ့၊ ငါး. . . ငါးမိနစ်တည်းပါ ငါးမိနစ်တည်းပါ"

"စကားလုံး ထပ်တာတွေ မပါစေနဲ့"



"ဗျာ"

"စကားကို တစ်ခါပဲ ပြောပါလို့"

"ဪ. . . ဟုတ်. . . ဟုတ်ကဲ့၊ ဟို. . . သစ္စာကိုလေ. . . ."

"အာ. . . အပြည့်ခေါ်"

"ဗျာ. . . ဘာကို"

"နာမည်ကိုပြောတာ"

"ဟာ. . . ဟုတ်ကဲ့ပါ၊ ထင်သစ္စာကိုလေ"

နှစ်မိနစ်ရှိသွားပြီ ဖြစ်သည်။

ထိုသူ မျက်နှာကို သေချာကြည့်လိုက်သည်။ သေချာကြည့်မှ ဝက်ခြံပုန်းတွေက ပိုများနေသလို တွေ့ရသည်။

"အဲဒါ. . . ကျွန်တော့်ကိုလေ. . . ဘယ်လိုသဘောထားလဲဆိုတာ"

"တီ. . . တီ. . . တီ. . . တီ. . . "

"ဟင်. . . ဘာကြီးလဲ"

အသံထွက်လာ၍ ဟိုဟိုဒီဒီလျှောက်ကြည့်နေလေသည်။ လက်ကလည်း သူ့မျက်နှာက ဝက်ခြံများကို ခဏ ခဏ ကိုင်ကြည့်နေသေးသည်။

"ကြည့်မနေနဲ့. . . နာရီက ငါးမိနစ်ပြည့်သွားလို့ အသံမြည်တာ"

"ဟာ. . . ဟုတ်လို့လား၊ နာရီက မြန်နေတာများလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ကျွန်မနာရီက မနေ့ကမှ ဝယ်ထားတာရှင့်"

"အဲ့ဒါဆို နောက်ဆုံး သဘောထားလေးတော့"

ကင်တင်းထဲ သူ့သူငယ်ချင်းများ ဝင်လာနေတာကို တွေ့ရသည်။

"ဒီမှာ. . . ကိုဘု"

ပြောရတာတော့ အားနာသည်။

"ဝေယံမင်းမောင်ပါခင်ဗျာ"

နာမည်ကတော့ အပျံစားဖြစ်သည်။ သို့သော်လည်း ဘယ်လိုမှ ခံစားလို့မရချေ. . .။ အားတော့အားနာသည်။

ထို့ကြောင့်-

"ဒီမှာ"

"ဟုတ်. . . ဟုတ်ကဲ့"

"ရှင်. . . ဒီဝက်ခြံတွေကိုပဲ စိတ်ရောက်နေတာလား"

"ဗျာ. . . ဘာ. . . ဘာဖြစ်လို့လဲ"

"စထိုင်ကတည်းက အဲ့ဒီဝက်ခြံတွေကိုပဲကိုင်နေလို့"

သူ့အမူအရာတွေကို စိတ်ဝင်စားတယ်ဆို၍ ငနဲသား ပျော်သွားပုံရသည်။

"ဟုတ်တယ်. . . ကျွန်တော်က ဝက်ခြံတွေပေါက်နေတော့လေ. . . အဲ့ဒါ"

သူငယ်ချင်းများက သူ့ခုံတွင် ဝင်ထိုင်နေကြပြီ ဖြစ်သည်။



"ရှင်. . . ဒီလိုလုပ်ပါလား"

"ဗျာ. . . ဘယ်လိုလုပ်ရမလဲ"

"ရှင့်အိမ်မှာရှိတဲ့ မှန်တွေကို ဖြုတ်ပစ်လိုက်"

"ဟင်"

"ပြီးတော့. . . ရှင့်သူငယ်ချင်း၊ ရှင့်မိသားစုအားလုံးက ရှင့်ဝက်ခြံနဲ့ ပတ်သက်တာ မပြောစေနဲ့၊ ပြီးရင် ရှင်ကလည်း ရှင့်ဝက်ခြံတွေမကိုင်နဲ့ စိတ်ထဲမေ့ထား ဟုတ်ပြီလား"

"ဟုတ်. . . ဟုတ်ကဲ့"

"အဲ့ဒီအခါ ရှင့်ဝက်ခြံတွေ ထူးထူးခြားခြား နည်းသွားလိမ့်မယ်"

"တကယ်"

"သြော်. . . ရှင်က မယုံဘူးလား"

"မဟုတ်ရပါဘူး. . . ဝမ်းသာလို့"

ကိုဘုမှာ ပျော်သွားပြီး လာရင်းကိုပင် မေ့သွားပုံရသည်။ သူမကလည်း သူ့ကို ဖျောင်းဖျပြီး ဘုပျောက်က ပြန်လာရန် ပြောလွှတ်လိုက်ရလေသည်။

ကင်တင်းထဲမှ မော့မော့မော့မော့နှင့် ထွက်သွားသော သူ့ကိုကြည့်ပြီး သူတို့တစ်ဖွဲ့လုံး ရယ်မောကျန်ရစ်ခဲ့လေသည်။

"နင် ဘာတွေသွားကျပ်လိုက်တာလဲ"

"မကျပ်ပါဘူး၊ ငါက တကယ် သူ့ဝက်ခြံတွေ နည်းသွားအောင် နည်းလမ်းပေးလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



“နင့်နည်းကြီးက ဟုတ်လို့လား”

“ဒါတော့မသိဘူး. . . ကမ္ဘာကျော်စိတ်ပညာရှင်ကြီးတစ်ယောက် စမ်းသပ်ကုသပေးနေတဲ့နည်းပဲ. . . အဲ့ဒါ ငါပြောလိုက်တာ”

“နင်ကတော့ ဖြစ်ရမယ်”

ထိုသို့ဖြင့် တစ်ယောက်တစ်ပေါက်ပြောရင်း အခြားအကြောင်းများ ရောက်သွားလေသည်။

❑

(၂၀)

ထင်သစ္စာမှာ တစ်နေ့ တစ်နေ့ ထိုယောကျ်ားလေးကိစ္စများကိုပဲ ရှင်းနေရသည်။

ယောကျ်ားလေးကိစ္စများဆို၍ တစ်မျိုးမထင်လိုက်ပါနှင့်. . .။

ရည်းစားစာလိုက်ပေး. . .။ အနောက်ကနေလိုက်လာ. . .။ စကားဝင်ပြော စသည့်ကိစ္စများကို ဆိုလိုခြင်းဖြစ်သည်။

သူ့သူငယ်ချင်းများမလာသေးသည့် ကင်တင်းထိုင်ချိန်များဆို ပိုဆိုးသည်။ ထိုအခါမျိုးဆို ထင်သစ္စာတို့က နပ်သည်။

တစ်ခါက ရည်းစားစကားလိုက်ပြောသော ကောင်လေးတစ်ယောက်ကို သူက ပေးလားဟားလားပြန်လုပ်လိုက်၍ ထိုကောင်လေးမှာ ကြောင်တောင်တောင်နှင့် ပြန်သွားရတာလည်း ရှိသည်။

ပြောရလျှင် သူ့မှာ ရည်းစားမရှိဘူး. . .။ ရည်းစားထားချင်တဲ့စိတ်လည်း ရှိမယ့်ပုံ မပေါ်သေးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဉာဏ်ရည်ဉာဏ်သွေးကတော့ ကွင်းတွေထဲမှာရော ကျောင်းက ကျောင်းသူတွေထဲမှာပါ ထိပ်တန်းကရှိသည့် အရည်အသွေးမျိုး ဖြစ်သည်။

ဖြတ်ထိုးဉာဏ်လည်း ကောင်းသည်။

တစ်ခါတုန်းက အတန်းထဲကိုအသွား သူတစ်ယောက်တည်းဖြစ်နေတုန်း ကျောင်းသားတစ်ယောက်က ရောသောပေါ်သော ဝင်လုပ်သည်။

"ထင်"

"အာ"

စိတ်လည်းညစ်သွားသည်။ သူ့အမုန်းဆုံး အဖျားဆွတ်ခေါ်မှုကို ကြားရ၍ တင်းလည်းတင်းသွားသည်။

"ထင်. . . ပြောစရာရှိလို့ပါ"

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

အခြေအနေကောင်းသည်ထင်ပြီး ထိုလူမှာ ပျော်သွားသည်။

"ဟဲ. . . ဟဲ. . . တင်ကြွေလို့ခေါ်ပါတယ်"

"ဟင်. . နာမည်ကြီးကလည်း"

ထိုသူမှာ စိုးရိမ်သွားပြီး-

"ဘာ. . . ဘာဖြစ်လို့လဲဟင်"

"တင်. . . ကြွေ တော့ ဘယ်ကောင်းမလဲရှင့်"

"ဘယ်လို"



ဝေးလိုက်တာ. . . နားလည်ပုံမရဘဲ အူလည်လည်ဖြစ်နေပုံရသည်။ ဒါနဲ့ သူကလည်း-

"စဉ်းစားလို့ရရင် ပြန်တပ်ပြီး လာခဲ့"

ဟုပြောကာ ခပ်မြန်မြန် ထွက်လာခဲ့သည်။

ထိုသူလည်း စဉ်းစားရင်း ကျန်ခဲ့လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

သူမအိမ်က လိုက်ပို့သည့်ကားက စောနေ၍ ကျောင်းသို့ အစောကြီးရောက်နေသည်။

ထုံးစံအတိုင်း ကင်တင်းမှာထိုင်ရင်း ဖယ်ရီနဲ့လာမည့် သူ့သူငယ်ချင်းများကို ထိုင်စောင့်ရသည်။ ဒါက နေ့စဉ်လိုဖြစ်နေသည်။

"ကော်ဖီတစ်ခွက်၊ သကြားတစ်ဇွန်းခွဲထည့်မယ်"

ညက ဖတ်လက်စ A Stranger in Paradise ဆိုသည့်ဝတ္ထုလေးကို ဆက်ဖတ်ရန်အတွက် လွယ်အိတ်ထဲမှ ထုတ်လိုက်သည်။

သူမအနောက်ဝိုင်းက ကျောင်းသူအချို့၏ 'ရည်းစားထားတဲ့ဂိမ်း'အကြောင်း ပြောနေသည့်အသံကို ကြားရသည်။

ထို့ပြင် ခပ်လှမ်းလှမ်းမှနေ၍ သူ့ကို စကားလာပြောရန် ချောင်းနေသော သူတစ်ယောက်ကိုလည်း ဖျတ်ခနဲ လှမ်းတွေ့လိုက်



ရသည်။

ကော်ဖီလာချသောကြောင့် ထုတ်ပြီးသားစာအုပ်ကို မဖတ်ဖြစ်သေးဘဲ ဘေးကို ချထားလိုက်သည်။

ကင်တင်း၏ဆူညံနေမှုများ. . .။ အခုတလော ကြားနေရသည့် 'ရည်းစားထားတဲ့ဂိမ်း'အကြောင်းများ. . .။ အလှအပ. . .။ သင်ခန်းစာ စသည်များက နားထဲသို့ တလဟောဝင်လာသည်။

ကော်ဖီသောက်ရင်း သူမဆီ လာသင့်မလာသင့် ချိန်နေပုံရသည့် ကောင်လေးတစ်ယောက်ကိုလည်း တွေ့နေရသည်။

နာရီကိုကြည့်လိုက်တော့ သူ့သူငယ်ချင်းများလာရန် ဆယ့်ငါးမိနစ်ကြီးများတောင် လိုသေးသည်။

"ဂိမ်းက တကယ်ရှိတယ်လို့ ပြောတယ်နော်"

"ဝမ်းတီးတစ်ခွက်. . . ပေးပါ"

"Paper I က စာတွေလွတ်သွားလို့ နင်ကူးထားတာရှိလား"

"နင့်ကိုဘယ်သူကပြောလဲ"

"နို့ထည့်ပေးပါဦး"

"ရှိတယ်. . . ရှိတယ်. . . အခုယူမလို့လား"

ခေါင်းရှုတ်ပြီး နားဆူလာတာကြောင့် တစ်နေရာရာမှာ သွားထိုင်ရန် စဉ်းစားလိုက်သည်။

မဖြစ်သေး. . .။ အနောက်ကနေ လိုက်လာမည့်သူများကိုလည်း ထည့်တွက်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ စာအုပ်ကိုပဲ ဆွဲယူကာ ဖတ်နေလိုက်သည်။

ခဏအကြာတွင် သူထိုင်နေသည့်ရှေ့သို့ လူတစ်ယောက် လာရပ်သည်။

စာအုပ်ဖတ်တာ ပျက်ဦးမည်ဟု တွေးမိရင်း စိတ်ညစ်သွားသည်။ အပေါ်ကိုမော့ကြည့်လိုက်၏။

အသက် ၃၀ အရွယ် လူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ကြောင်တောင်တောင်ဖြစ်သွားလေသည်။

"ညီမက ထင်သစ္စာနော်"

"ဟုတ်ပါတယ်"

ထိုလူက သူ့ရှေ့တွင် ဝင်ထိုင်လေသည်။

"အစ်ကိုက International Game Development Company က ဒါရိုက်တာတစ်ယောက်ပါ"

ကတ်တစ်ခုကိုထုတ်ပေးသည်။

"ဟုတ်ကဲ့ ဘာကိစ္စများရှိလို့လဲမသိဘူး"

"ဒီလိုပါ. . . အစ်ကိုတို့က ရည်းစားထားတဲ့ဂိမ်း ဖန်တီးတဲ့ကုမ္ပဏီပါ။ အဲ့ဒီကိစ္စနဲ့ပတ်သတ်ပြီး ညီမကို လာတွေ့တာပါ"

"ရှင်"

ထိုစကားကြောင့် ကင်တင်းတစ်ခုလုံး အံ့သြတကြီးဖြစ်သွားကာ 'ရည်းစားထားတဲ့ဂိမ်း'အကြောင်း ပြောနေသော ကျောင်းသူတစ်ဦးမှာလည်း ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။



သူမလည်း မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်သွားလေသည်။

"ဒီကိစ္စတစ်ခုလုံးကို ဒီမှာပဲ ရှင်းပြရမလား၊ ဒါမှမဟုတ်. . . အစ်ကိုတို့ရုံးမှာပဲ ရှေ့နေတွေနဲ့အတူ ညီမနားထောင်ချင်လား"

"ဒီကိစ္စက သမီးနဲ့ပတ်သက်နေလို့လား"

"ဟုတ်ပါတယ်"

"ဘယ်လိုပတ်သက်နေတာလဲ"

"ဒီလိုပါ. . . . "

ထိုလူက အစအဆုံး ရှင်းပြလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

"သူတို့သုံးယောက်က သမီးကို ဒီ Survey Game မှာပါဝင်ဖို့ ရွေးချယ်ခဲ့တယ်ပေါ့"

"ဟုတ်ပါတယ်"

"သမီးက သဘောမတူခဲ့ရင်ရော"

"ဒါဆို နောက်တစ်ယောက်ရွေးချယ်ဖို့ အစ်ကိုတို့က စီစဉ်ရမှာပေါ့"

ကင်တင်းတစ်ခုလုံးသည် သူမနှင့် ထိုလူတို့၏ စကားဝိုင်းသို့သာ အာရုံရောက်နေလေသည်။

တစ်ကျောင်းလုံး၌ ထွက်ရှိခဲ့သော ကောလဟာလသတင်းနဲ့ ပတ်သက်သောကြောင့်လည်း အားလုံးက စိတ်ဝင်စားနေကြခြင်း ဖြစ်သည်။

"အဲဒီသုံးယောက်က ဘယ်သူလဲ"



"ရုပ်ဗေဒက ထွန်းဝီရ၊ အင်္ဂလိပ်စာက အလင်းစစ်ပိုင်နဲ့ သင်္ချာက မင်းချမ်းငြိမ်တို့ သုံးယောက်ပါ"

ကင်တင်းတစ်ခုလုံး ပွက်လောရိုက်သွားလေသည်။

ထိုသုံးယောက်ကလည်း ကျောင်းမှာ လူသိများသည့်သုံးယောက် ဖြစ်နေခြင်းကြောင့်လည်း ထိုမျှထိ တအံ့တသြဖြစ်နေကြခြင်း ဖြစ်သည်။

သူမအနေနှင့်လည်း ကျောင်းက နာမည်ကြီးအကြောင်းအရာ တစ်ခုက မိမိနှင့် လာပတ်သက်နေသည်ဆို၍ စိတ်လှုပ်ရှားမှုလည်း ဖြစ်နေသည်။

ပြီးတော့ အတွေ့အကြုံကလည်း စိတ်ဝင်စားဖို့ ကောင်းနိုင်သည်။

"သမီးရဲ့ အာမခံချက်နဲ့ ဒီကိစ္စတစ်ခုလုံး ယုံကြည်မှုကို ဘယ်လိုရနိုင်မလဲ"

"အာမခံချက်အနေနဲ့ စာချုပ်စာတမ်းများနဲ့ တရားဝင်ရရှိမှာပါ။ ယုံကြည်မှုအနေနဲ့ကတော့ ဦးတို့ကုမ္ပဏီအကြောင်းတွေ၊ နိုင်ငံတကာက ဂိမ်းနဲ့ပတ်သက်ပြီး Survey လုပ်ထားမှုတွေ၊ အွန်လိုင်းကရော၊ အခြားနည်းလမ်းများနဲ့ပါ သမီးလေ့လာနိုင်ပါတယ်"

သူမက ထိုလူကြီးစကားကို လက်ခံလိုက်သည်။

ထို 'ရည်းစားထားတဲ့ဂိမ်း'အကြောင်းကို စကြားကတည်းက စိတ်ဝင်စားမှုတော့ ဖြစ်ပေါ်ခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကာလပဟာလတစ်ခုအဖြစ်သာ သတ်မှတ်ထားခဲ့သည်။ အခု ကိုယ်တိုင်ကြုံတွေ့နေရ၍ စိတ်ဝင်စားမှုအပြင် အကျိုးအမြတ်ပါ ရှိလာနိုင်ခြင်းကြောင့် လက်သင့်ခံဖို့ ကောင်းနေသည်။

ထို့ပြင် ကစားရမည့်ပုံစံကလည်း မိမိ နေ့စဉ်တွေ့ကြုံနေရသည့် (ချစ်ခွင့်ပန်သည့်ယောကျ်ားလေးများ)နှင့် တွေ့ရသည့် ပုံစံအတိုင်းပဲ ဖြစ်နေသည်။ ပိုလုပ်ရသည်မှာ မိမိက အနိုင်ရအောင် ကစားရမည်ဆိုတာပင်. . .။

"ညီမ စဉ်းစားဦးမလား"

သူမ ခေါင်းခါလိုက်သည်။

"ဒါဆို. . . ညီမက. . ."

"ဟုတ်ကဲ့ လက်ခံပါတယ်"

"ဒါဆို အစ်ကိုက စာချုပ်စာတမ်းကိစ္စတွေအပြင် အစ်ကိုတို့ ကုမ္ပဏီနဲ့ ဂိမ်းတွေအကြောင်း လေ့လာဖို့အတွက် ညီမရဲ့မိဘ (သို့) မည်သူတစ်ဦးတစ်ယောက်နှင့်မဆို ဦးတို့ရုံးကို မနက်ဖြန် ရုံးချိန်အတွင်း လာခဲ့ပေးလို့ရမလား"

"ဖြစ်ပါတယ်"

"ကျေးဇူးပါပဲ"

ထိုသို့ပြောပြီး ကင်တင်းထဲမှ အေးအေးဆေးဆေး ထွက်သွားလေသည်။ သူမလည်း လူကြီးထွက်သွားသည်ကို အဆုံးထိ လိုက်ကြည့်နေမိသည်။



ခဏကြာသောအခါ-

"ဟဲ့. . . နင့်နားမှာ လူတွေ အများကြီးပါလား၊ ဘာတွေဖြစ်နေတာလဲ"

သူမသူငယ်ချင်းများကြောင့် ဘေးပတ်ဝန်းကျင်ကို သတိရပြီး လိုက်ကြည့်မိသည်။ အားလုံးက သူမအနီးအနားတွင် မတ်တတ်ရပ်ပြီး ဝိုင်းကြည့်နေကြခြင်းဖြစ်သည်။

❑

www.burmeseclassic.com


www.burmeseclassic.com

ခဏအကြာတွင်
ထိုကင်တင်းမှတစ်ဆင့်
'ရည်းစားထားတဲ့ဂိမ်း'တကယ်ရှိနေခြင်းနှင့်
ကစားသည့်ပုံစံ၊ ပါဝင်ရွေးချယ်ခံရသည့်သူများ
စသည့် အကြောင်းအရာများသည်
ကျောင်းတစ်ခုလုံးသို့
ပျံ့နှံ့သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရည်းစားထားတဲ့ဂိမ်း




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

ယနေ့ ဖယ်ရီပေါ်မှ ဆင်းလာကြသူများအားလုံးသည် ဖယ်ရီကွင်းရှိ မြေကွက်လပ်နားတွင် စိုက်ထူထားသော အနီရောင်စာတိုက်ပုံး ခပ်ကြီးကြီးတစ်ခုကို သတိထားမိကြလေသည်။

စာတိုက်ပုံးသဏ္ဌာန်မှာ ထူးခြားပြီး စာတိုက်ပုံးရှိ စာသားများကြောင့် အားလုံးမှာ စိတ်ဝင်တစား တကူးတက အနီးကပ် သွားရောက်ကြည့်ကြလေသည်။

သော့ခတ်ထားပြီး စာတိုက်ပုံးဘေးနားတွင် တစ်ဖက်ပါစာနှင့် ဖယားအား ရေးထိုးထားလေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ရည်းစားထားတဲ့ဂိမ်း

| စဉ် | အမည် | ရမှတ် | Level |
|---|---|---|---|
| ၁။ | ထင်သစ္စာ | ၄၀ | - |
| ၂။ | ထွန်းဝီရ | - | - |
| ၃။ | အလင်းစစ်ပိုင် | - | - |
| ၄။ | မင်းချမ်းငြိမ် | - | - |

www.burmeseclassic.com

www.burmeseclassic.com



"ဂိမ်းက ဒီနေ့စမှာလား"

ကျောင်းသားတစ်ယောက်က သူ့ဘေးနားကလူကို မေးလိုက်သည်။

"ဟုတ်တယ်"

"ဟိုသုံးယောက်လည်း မတွေ့ပါလား"

"ရှိတော့ရှိမယ်၊ ဘယ်မှာလဲ မသိဘူး"

ဟိုကြည့်ဒီကြည့်ကြည့်ရင်း ပြန်ဖြေသည်။

ယနေ့သည် ကျောင်းသား ကျောင်းသူများအတွက် အထူးစိတ်ဝင်စားရသည့်နေ့ဖြစ်သည်။ ရင်ခုန်စရာအပြင် မက်မောစရာငွေကြေးများပါ ရရှိမည့် အစီအစဉ်ဖြစ်သည်။

"ဒီလိုမှန်းသိရင် ငါလည်း အဲ့ဒီအခန်းကို သွားပါတယ်ကွာ"

"အံမယ်. . . ကိုယ်ဉာဏ်မမီလို့ မသိတာလည်း ထည့်ပြောပါဦး"

"မင်းဘာသိလို့လဲကွ၊ အဲ့ဒီနေ့မတိုင်ခင် ငါ အဲ့ဒီအခန်းရှေ့က ဖြတ်လျှောက်ခဲ့သေးတယ်"

ဤသို့ဖြင့် အငြင်းအခုန် ဖြစ်နေသည်။

ကောင်မလေးများကတော့ သူတို့စိတ်ဝင်စားသည့်အကြောင်းအရာကို ပြောနေကြသည်။

"နိုင်တဲ့လူက ဘယ်လောက်ရမှာလဲ"

"ရှယ်ယာရာခိုင်နှုန်းတချို့ ရမှာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဝင်ငွေက တစ်လမှာ တစ်သောင်းပဲရှိရင် ဘယ်လိုလုပ်မလဲ"

"ဟယ် အဲ့ဒီလောက်တော့ မဟုတ်လောက်ပါဘူး၊ တစ်ကမ္ဘာလုံးက ဝင်ကြေးနဲ့ ဆော့မှာဆိုတော့ နည်းမှာ မဟုတ်ဘူးဟ"

"ဘယ်လောက်ရရပါ၊ အလကားရနေတာပဲ"

"ဘယ်ဟုတ်မလဲ၊ ရှုံးရင် ပိုက်ဆံမရတဲ့အပြင် အနမ်းတောင် ခံရဦးမယ်"

"အဟီး. . . အဲ့ဒါလည်း ကောင်းသား၊ ထွန်းဝီရ နိုင်ရင် ငါ အရှုံးပေးပါတယ်"

"ကောင်မ. . . အလင်းစစ်ပိုင်ဆိုတော်သေး"

"ငါကတော့ သိပ်မကျေနပ်ဘူး"

"ဘာဖြစ်ရတာလဲ"

"ငါ့ကိုမှ သူတို့က မရွေးကြတာ"

ပျစ်ပျစ်နှစ်နှစ် ပြောသံတွေနဲ့ ဆူညံသွားသည်။

တစ်ဖက်မှာတော့ ကျောင်းမတက်သည့်ကျောင်းသားက နားစွန်နားဖျားကြားထားသည်များနှင့် ချိတ်ဆက်မေးနေလေသည်၊

"ဒီစာတိုက်ပုံးကြီးက ဘာလုပ်ရမှာလဲ"

"ထင်သစ္စာက သူ ဒီနေ့လိုချင်တဲ့အရာကို ဒီပုံးထဲမှာ စာရေးပြီး လာထည့်ရမှာ"

"သြော်. . . ဒါဆို သူက ဒီနေ့ဘာလိုချင်တယ်ဆိုတာကို တစ်နည်းနည်းနဲ့ဖော်ပြ၊ အဲ့ဒါကို ဟိုကောင်တွေက ခန့်မှန်းပြီး ချစ်ခွင့်ပန်ကြ၊ လက်ဆောင်ပေးကြ၊ ညနေကျရင် စာတိုက်ပုံးကို ဖွင့်ပြီး ထင်သစ္စာဖော်ပြခဲ့တဲ့အရာတွေနဲ့ ဟိုသုံးယောက်လုပ်ခဲ့တဲ့ အရာတွေနဲ့ တိုက်စစ်၊ အမှတ်ပေး Level တက်ပေါ့. . .၊ ဟုတ်လား"



"သိနေရင်လည်း ဘာလို့လာမေးနေသေးလဲ"

"စိတ်မဆိုးပါနဲ့ကွာ၊ ငါမသိတာတွေများ မင်းသိဦးမလားလို့ပါ။ ဒါနဲ့ ထင်သစ္စာက ဒီထဲကို စာလာထည့်ပြီးသွားပြီလား"

"သူက ကျောင်းကို စောစောရောက်တတ်တဲ့သူဆိုတော့ ထည့်ပြီးလောက်ရောပေါ့၊ ပြီးတော့ သော့လည်း ခတ်ထားတယ်"

"ဟာ. . . ဒါဆို သူ့ ကင်တင်းမှာ ထိုင်နေပြီပေါ့"

"နေပါဦး၊ မင်းကဘာလုပ်မလို့လဲ"

"ဟ. . . သူ ဒီစာထဲမှာ ဘာတွေရေးထားတယ်ဆိုတာ ခန့်မှန်းရမယ်လေ"

"မင်းနဲ့ဘာဆိုင်လို့လဲ"

"ငါက ထင်သစ္စာကို ကြိုက်တယ်လေ၊ ဒီတော့ ဒီဂိမ်းမှာ တရားဝင်မဟုတ်ပေမယ့်လည်း သူ့စိတ်ကြိုက် လိုက်လျောပြီး ချစ်ခွင့်ပန်ဖို့ ငါ့မှာ အခွင့်အရေးရှိတာပဲ၊ ဒီတော့ သူဘာဖြစ်နေလဲဆိုတာ လေ့လာရမယ်"

သူပြောသည့်စကားကြောင့် စိတ်ညစ်နေကြသော ထင်သစ္စာ ပရိသတ်များမှာ လန်းဆန်းလာပြီး-

"ဟုတ်တယ်၊ ငါတို့မှာလည်း အခွင့်အရေးရှိတာပဲ"

www.burmeseclassic.com



ဟုဆိုလိုက်ကြကာ ကင်တင်းသို့ ဦးဆုံးရောက်အောင် ထွက်သွားသူများနှင့် တဖြည်းဖြည်း လူပါးသွားလေသည်။

❑

(၂၄)

ထိုအချိန်တွင် ထင်သစ္စာထိုင်နေကျ ကင်တင်းနားတွင်လည်း လူအများ စုရုံးစုရုံးနှင့် ရောက်နေကြလေသည်။

နောက်ကျမှ ရောက်လေ့ရှိသည့် ထင်သစ္စာသူငယ်ချင်းများကလည်း ယနေ့ ဖယ်ရီမစီးဘဲ လာကြသဖြင့် စောစောရောက်နေကြသည်။

"ထင်သစ္စာ"

"ဘာလဲ"

"နင် စာတိုက်ပုံးထဲမှာ ဘာရေးပြီးထည့်ခဲ့လဲ"

"ညနေကျ သိရမှာပေါ့. . . ဟဲ့"

သူမသူငယ်ချင်းများက ဘယ်လိုအောက်မေးမေး မထွက်လာချေ. . .။

ကြာတော့ ဘယ်သူမှမမေးတော့. . .။

www.burmeseclassic.com

www.burmeseclassic.com



“ဒီနေ့ အနိုင်အရှုံး အမှတ်ဘယ်လောက်လဲဆိုတာတော့ ပြောလို့ရမှာပေါ့”

ထင်သစ္စာသူငယ်ချင်းမေဝင်းက မရမက ထပ်မေးပြန်သည်။

ဒါကျတော့ ထင်သစ္စာက ဖြေသည်။

“နိုင်တဲ့လူ ဆယ်မှတ်ရမယ်၊ ငါရှုံးရင်တော့ ဆယ်မှတ်လျှော့မှာပေါ့ဟာ”

“Level တစ်ခု တက်မယ့်အမှတ်ပေါ့”

“အေး”

“အမှတ်အများကြီးပဲ”

ထိုသို့ဖြင့် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် နိုင်သူ ၁၀ မှတ်ရမည်ဆိုသည့်သတင်းသည် ပျံ့နှံ့သွားပြန်သည်။

ထိုစဉ် ထွန်းဝီရထိုင်နေသော ကင်တင်းတွင်လည်း လူအများစည်ကားနေကြလေသည်။

ထွန်းဝီရတစ်ယောက်တည်းဖြစ်ပြီး တစ်ခုခုကိုလည်း စဉ်းစားနေတဲ့ပုံပေါက်သည်။

“ထွန်းဝီရ ဒီနေ့ ထင်သစ္စာကို ဘာပေးမှာလဲ”

ကျောင်းသားတစ်ယောက်က သူ့စားပွဲရှေ့လာပြီးမေးသည်။

ထွန်းဝီရက မသိချင်ယောင်ဆောင်ပြီး စီးကရက်တစ်လိပ်ထုတ်သောက်နေလေသည်။ ကျောင်းသားလည်း သူ့ရှေ့မှ အူကြောင်ကြောင်နှင့် ထွက်သွားရလေသည်။



“ဒီနေ့ရမယ့်အမှတ်က ဆယ်မှတ်တဲ့”

ကင်တင်းထဲဝင်လာပြီး လှမ်းပြောလိုက်သော သူ့သူငယ်ချင်းဖိုးဇော်စကားကြောင့် ထွန်းဝီရ ပျော်သွားလေသည်။ ဆယ်မှတ်. . . နည်းတဲ့အမှတ်မဟုတ်ချေ. . .။ Level တစ်ခု တက်နိုင်သောအမှတ် ဖြစ်သည်။

ဆေးလိပ်နောက်တစ်လိပ် ထပ်သောက်ပြန်သည်။

ထွန်းဝီရထိုင်နေသော ကင်တင်းရဲ့ဘေး ကင်တင်းတွင်တော့ အလင်းစစ်ပိုင် ထိုင်နေလေသည်။

သူ့အနားတွင်လည်း လူအများ ဝိုင်းနေလေသည်။

“အလင်းစစ်ပိုင်. . . ထင်သစ္စာကို ဒီနေ့ဘာပေးမှာလဲ”

“ဒီနေ့ သူ့လှုပ်ရှားမှုကို ကြည့်ရဦးမယ်လေ၊ ပြီးမှ စဉ်းစားလို့ရမှာ”

အလင်းစစ်ပိုင်က ပြန်ဖြေသည်။

“အလင်းစစ်ပိုင်က သူ့ကို တကယ်ချစ်လို့ ဂိမ်းမှာ ရွေးခဲ့တာလား”

“ချစ်တာပေါ့ဗျ”

အင်တာဗျူးမေးသလို ထိုင်မေးနေကြလေသည်။

အလင်းစစ်ပိုင်ကလည်း မေးသမျှဖြေနေလေသည်။

သို့သော် ထူးဆန်းသည်က မင်းချမ်းငြိမ်ဖြစ်သည်။

မင်းချမ်းငြိမ်ကို ကျောင်းမှာ မတွေ့ကြခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းချမ်းငြိမ်ရဲ့သူငယ်ချင်းများကလည်း မင်းချမ်းငြိမ်ကို လိုက်ရှာနေကြလေသည်။

"ဒီကောင် ဒီနေ့ ဂိမ်းစကစားမှာရော သိရဲ့လား"

"မနေ့ကတော့ ပြောလိုက်တာပဲ"

"ဟာ. . . အိပ်ရာထနောက်ကျနေတယ်ထင်တယ်"

"ဒီကောင် စောစောလာနေကျပါကွ"

"တော်ကြာ. . . ထင်သစ္စာက ဟိုလျှောက်သွား ဒီလျှောက်သွား လုပ်ပြီး ဂိမ်းစကစားတော့မှာ၊ ငါတို့က သူလုပ်တဲ့အကြောင်းအရာတွေ မသိဘဲနေဦးမယ်"

ဖိုးထောင်နဲ့ ဝင်းမြင့်ဆွေဦးက ပွစိပွစိပြောရင်း လိုက်ရှာကြပြန်သည်။

ထိုအချိန်တွင် ထွန်းဝီရနှင့် အလင်းစစ်ပိုင်တို့ ထိုင်နေသောကင်တင်းများတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

မည်သို့ဆိုသော် ထင်သစ္စာသည် သူ့သူငယ်ချင်းများနှင့် တစ်နေရာသို့သွားရန်အတွက် ကင်တင်းထဲမှ စထွက်နေသောကြောင့် ဖြစ်သည်။

ထွန်းဝီရက ထိုင်ခုံမှ အလျှင်အမြန်ထသည်။

အလင်းစစ်ပိုင်ကလည်း ချက်ချင်းဆိုသလိုပင် ပိုက်ဆံရှင်းကာ ထလိုက်ပြန်သည်။

ထင်သစ္စာ. . .။



ဒီနေ့ ထင်သစ္စာ ဘာတွေလုပ်မလဲ. . .။

ခန့်မှန်းရဦးမည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

ထင်သစ္စာတို့ကင်တင်းထဲကအထွက်တွင် မလှမ်းမကမ်းက လိုက်လာကြသူများ နီးနီးကပ်ကပ် လိုက်လာကြသူများနှင့် များပြားလှသည်။

ကင်တင်းထဲမှထွက်လာသော ထွန်းဝီရကို လှမ်းမြင်လိုက်ရသည်။

သူ့နောက်မှ အလင်းစစ်ပိုင်ကို လှမ်းတွေ့လိုက်ရ၏။

နှစ်ယောက်စလုံးက ပြုံး၍ နှုတ်ဆက်သည်။ မင်းချမ်းငြိမ်ကိုတော့ မတွေ့ရပေ။ သူမက တစ်ဖက်သို့ပြန်လှည့်လိုက်ပြီး ရှေ့တည့်တည့်သို့သာ ဆက်လျှောက်နေလိုက်၏။

သူမသူငယ်ချင်းများကတော့ တစ်ခွန်းမှမမေးဘဲ တစ်နေ့လုံး သူမနောက်လိုက်မည်ဟု ဆုံးဖြတ်ထားကြပုံရသည်။

"ထင်သစ္စာ ဘယ်သွားနေတာလဲ"



"ဘယ်သိမတုန်း. . .၊ ဂိမ်းက ကစားနေပြီဆိုတော့ တစ်ခုခု ဆိုလိုချင်လို့ သွားတာဖြစ်မှာပေါ့"

လိုက်ပါသူများ၏ ဝေဖန်မှုများကို ကြားနေရသည်။

ခဏအကြာတွင် ထင်သစ္စာက ကျောင်း Store ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

"Store ဆိုင်ထဲ ဝင်သွားပြီကွ"

အားလုံးလိုက်ဝင်လာကြလေသည်။

ဤသို့ဖြင့် Store ဆိုင်ထဲတွင် လူများပြည့်သွားပြီး တွန်းမိတိုက်မိဖြစ်ကုန်ကြသည်။

ထင်သစ္စာပြုမူသမျှကိုလည်း မလွတ်တမ်းလိုက်ကြည့်နေရသေး၏။ ဗလာစာအုပ်တစ်အုပ် ကောက်ကိုင်တာကို တွေ့ရသည်။ ပြီး ပြန်ချထားလိုက်သည်။

ထိုစဉ် လူအုပ်ကြီးထဲမှ ကျောင်းသားတစ်ယောက်က စာအုပ်တစ်အုပ်ထုတ်ကာ-

"၁၀:၀၀ နာရီ Store ဆိုင်ဝင်၊ ဗလာစာအုပ်စကိုင်"

ဟုရေရွတ်ပြီး စာအုပ်ထဲ မှတ်လိုက်လေသည်။

ထိုကျောင်းသား၏ အပြုအမူကို သဘောကျသော အချို့သူများမှာလည်း စာအုပ်နှင့် ထုတ်မှတ်ကြလေသည်။

ဤသို့ဖြင့် တပျော်တပါးကြီး ဖြစ်နေကြလေသည်။ Store ဆိုင်ထဲမှ အဖြစ်အပျက်အား ကျောင်းသားများမှတ်ချက်အရ ပြန်ပြောပြရလျှင်-

www.burmeseclassic.com

www.burmeseclassic.com



'၁၀း၀၀ နာရီ Store ဆိုင်ဝင်၊ ဗလာစာအုပ်စကိုင်၊ ပြန်ချထား၊ နောက်တစ်မျိုးပြန်ကိုင်၊ **Eleven** ဗလာစာအုပ်ဖြစ်၊ ပြန်ချထား၊ မိန်း ကလေး **Fancy** ပစ္စည်းများကိုကြည့်၊ အသည်းပုံပုံစံရင်ထိုးလေးအား ရင်မှာကပ်ကြည့်၊ 'လှလား'ဟု သူ့သူငယ်ချင်းများအားမေး၊ သူ့သူငယ်ချင်းများက အူကြောင်ကြောင်နဲ့ကြည့်နေကြ၊ ဘာကြောင့်မေးတာလဲဟု စဉ်းစားနေကြပုံပေါက်၊ ပန်းသီးပုံဆွဲကြိုးလေးအား ကိုင်ကြည့်၊ ဘာမှမပြော၊ 'ဗိုက်ဆာတယ်'ဟုဆိုကာ Oishi မုန့်တစ်ထုပ် ယူ၊ ချောကလက်တစ်ထောင့်ထပ်ယူ၊ ဘောပင်နေရာကို သွားပြီး တစ်ခုပြီးတစ်ခု စမ်းကြည့်နေ၊ ခေါင်းခါပြီး ပြန်ချထား၊ တစ်ချောင်းမှ မယူဖြစ်၊ အသေအချာမှတ်ရလျှင်-

- **Rinold** ၃-ချောင်း ခြစ်ကြည့်
- မှင်စို **Divire 0.5** နှစ်ချောင်းခြစ်ကြည့်
- အမည်မရှိဘောပင်တစ်ချောင်းခြစ်ကြည့်
- ခဲသားဘောပင်နှိပ်ကြည့်၊

ကောင်တာမှာငွေရှင်း၊ ၅၀၀၀ တန်ထုတ်ပေး၊ 'အကြွေမရှိ'ဟုဆို၊ ပြန်အမ်းငွေယူ၊ ဆိုင်မှပြန်ထွက်၊ မထွက်ခင် 'တီချယ်ဆီသွားမယ်'ဟု သူ့သူငယ်ချင်းများကိုပြော၊ ဆရာမတစ်ယောက်ဆီ သွားမည်ဖြစ်သည်. . .'



မမြင်ရသောသူများက တဆင့်ကူးကြလေသည်။ မေးကြလေသည်။ ထင်သစ္စာကတော့ သူတို့မေဂျာဆရာမဆီသို့သွားရန်အတွက် စတိုးဆိုင်မှ ထွက်လိုက်လေသည်။

ထွက်ထွက်ခြင်းပင် **Oishi** ကို ဖောက်လိုက်၏။

❑

www.burmeseclassic.com

www.burmeseclassic.com

(၂၆)

မေဂျာဆရာမက သူတို့အဖွဲ့လိုက်ကြီးကို တွေ့လိုက်ရ၍ အံ့သြသွားပုံရပြီး-

"ဟဲ့. . . ဒါက ဘယ်လိုဖြစ်ရတာတုန်း"

အားလုံးကလည်း ဆရာမကို-

"မင်္ဂလာပါဆရာမ"

ဟု နှုတ်ဆက်ကြလေသည်။ ဆရာမမှာ ကြောင်တောင်တောင် ဖြစ်သွားသည်။

ထို့နောက် ထင်သစ္စာက မေးစရာရှိသည့်စာများ မေးနေတာကို တွေ့ရသည်။ အားလုံးကတော့ ထင်သစ္စာပြုမူနေသည့်ပုံစံတွေကိုပဲ လိုက်မှတ်နေကြသည်။

ဆရာမကတော့ ထင်သစ္စာကိုတစ်လှည့်၊ ကျောင်းသားကျောင်းသူများကိုတစ်လှည့်ကြည့်ကာ မျက်မှောင်ကုပ်ပြီး ရှင်းပြနေသည်။

'၁၀း၃၀ မှာ တီချယ်ဒေါ်သန်းသန်းအေးဆီရောက်၊ Paper I ထဲက ကိန်းဂဏန်းအချို့အကြောင်းမေး၊ ထင်သစ္စာဘာမှဝင်မပြော၊ ဆရာမကပဲ ရှင်းပြ၊ ပုစ္ဆာသုံးပုဒ်ဖြစ်သည်။ ရှင်းပြတာကို နားထောင်ပြီးနောက် ဆရာမကို ကျေးဇူးတင်ကြောင်းပြော၊ လှည့်ထွက်၊ ဆရာမက အားလုံးကို ကြည့်နေ. . .'

www.burmeseclassic.com

www.burmeseclassic.com



ထင်သစ္စာကို သူ့သူငယ်ချင်းက-

"ဟဲ့. . . ဘယ်သွားဦးမှာလဲ"

"Store ဆိုင်ကို ပြန်ပတ်လိုက်ဦးမယ်"

"ဟင်"

"အာ"

အံ့ဩသင့်ချိန်မရဘဲ ထင်သစ္စာနောက် လိုက်ရပြန်သည်။ ထင်သစ္စာကလည်း Store ဆိုင်ကိုပတ်ပြီး ဆိုင်ထဲပြန်ဝင်ပြန်သည်။ ဟိုကိုင်ကြည့်၊ ဒီကိုင်ကြည့်လုပ်ပြီး Oishi နောက်တစ်ထုပ် ထပ်ဝယ်ပြန်သည်။

'Store ဆိုင်ထဲ ပြန်ပတ်ဝင်၊ ဟိုကြည့်ဒီကြည့်လုပ်၊ ကွန်ပါဗူးလှလှလေးတစ်လုံးအား ကိုင်ကြည့်ပြန်၊ Oishi တစ်ထုပ် ထပ်ဝယ်၊ အထွေအထူးမရှိ. . .'

www.burmeseclassic.com

www.burmeseclassic.com



ထင်သစ္စာက စတိုးဆိုင်ထဲမှ ပြန်ထွက်လိုက်သည်။

"ဟဲ့ ဘယ်သွားဦးမှာလဲ"

သူငယ်ချင်းဘက်ပြန်လှည့်လိုက်ပြီး-

"မသွားတော့ဘူး. . . ပြီးသွားပြီ"

"ဘယ်လို"

"ဒီနေ့ဂိမ်းအတွက် ငါလိုချင်တာဘာလဲဆိုတာ ဖော်ပြပြီးသွားပြီ၊ အခု ကင်တင်းမှာ တစ်ခုခုသွားစားမယ်၊ ပြီးရင် အတန်းတက်မယ်"

"နင်လျှောက်သွားတဲ့ထဲမှာ နင်လိုချင်တာပါသွားပြီ ဟုတ်လား"

"အေး"

"အာ"

ထင်သစ္စာက ဖြေပြီးပြီးချင်း ကင်တင်းဘက်သို့ ဦးတည်လိုက်သည်။ သူ့သူငယ်ချင်းများက အနောက်ကနေ ပြေးလိုက်သွားရ၏။ တစ်ကောက်ကောက်လိုက်နေသော လူအုပ်ကြီးမှာသာ ကျန်ရစ်ခဲ့ပြီး ထင်သစ္စာ ဘာလိုချင်လဲဆိုတာကို စဉ်းစားပြီး ဦးနှောက်ခြောက်နေကြသည်။ ပြီးနောက် ထွန်းဝီရနှင့် အလင်းစစ်ပိုင်တို့ဘက် လှည့်လိုက်လေသည်။

❑

(၂၇)

"ရော့"

အိတ်ကြီးအိတ်ငယ်များဖြင့် လာချသောကြောင့် ထင်သစ္စာနှင့် သူ့သူငယ်ချင်းများမှာ တအံ့တသြ မော့ကြည့်လိုက်ကြသည်။

ထွန်းဝီရနှင့် အလင်းစစ်ပိုင်ဖြစ်သည်။

"ဘာတွေလဲ"

"ထင်သစ္စာအတွက် လက်ဆောင်တွေပါ"

ထွန်းဝီရတစ်ထုပ်၊ အလင်းစစ်ပိုင်တစ်ထုပ် ဖြစ်သည်။

ဆွေဆွေလှိုင်က ထွန်းဝီရအထုပ်ကိုဖွင့်ကြည့်ပြီး၊ မေဝင်းကတော့ အလင်းစစ်ပိုင်အထုပ်ကို ဖွင့်ကြည့်နေလေသည်။

ကင်တင်းတစ်ခုလုံးကလည်း ထိုအဖြစ်အပျက်ကို ဝိုင်းကြည့်နေကြသည်။ ဖိုးထောင်နှင့် ဝင်းမြင့်ဆွေဦးကတော့ ခပ်လှမ်းလှမ်းမှ လှမ်းကြည့်ပြီး မင်းချမ်းငြိမ်ကို ကျိန်ဆဲနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"သေနာ၊ ဘယ်ရောက်နေလဲမသိဘူး၊ ဟိုနှစ်ယောက်က ပေး နေပြီ"

"သူ့အိမ်ကို ဖုန်းဆက်လိုက်သေးလား"

"ထွက်သွားတာ ကြာပြီတဲ့"

ထွန်းဝီရအိတ်ထဲက ပစ္စည်းများနှင့် အလင်းစစ်ပိုင်အိတ်ထဲက ပစ္စည်းများမှာ အတူတူဖြစ်နေကြသည်။

ပစ္စည်းများမှာ ထွေထွေထူးထူးမရှိ. . .။ ထင်သစ္စာ ဒီနေ့ ကိုင်ကြည့်ခဲ့သော ပစ္စည်းများသာဖြစ်သည်။

ထွန်းဝီရကတော့ **Oishi** တစ်ထုပ် ပိုပါသည်။

"ကျွန်မလိုချင်တာ အဲ့ဒါတွေမဟုတ်ဘူး"

"ဘယ်လို. . . ဒီထဲက တစ်ခုမှမပါဘူးလား"

"မပါဘူး"

ထင်သစ္စာစကားကြောင့် အားလုံးမှာ တော်တော်လေး စိတ်ဝင်စားသွားကြသည်။ ထင်သစ္စာဘာလိုချင်လဲဟု လိုက်တွေး နေသည့် ထင်သစ္စာကို ချစ်နေသောသူများပင် အူကြောင်ကြောင် ဖြစ်သွားကြသည်။

သူတို့လက်ထဲတွင်ရှိသည့် ထင်သစ္စာကိုင်ကြည့်ခဲ့သော ပစ္စည်း များကိုလည်း လူမမြင်အောင် ဝှက်လိုက်ကြသည်။

ထင်သစ္စာက အတန်းသွားတက်ရန် မတ်တတ်ထရပ်လိုက်သည်။ ထွန်းဝီရနှင့် အလင်းစစ်ပိုင်တို့နှစ်ယောက်၏မျက်နှာမှာ စိတ်ညစ်



နေကြပုံပေါက်ပြီး 'ထင်သစ္စာ'ဘာလိုချင်လဲဆိုတာကို အပြင်းအထန် စဉ်းစားနေကြသည်။

ထင်သစ္စာက ပိုက်ဆံရှင်းသည်။

သူ့သူငယ်ချင်းများကလည်း အတန်းတက်ရန်အတွက် ကိုယ့် လွယ်အိတ်ကို ကောက်ယူလိုက်ကြသည်။

"မင်းချမ်းငြိမ်"

မေဝင်း၏အသံကြောင့် ထင်သစ္စာအပြင် အားလုံးက အဝင်ဝ သို့ လှမ်းကြည့်မိကြသည်။

"ဟာ. . . ဒီကောင့်ပုံစံကြီးက ဘယ်လိုဖြစ်နေတာလဲ"

ဖိုးထောင်ပြောလည်း ပြောစရာပင်. . .။ မင်းချမ်းငြိမ်ပုံစံက တစ်မျိုးပြောင်းနေလေသည်။

တောင်ရှည်ပုဆိုးဝတ်ထားပြီး တိုက်ပုံကော်လံကတုံးကိုလည်း သေသေချာချာ ဝတ်ထားသည်။ တောင်ရှည်ကို ခါးပတ်ပတ်ထားပြီး ရှူးဖိနပ်လည်း စီးထားသည်။ ထို့ပြင် ပါးစပ်မှာလည်း ဆေးတံကြီး ခဲထားသေး၏။

"ဘယ်လိုဖြစ်လာတာလဲကွ"

သူတို့ခုံတွင် ဝင်ထိုင်သော မင်းချမ်းငြိမ်ကို ဖိုးထောင်က မေး လိုက်သည်။

"ဟဲ. . . ဟဲ ဘယ်သူနဲ့တူလဲကွ"

ဖိုးထောင်နှင့် ဝင်းမြင့်ဆွေဦးက မျက်မှောက်ကြုတ်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို. . . ဘယ်သူနဲ့တူရမှာလဲ"

"ငါ့ပုံစံကိုပြောတာလေ၊ ဘယ်သူနဲ့တူလဲလို့"

ကြည့်ကြပြန်သည်။

ကြာတော့ မင်းချမ်းငြိမ် စိတ်မရှည်တော့ဘဲ-

"ဟာ. . . ငါ့ပုံစံက ဦးစံရှားနဲ့ မတူဘူးလား"

"အေး. . . တူသလိုလိုတော့ရှိသား၊ ဘာလုပ်လာတာလဲ၊ အရှုံ ထလာတာလား"

"ဟဲ. . . ဟဲ၊ အခုဂိမ်းက ဟိုစုံစမ်း၊ ဒီစုံစမ်းလုပ်ပြီး စဉ်းစား ရမှာဆိုတော့ကာ ဦးစံရှားအိုက်တင်ကို ယူလာတာကွ"

ဝိုင်းသမကြသည်။ ဗျစ်တောက်ဗျစ်တောက်ပြောသံများဖြင့် ဆူညံသွားလေသည်။ ပြောတဲ့သူတွေက မင်းချမ်းငြိမ်ဘက်က လူတွေဖြစ်သည်။

"ဟိုနှစ်ယောက်က ပစ္စည်းတွေ တစ်မျိုးပြီးတစ်မျိုး ပေးပြီး သွားပြီကွ"

"အဲ. . . ဟုတ်လား"

ထိုအခါကျမှ မင်းချမ်းငြိမ်က ပြုံးပြုံးပြာပြာဖြစ်သွားသည်။

ကင်တင်းတစ်ဖက်ရှိ ဟိုနှစ်ယောက်နှင့်အတူ သူ့ကိုကြည့်နေသော ထင်သစ္စာတို့အဖွဲ့ကိုလည်း လှမ်းကြည့်မိသည်။

ကျန်တဲ့သူများကလည်း သူဘာပေးမလဲ စိတ်ဝင်စားနေကြပုံ ရသည်။ ထိုစဉ် မင်းချမ်းငြိမ်က ကင်တင်းရှိ ကွမ်းယာရောင်းတဲ့ ကုလားလေးအား လက်ခုပ်တီးပြီး လှမ်းခေါ်လိုက်သည်။

"ဘာလုပ်မလို့လဲ"

ဖိုးထောင်က ဝင်မေးသည်။

"ဦးစံရှားတို့၊ ဆားပုလင်းနှင်းမောင်တို့က လူတွေမသိလောက် တဲ့ကောင်လေးတွေကို သူလျှို၊ ဒလံလွှတ်ထားတယ် မှတ်လား၊ ဒီ တော့ကာ ငါ့မှာလည်း သူလျှိုတွေလွှတ်ထားတာပေါ့ ဟဲ ဟဲ"

မင်းချမ်းငြိမ် ပေါကြောင်ကြောင်လုပ်နေတာကိုပဲ အားလုံးက ဝင်မပြောနိုင်ပဲ ဖြစ်နေကြသည်။

သို့သော် စိတ်တော့ဝင်စားနေကြ၏။

ထင်သစ္စာပင် အတန်းထဲမသွားနိုင်ဘဲ မင်းချမ်းငြိမ်ကို တစေ့ တစောင်းကြည့်နေသည်။

ကွမ်းယာရောင်းတဲ့ကုလားလေး ရောက်လာသည်။

"ကောင်လေး၊ မင်းစုံစမ်းထားသမျှ၊ ဒီနေ့မြင်သမျှ ငါ့ကိုပြော စမ်း၊ ဒီမှာ ငါးရာ"

ကုလားလေးက မင်းချမ်းငြိမ်ရှေ့ မတ်တတ်ရပ်ပြီး ထင်သစ္စာ ဒီနေ့လုပ်သမျှ အလုပ်များကို တရစပ် ရွတ်ပြနေလေသည်။

အသေးစိပ်လှသောကြောင့် အားလုံးပင် အံ့သြသင့်သွားသည်။ ပိုဆိုးသည်က ထင်သစ္စာအိမ်က စအထွက် ကင်တင်းမှာထိုင်တဲ့ အထိပါ ပြောပြနိုင်ခြင်း ဖြစ်သည်။

"ကောင်းတယ်ကောင်လေး၊ ဒီနေ့တော့ ဒီလောက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆေးတံကြီးကို ဘေးချလိုက်ပြီး-

"ဒီတော့ကာ"

ဆိုပြီးလုပ်နေသေး၍ အားလုံးက ဝိုင်းအော်ကြလေသည်။

မင်းချမ်းငြိမ်လည်း မနောက်ရဲတော့ဘဲ ပုံမှန်အတိုင်း ဆက်ပြောရသည်။

"ဟိုနှစ်ယောက်က ထင်သစ္စာကိုင်ခဲ့တဲ့ပစ္စည်းတွေကို ပေးတာတောင် သူလိုချင်တာမဟုတ်ဘူးဆိုတော့ ထင်သစ္စာက အဲ့ဒီ စတိုးဆိုင်ရယ်၊ တီချယ်ဒေါ်သန်းသန်းအေးဆီရယ်ကို ဘာသွားလုပ်တာလဲ စဉ်းစားစရာပဲ"

တစ်မိနစ်ခန့်အထိ မင်းချမ်းငြိမ်က နာမည်နှင့်လိုက်အောင် ငြိမ်သွားလေသည်။ ကင်တင်းတစ်ခုလုံး တိတ်သွားကာ ထင်သစ္စာတို့အဖွဲ့ပင် ခုံမှာ ပြန်ထိုင်လိုက်ရသည်။

မင်းချမ်းငြိမ်က အိတ်ထဲက စာအုပ်တစ်အုပ် ဆွဲထုတ်လိုက်ပြန်၏။

ဟိုခြစ် ဒီခြစ်လုပ်နေပြန်၏။

ဖိုးထောင်၊ ဝင်းမြင့်ဆွေဦးနှင့် အနီးအနားက ကျောင်းသားကျောင်းသူအချို့က သူ့စာအုပ်ကို ဝိုင်းကြည့်ကြသည်။

ဘာတွေမှန်းမသိ. . .။ ရှုတ်ယှက်ခက်နေသည်။

□

(၂၈)

"သူလိုချင်တာ နှင်းဆီပန်းဖြစ်ရမယ်"

"ဟင်"

ထင်သစ္စာ မျက်နှာပျက်သွားတာကို တွေ့လိုက်ရသည်။

"ဟုတ်. . . ဟုတ်လို့လား၊ သူ ဒီနေ့လုပ်သွားတာနဲ့ နှင်းဆီပန်းနဲ့ ဘာမှမဆိုင်ပါလား"

"အာ. . . အဲ့ဒါ လှည့်ကွက်ဆင်ထားတာ. . . ငါနှင်းဆီပန်းသွားဝယ်လိုက်ဦးမယ်"

ပြောရင်းဆိုရင်း တောင်ရှည်ပုဆိုးတကားကားနှင့် ဆေးတံကြီးခဲကာ ကင်တင်းထဲမှ ထွက်သွားလေသည်။

မင်းချမ်းငြိမ်ထွက်သွားသောအခါ အားလုံး၏အကြည့်များသည် ထင်သစ္စာဘက်သို့ ရောက်သွားလေ၏။

"မင်းချမ်းငြိမ် ပြောသွားတာ တကယ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဆွေဆွေလှိုင်က တိုးတိုးလေးမေးလိုက်သည်။

ထင်သစ္စာမျက်နှာမှာ တည်ငြိမ်နေပြီး မင်းချမ်းငြိမ် ထွက်သွားသည့်လမ်းကိုသာ ကြည့်နေလေသည်။

အားလုံးမှာ သိလိုစိတ် ပြင်းပြနေလေသည်။

ထွန်းဝီရနှင့် အလင်းစစ်ပိုင်မှာလည်း မေးသင့်၊ မမေးသင့် စဉ်းစားနေ၏။ ဟိုကောင် ပေါက်ကရပြောသွားတာ ဖြစ်မှာပါ။

ထင်သစ္စာက မဖြေ၍ အားလုံးမှာ မင်းချမ်းငြိမ်ကိုသာ မျှော်နေကြလေသည်။ ခဏအကြာတွင် ဘယ်ကဝယ်လာမှန်းမသိသော နှင်းဆီပန်းအနီရဲရဲတစ်ပွင့်အား ကိုင်ပြီး ကင်တင်းထဲသို့ လှမ်းဝင်လာလေ၏။

တောင်ရှည်ပုဆိုးကို တစ်ဖက်ကကိုင်ရင်း ထင်သစ္စာရှေ့တွင် မတ်တတ်ရပ်လိုက်ကာ နှင်းဆီပန်းအား ကမ်းပေးလိုက်လေသည်။

ကင်တင်းတစ်ခုလုံးမှာ တိတ်ဆိတ်နေပြီး သိချင်စိတ်များကြောင့် မင်းချမ်းငြိမ်နှင့် ထင်သစ္စာတို့နားသို့ တဖြည်းဖြည်း တိုးလာလေသည်။

ထင်သစ္စာက သူမ၏လက်ကို နှင်းဆီပန်းရှိရာသို့ မြှောက်လိုက်လေသည်။

❑

| စဉ် | အမည် | ရမှတ် | Level |
|---|---|---|---|
| ၁။ | ထင်သစ္စာ | ၃၀ | - |
| ၂။ | ထွန်းဝီရ | - | - |
| ၃။ | အလင်းစစ်ပိုင် | - | - |
| ၄။ | မင်းချမ်းငြိမ် | ၁၀ | ၁ |

www.burmeseclassic.com

www.burmeseclassic.com

(၂၉)

ညနေရောက်တော့ ထင်သစ္စာအစား မင်းချမ်းငြိမ်က လူအများကို ရှင်းပြနေရသည်။

သူရှင်းပြတော့လည်း ဟုတ်သလိုလိုတော့ ရှိနေသည်။

"သူ **Store** ဆိုင်သွားတယ်ဆိုတော့ စဉ်းစားကြည့်တယ်၊ ဘာဆိုလိုချင်တာလဲပေါ့၊ အထဲက ပစ္စည်းတွေလည်း မဟုတ်ဘူးဆိုတော့ **Store** ဆိုင်ကိုပဲပြောချင်တာလားလို့ တွေးမိတယ်၊ နောက်ပြီး တီချယ်ဆီသွားမယ်လို့ပြောပြီး ဆိုင်ထဲကထွက်လာတယ်ဆိုတော့ ဒီလိုစဉ်းစားမိတယ်"

မင်းချမ်းငြိမ်က စာရွက်အလွတ်ပေါ်တွင် ချရေးလိုက်သည်။

"**Store** ဆိုင်ကို အရင်ဝင်တယ်ဆိုတော့ **Store** ကို ယူကြည့်မယ်"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ T ချယ်ဆီကို သွားတယ်ဆိုတော့ Store မှာရှိတဲ့ T ကို ချယ်(ခြစ်)ကြည့်လိုက်ရင် ဒီလိုထွက်တယ်"

ဟုဆိုကာအောက်ပါအတိုင်း ရေးပြ၏။

**Store=Sore**

"နောက်တော့ သူက စတိုးကို လှည့်ပြီးပြန်ဝင်တယ်ဆိုတော့ လှည့်ပြောင်းပေးရမယ်ဆိုတဲ့သဘောလို့ ယူဆမယ်ဆိုရင်. . ."

**Sore=Rose**

"အာ. . . အေး ဟုတ်သားပဲ"

"ဒီလိုဆိုတော့ မင်းချမ်းငြိမ်က အလာကြီးပဲ"

"ဟဲ. . . ဟဲ"

မင်းချမ်းငြိမ်က စပ်ဖြီးဖြီး လျှောက်လုပ်နေသည်။

"ဟော့. . . မင်းချမ်းငြိမ်"

"ဗျို့"

"Level-1 ရောက်သွားတယ်ဆိုတော့ ထင်သစ္စာနဲ့ နှစ်ယောက်တည်း စကားပြောလို့ရတော့မယ်ပေါ့။ အဲဒါဆို ဘာတွေ ပြောမှာလဲ"

"အဟဲ. . . အများကြီးတော့ မရှိပါဘူး၊ တစ်ခုပဲရှိတယ်"



"ဘာလဲ"

ဒါကျတော့ မင်းချမ်းငြိမ်က မဖြေပါဘူး။ ဟိုလျှောက်ပြော၊ ဒီလျှောက်ပြောနှင့် လှုစုခွဲလိုက်ကြသည်။

Game ကုမ္ပဏီက လူများမှာ ကစားနေစဉ်အတွင်း သူတို့နှင့် လာတွေ့မှာမဟုတ်ဘဲ သဘောတူထားသည့်အတိုင်း ပြီးဆုံးအောင် ကစားပြီးမှသာ တွေ့ကြမည်ဖြစ်သည်။

ကြားထဲက အဖြစ်အပျက်များကိုတော့ သူတို့က တစ်နည်းနည်းနှင့် မှတ်တမ်းတင်နေမည်ဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

(၃၀)

"ထင်သစ္စာ"

"ဘာလဲ"

"နင်ကလည်း ငါနိုင်တာကို အသိအမှတ်ပြုတဲ့အနေနဲ့ အေးအေးဆေးဆေး ပြန်ပြောပါလား"

"နင့်ကို ငါ သိပ်ကြည်တာမဟုတ်ဘူး"

"နင်ရှုံးသွားလို့လား"

ဒါကျတော့ ထင်သစ္စာက မဖြေပါ။

ကင်တင်းရှိ လူရှင်းသောခုံတစ်ခုတွင် မင်းချမ်းငြိမ်နှင့် ထင်သစ္စာတို့ ထိုင်စကားပြောနေကြခြင်းဖြစ်သည်။

ဒီနေ့က ဂိမ်းကစားရက်မဟုတ်ပါ။ အနိုင်ရရှိသွားသည့် မင်းချမ်းငြိမ်က ကြိုက်သည့်အချိန် နှစ်ယောက်တည်း စကားပြောခွင့်ရသည့်နေ့ဖြစ်သည်။



မင်းချမ်းငြိမ်ကလည်း ကင်တင်းကိုရောက်လာပြီး သူငယ်ချင်းများနှင့်ထိုင်နေသော ထင်သစ္စာကို တစ်ဖက်စားပွဲဝိုင်းသို့ စကားပြောရန်ခေါ်သည်။

ထင်သစ္စာလည်း အောင့်သက်သက်ဖြင့် လိုက်သွားရသည်။

ပြောသည့်စကားများကလည်း ဘာမှမဟုတ်။ ပေါက်တက်ကရတွေ လာပြောဖြစ်သည်။

နေ့ခင်း ထမင်းစားပြီးတော့လည်း စကားပြောရန် လာခေါ်ပြန်သည်။

မင်းချမ်းငြိမ်က သူ့အခွင့်အရေးကို အပြည့်အဝ အသုံးချနေလေသည်။

ယခုလည်း အတန်းပြီး၍ မင်းချမ်းငြိမ် လာခေါ်တာနှင့် နှစ်ယောက်တည်း ကင်တင်းမှာထိုင်ပြီး စကားပြောနေကြခြင်းဖြစ်သည်။

"ငါ နင့်ကို တစ်ခုမေးရဦးမယ်"

"............"

ထင်သစ္စာက ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။

"နင် ဒီဂိမ်းကို ကစားဖို့ ရွေးချယ်တာက ဂိမ်းကို သဘောကျလို့လား၊ အဲ့ဒီလိုမှမဟုတ်ဘဲ ငါတို့သုံးယောက်ကို"

ဆက်ခနဲလှည့်ကြည့်သည်။

"နင်ဘာတွေပြောနေတာလဲ"

"ဟာ... ငါသိချင်လို့ပါဟ"

www.burmeseclassic.com

www.burmeseclassic.com



"နင်ကျတော့ရော"

"ပိုက်ဆံလိုချင်လို့"

"ငါကတော့ အဲ့ဒါကြောင့်မဟုတ်ဘူး"

"ဟင်. . . ဒါဆို. . . ."

မင်းချမ်းငြိမ်တစ်ခုခု ပြောမလို့ပြင်ပြီးမှ မပြောဘဲ ငြိမ်နေလိုက်သည်။

ထို့နောက် လွယ်အိတ်ထဲမှ သူယူလာသော ပစ္စည်းလေးတစ်ခုအား ထုတ်ပြီး ထင်သစ္စာရှေ့သို့ တွန်းပေးလိုက်သည်။

"ဒါကတော့ ဂိမ်းနဲ့မဆိုင်ပါဘူး၊ ငါက Level တက်သွားတဲ့အတွက် နင့်ကို လက်ဆောင်ပေးတာပါ"

ဖန်ခွက်လေးတစ်ခွက်ဖြစ်သည်။ ထူးဆန်းတာက ထိုခွက်ပေါ်တွင် သူတို့သုံးယောက်ပုံနှင့် ထင်သစ္စာပုံများကို ရိုက်နှိပ်ထားပြီး အောက်တွင်လည်း အင်္ဂလိပ်လိုရေးထားသည်။

**Who is the winner?**

(နိုင်တဲ့သူ ဘယ်သူဖြစ်မလဲ)

❑

မင်းချမ်းငြိမ်က ထင်သစ္စာကို ပေးလိုက်သော ဖန်ခွက်လေးနှင့် အခြား သူတို့လေးယောက် ရုပ်ပုံပါသော လက်ဆောင် ပစ္စည်းများကို ကျောင်း Store ဆိုင်၌ ရောင်းချရာ ကျောင်းသားကျောင်းသူများ အလုအယက် ဝယ်ကြသောကြောင့် အတော်လေး ရောင်းကုန်သွားလေသည်။ ဤသို့ဖြင့် ထိုဂိမ်းပွဲလေးသည် ကျောင်း၌ နာမည် ကြီးလာလေ၏။

လူတိုင်း၌လည်း မင်းချမ်းငြိမ်ရောင်းသော အမှတ်တရ ဂိမ်းပစ္စည်းများ ကိုယ်စီရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၃၁)

ဖယ်ရီကွင်းရှိ စာတိုက်ပုံးရှေ့တွင် ကောင်မလေးတစ်ယောက် ရပ်လိုက်လေသည်။

အချိန်မှာ ကျောင်းသား ကျောင်းသူများ သိပ်မရောက်သေးသည့်အချိန်ဖြစ်သည်။ ခတ်ထားသော သော့ကိုဖွင့်လိုက်သည်။

ထို့နောက် အိတ်ထဲကယူလာသောစာကို တစ်ခေါက်ဖတ်လိုက်ပြီး စာတိုက်ပုံးထဲသို့ ထည့်လိုက်သည်။

သော့ကို သေချာစွာပြန်ပိတ်ပြီး ဘေးရှိ ဇယားကွက်အား တစ်ချက်ကြည့်လိုက်သည်။

ပြီးနောက် စာတိုက်ပုံးရှေ့မှ လှည့်ထွက်လိုက်ကာ ကင်တင်းရှိရာသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ထိုကောင်မလေးကို လှမ်းတွေ့လိုက်ရသော ကျောင်းသားအချို့က-

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ ဂိမ်းပြန်စတဲ့နေ့ပဲ' ဟု ရေရွတ်လိုက်ကာ ကောင်မလေး ဝင်သွားသော ကင်တင်းဘက်အခြမ်းသို့ လိုက်ဝင်သွားလေသည်။

❑

(၃၂)

သူတို့ သုံးယောက်ရှေ့သို့ တိုးပေးလိုက်သော အရာများကြောင့် မင်းချမ်းငြိမ်၊ ထွန်းဝီရနှင့် အလင်းစစ်ပိုင်တို့မှာ ကြောင်တောင်တောင်ဖြစ်သွားကြသည်။

သူတို့ရှေ့သို့ ပေးလိုက်သော အရာမှာ နှင်းဆီပန်းခြောက်သုံးခုဖြစ်ပြီး ပန်းရိုးတစ်ခုစီတွင် ကလစ်တစ်ခု ညှပ်ထားလေသည်။

ထိုနောက် ထင်သစ္စာက တစ်ယောက်တစ်ခုစီပေးလိုက်ပြီး-

"ရော့. . . ဒီနှင်းဆီပန်းခြောက် တစ်ခုစီယူထားပြီး ညနေကျရင် ကျွန်မကို ညှပ်ပြီးပြန်ပေးပါ၊ ကလစ်ကိုတော့ ရှင်တို့ယူထားလိုက်ပေါ့၊ **Romance** လေးပေါ့ရှင်"

"ဒီနေ့အတွက် ဒါတွေပဲလား ထင်သစ္စာ"

ထွန်းဝီရက နှင်းဆီပန်းခြောက်ကို ကိုင်လိုက်ရင်းမေးသည်။

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမှတ်ကရော. . ."

"၁၀ မှတ်ပဲသတ်မှတ်ထားပါတယ်"

ထင်သစ္စာက မတ်တပ်ရပ်သည်။

"မေးစရာမရှိတော့ဘူးဆိုရင် ကျွန်မ အတန်းသွားတက်တော့မယ်"

အလင်းစစ်ပိုင်က မေးမလို့ပြင်လိုက်သေးသည်။ နောက်မှ ဘာစိတ်ကူးပေါက်သည်မသိ မမေးပဲ ငြိမ်နေလိုက်သည်။

မင်းချမ်းငြိမ်ကတော့ နှင်းဆီပန်းခြောက်ကို လှည့်ပတ်ကြည့်နေသည်။ ဤသို့ဖြင့် ဒီနေ့ဂိမ်းက စတင်ခဲ့၏။

❑

(၃၃)

ဆရာ စာသင်နေသော်လည်း ဘေးနားတွင်ချထားသော ကလစ်နှင့် ညှပ်ထားသည့်နှင်းဆီပန်းခြောက်ပေါ်ကိုသာ စိတ်ရောက်နေလေသည်။

ဖိုးထောင်နှင့် ဝင်းမြင့်ဆွေဦးကလည်း နှင်းဆီပန်းခြောက်ကို တစ်ချက်တစ်ချက် ကြည့်နေပုံထောက်တော့ သူတို့လည်းစဉ်းစားနေပုံရသည်။

"မင်းချမ်းငြိမ်"

ဆရာ့အသံကြောင့် မင်းချမ်းငြိမ် လန့်သွားပြီး-

"ဗျာ. . . ဆရာ"

"စာလည်း စိတ်ဝင်စားဦး. . . ဂိမ်းကြီးပဲ လုပ်မနေနဲ့"

"ဟုတ်. . . ဟုတ်"

ဆရာလည်း သူတို့ဂိမ်းအကြောင်း သိထားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှတော့ ထပ်မပြော၊ စာဆက်သင်နေသည်။ သဘော ကောင်းသော ဆရာဖြစ်သောကြောင့် တော်သေးသည်။

ထို့နောက် နှင်းဆီကို ခဏာမေ့ထားကာ စာကို စိတ်ဝင်တစား နားထောင်နေလိုက်သည်။

❑

## (၃၄)

ထွန်းဝီရကတော့ အတန်းမတက်ဘဲ လူရှင်းသည့်ကင်တင်းမှာ သွားထိုင်ကာ နှင်းဆီပန်းကို သေချာကြည့်ပြီး စဉ်းစားနေလေသည်။

နှင်းဆီပန်းရိုးတွင် ညှပ်ထားသော ကလစ်ကိုလည်း ဖြုတ်ကြည့် လိုက် ပြန်တပ်လိုက် လုပ်ကြည့်သည်။

ထူးထူးခြားခြား ဘာမှစဉ်းစား၍မရ. . . .။

ခေါင်းရှုပ်လာသည်။ ဒီအချိန်ဆို ဟိုနှစ်ယောက်ရော ဘာတွေ များစဉ်းစားနေလဲမသိ. . .။

အဖြေများရသွားပြီလား. . . .။

အလင်းစစ်ပိုင်ကိုတော့ ကင်တင်းရှေ့က ဖြုတ်သွားတာကို ခုနက တွေ့လိုက်ရသည်။

လက်မှာ နှင်းဆီပန်းခြောက်ကြီးကိုင်ပြီး စဉ်းစားလို့ ရပုံ မပေါ် သေးဘူးထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းချမ်းငြိမ် . . . ။ သူကတော့ စဉ်းစားနိုင်သောကြောင့် ဂိမ်းမှာ သတိထားရမည့်သူတစ်ယောက်ဖြစ်သည်။

နှင်းဆီပန်းကို ပြန်ကိုင်လိုက်ပြန်သည်။

ခေါင်းထဲမှာ ဘာအတွေးမှပေါ်မလာချေ။

နာရီက ၁-နာရီခွဲတော့မည်ဖြစ်သည်။

ထင်သစ္စာပြောလိုက်တဲ့ စကားများကို ပြန်ရေရွတ်ကြည့်မိသည်။

*"ဒီနှင်းဆီပန်းခြောက် တစ်ခုစီယူထားပြီး ညနေကျရင် ကျွန်မ တို့ ညှပ်ပြီး ပြန်ပေးပါ။ ကလစ်ကိုတော့ ရှင်တို့ ယူထားလိုက်ပေါ့၊ Romance လေးပေါ့ရှင်"*

နှင်းဆီပန်းခြောက် ရိုးတံကတော့ နည်းနည်းရှည်နေသည်။ ညှပ်ပစ်လိုက်ပြီးများ ပြန်ပေးခိုင်းတာလား . . . ။

မဖြစ်နိုင်ဘူးထင်တယ်။

ဘာတစ်ခုမှ တွေးမရ၍ စိတ်ညစ်သွားသည်။

ထို့ကြောင့် ပိုက်ဆံရှင်းပြီး ထင်သစ္စာရှိရာ သွားရန်အတွက် စားပွဲထိုးလေးကို လိုက်ရှာလိုက်သည်။

မတွေ့ . . . . . ။

ငွေရှင်းကောင်တာနှင့် နီးနေသောကြောင့် နှင်းဆီပန်းကို လက်ကကိုင်ပြီး လွယ်အိတ်ကို လွယ်လိုက်သည်။



"ဘယ်လောက်လဲ"

"၈၀၀ ပါ"

တစ်ထောင်တန်ပေးလိုက်သောကြောင့် ဆိုင်ရှင်အစ်မကြီးက နှစ်ရာပြန်အမ်းသည်။

"ဟဲ့ . . . နှင်းဆီပန်းခြောက်ကို ဒီအတိုင်းကိုင်သွားမလို့လား ကြွေကျသွားဦးမယ်။ စာအုပ်လေး ဘာလေးနဲ့ညှပ်ပြီးယူသွားပါလား၊ ကောင်မလေးကိုပေးဖို့ဆိုရင် ဒိုင်ယာရီလေးနဲ့ညှပ်ပြီးပေးလေ . . . အဲဒါမှ ကောင်မလေးကြိုက်မှာပေါ့"

"ဟင်"

❑

www.burmeseclassic.com

## (၃၅)

ကင်တင်းထဲသို့ လှမ်းဝင်လိုက်သောအခါ လူများအုံထနေတာကိုတွေ့ရသည်။ နာရီကို ကြည့်လိုက်တော့ နှစ်နာရီကျော်နေပြီဖြစ်သည်။

"ထွန်းဝီရ နိုင်သွားတယ်တဲ့"

ဟင်. . . သူ့ကိုမတွေ့ဘဲ နောက်လှည့်ပြောနေကြသည့် လူနှစ်ယောက်အသံကို ကြားလိုက်ရသည်။ လက်ထဲက ကိုင်လာသောပစ္စည်းကိုလွယ်အိတ်ထဲ ပြန်ထည့်လိုက်၏။

ထွန်းဝီရ နိုင်သွားပြီ. . .။

သူစဉ်းစားထားတဲ့အဖြေ မှန်မမှန်တော့ သိချင်နေမိသည်။

ထို့ကြောင့် ဘယ်သူမှ မရိပ်မိလောက်သည့်နေရာကိုသွားကာ ထင်သစ္စာထိုင်တတ်သည့် ကင်တင်းရှိရာသို့ လှမ်းကြည့်လိုက်သည်။

ပြုံးပျော်နေသော ထွန်းဝီရကိုတွေ့ရပြီး ထင်သစ္စာကိုတော့



ပုံမှန်အတိုင်းပဲ တွေ့ရသည်။

သူတို့ရှေ့ကပစ္စည်းကို မတွေ့ရသောကြောင့် နေရာအနည်းငယ်ပြောင်းလိုက်သည်။

"ဟင်. . ."

ဒိုင်ယာရီ စာအုပ်တစ်အုပ်. . .။ ဒါဆို. . .။

လွယ်အိတ်ထဲက ဒိုင်ယာရီနဲ့ ညှပ်ထားတဲ့ ပန်းခြောက်လေးကို ပြန်ထုတ်ကြည့်လိုက်သည်။

ထွန်းဝီရကတော့ ဆယ်မှတ်ရသွားပြီဖြစ်သည်။

သူကတော့ အနည်းငယ်နောက်ကျသွားခဲ့၏။

❑

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အမည် | ရမှတ် | Level |
|---|---|---|---|
| ၁။ | ထင်သစ္စာ | ၂၀ | - |
| ၂။ | ထွန်းဝီရ | ၁၀ | ၁ |
| ၃။ | အလင်းစစ်ပိုင် | - | - |
| ၄။ | မင်းချမ်းငြိမ် | ၁၀ | ၁ |

www.burmeseclassic.com

www.burmeseclassic.com

(၃၆)

ပွဲတိုင်းရှုံးနေသည့်အတွက် သူမကိုယ်သူမ မကျေမနပ်ဖြစ်နေမိသည်။ ယခုဆိုလျှင် သူမအတွက်အမှတ်က နှစ်ဆယ်ပဲရှိတော့သည်။

စဉ်းစားရင်း စိတ်ကရှုပ်လာသည်။

ကင်တင်းမှာ ထိုင်ရင်း စာအုပ်လည်းမဖတ်ချင်။ စိတ်တွေကအဲ့ဒီအကြောင်းပဲ ရောက်နေသည်။

ဒီနေ့လည်း ထွန်းဝီရက သူ့ကိုစကားလာပြောတာ သုံးခေါက်တောင်ရှိနေပြီ ဖြစ်သည်။

ထို့ကြောင့် သူတို့မသိနိုင်သည့် ကင်တင်းတွင် တစ်ယောက်တည်းလာထိုင်နေခြင်းဖြစ်သည်။

ပထမတုန်းကတော့ အပျော်သဘောအဖြစ် လုပ်ဆောင်ခဲ့သော်လည်း ယခုအခါ အကြိတ်အနယ် ရှိလာပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ဂိမ်းတစ်ခုအတွက် ဘာစဉ်းစားရင်ကောင်းမလဲ။

သူတို့ မဖြစ်နိုင်တာ မတွေးနိုင်တာစဉ်းစားရမယ်။

ဒါမှမဟုတ် သူတို့မရှာနိုင်တဲ့ အရာဆိုရင်ရော. . .။

ရှာနိုင်ရင်တောင်မှ တစ်ရက်အတွင်းမရှာနိုင်တဲ့ဟာမျိုးလည်း ဖြစ်ရမည်။

လွယ်အိတ်ထဲမှ Note စာအုပ်လေးထုတ်လိုက်သည်။

အခက်အခဲဆုံးဖြစ်သည့် အရာများကို တစ်ခုချင်းစီ ချရေးလိုက် ပြန်ဖျက်လိုက် လုပ်နေမိသည်။

တစ်ခုမှ စိတ်တိုင်းမကျချေ. . . .။

ထို့ကြောင့် စာအုပ်ကိုဘေးချထားလိုက်သည်။

ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း အတွဲတစ်တွဲ ဖြတ်လျှောက်သွားတာကို သတိထားမိလိုက်သည်။

"ဟင်"

ရုပ်ရည်တော်တော်ကြီးကို တူသောအတွဲဖြစ်သည်။ ကြည့်လိုက်တာနဲ့ မောင်နှမလို့ပင်ထင်ရ၏။

အတွေးတစ်ခုရသွားသည်။

စာအုပ်ထဲတွင် ချရေးလိုက်ပြီး တစ်ခေါက်ပြန်ဖတ်လိုက်သည်။

❑

(၃၇)

အရေးကြီးသည့်ဂိမ်းနေ့ ဖြစ်သောကြောင့် ကျောင်းသို့လူတော်တော်များများ အစောကြီးရောက်နေကြသည်။

ဂိမ်းပွဲကို လွတ်သွားမှာစိုးသောကြောင့် ဖယ်ရီနှင့်မလာပဲ ကိုယ့်အစီအစဉ်နဲ့ လာသူများလည်းရှိသည်။

ဖယ်ရီနဲ့လာကြသူများကလည်း ဖယ်ရီပေါ်ကဆင်းဆင်းချင်း ကင်တင်းသို့ ပြေးကြလေ၏။ သူတို့ရောက်ချိန်တွင် ကင်တင်းမှာ လူစုံနေပြီဖြစ်သည်။

စားပွဲတစ်ခုတွင် ထင်သစ္စာနှင့် သူ့သူငယ်ချင်းများက တစ်ဖက်. . .။ ဂိမ်းကစားသူ ယောကျ်ားလေးသုံးယောက်က တစ်ဖက် ရှိနေကြသည်။

ထိုအချိန်တွင် ထင်သစ္စာက စကားစပြောနေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်တူတဲ့ကောင်လေးနဲ့ ကောင်မလေးစုံတွဲတွေက ညားတတ်တယ် ဆိုတာကို ရှင်တို့ယုံလား"

သုံးယောက်လုံး တိတ်ဆိတ်နေသည်။

ထွန်းဝီရက "မသေချာဘူး" ဟုပြောသည်။ အလင်းစစ်ပိုင်က တော့ ခေါင်းခါသည်။ ဘာအဓိပ္ပါယ်မှန်းတော့ မသိ. . .။

မင်းချမ်းငြိမ်ကတော့ ဘာမှဝင်မပြောပါ။

"ကျွန်မ ကြည့်ဖူးတဲ့ ရုပ်ရှင်ကားလေးတစ်ကားရှိတယ်ရှင့်"

"အင်း"

"အဲဒီ ကားထဲက ဇာတ်ကောင်မိန်းကလေးက ကမ္ဘာမှာ သူနဲ့ ရုပ်ဆင်တဲ့ လူတွေကိုလိုက်ရှာတယ်၊ ပြီးတော့ အဲဒီထဲကမှ သူ နှစ်သက်တဲ့ကောင်လေးကို ရွေးပြီး လက်ထပ်တဲ့ဇာတ်ကားလေးပါ"

ထင်သစ္စာ ဘာဆိုလိုချင်မှန်းကို ဘယ်သူမှမရိပ်မိကြချေ. . .။

"အဲဒီကားကို မနေ့က ပြန်ကြည့်တဲ့အချိန်မှာ ထူးထူးဆန်း ဆန်းပဲ ကျွန်မနဲ့ရုပ်ချင်းဆင်ပြီး ကျွန်မနဲ့ဆွေမျိုးမဟုတ်တဲ့ ကောင် လေးသုံးယောက်ရဲ့ဓာတ်ပုံကို ကြည့်ချင်နေမိတယ်"

"ဟင်"

"ဟာ"

ကတ်သီးကတ်သတ် အတွေးမျိုးဖြစ်သည်။

မဖြစ်နိုင်တာကို လုပ်ခိုင်းပြီး ညစ်တာဟုပင် အားလုံးကတွေးမိ လိုက်ကြသည်။



သို့သော် သေချာတွေးပါကလည်း ဖြစ်နိုင်သည်ဟု တွေးလို့ ရနေသည်။

နောက်တစ်ခုက အရင်ဂိမ်းနေ့တွေလို ဝှက်ထားခြင်းမရှိပဲ ပြောင်ဖွင့်ပြောခြင်းဖြစ်သည်။

ခက်တာက ထင်သစ္စာနဲ့ ရုပ်ချင်းဆင်တဲ့လူ သုံးယောက်ရဲ့ပုံ ဘယ်မှာရှာမလဲ. . .။

နှစ်ချီ ကြာသွားနိုင်သည်။

"ဟူး"

တစ်ယောက်နဲ့တစ်ယောက် မသိမသာ သက်ပြင်းချနေကြသည်။

"အမှတ်က ဘယ်နှမှတ်လဲ"

"ဆယ်မှတ်ပါပဲ"

မလုပ်လို့ကမဖြစ်တော့. . .။

ထင်သစ္စာက အတန်းတက်ရန်အတွက် သူတို့သုံးယောက်ရှေ့မှ ထွက်သွားပြီ ဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

(၃၈)

"ထင်သစ္စာက သူရှုံးနေလို့ ဒီလိုမဖြစ်နိုင်တာ လုပ်တာလား မသိဘူး"

ထင်သစ္စာ ထွက်သွားပြီးနောက် ဂိမ်းပွဲလာသော သူများထဲမှ တစ်ယောက်က ဝေဖန်သည်။

"ဒါပေမယ့် သူ့မှာလုပ်ပိုင်ခွင့်ရှိတယ်လေ"

"အေးလေ ငါတို့ယောကျ်ားလေးတွေက ဂိမ်းထဲမှာရော အပြင်မှာပါ သူတို့လိုချင်တာ ဖြည့်ဆည်းပေးနေရတာပဲ၊ လကမ္ဘာ ကျောက်ခဲယူချင်တယ်ဆိုရင်တောင် ယူပေးရမလားမသိဘူး"

"ဒါပေမယ့် သူက ဘယ်လိုမှ မဖြစ်နိုင်တာတော့ ခိုင်းလို့မရဘူး ဆိုတော့၊ အခု သူလိုချင်တဲ့ဟာကလည်း တွေးကြည့်ရင် ဖြစ်နိုင်တဲ့ ဟာပဲလေ"

တခြားဝိုင်းက ယောကျ်ားလေးနှစ်ယောက်ကတော့ အလုပ်ရှုပ်



နေကြသည်။

"ဟော့ကောင် မင်းမျက်နှာက ထင်သစ္စာနဲ့တူသလိုလိုပဲ"

"ဟုတ်လား"

ဤသို့ဖြင့် မှန်တွေလိုက်ငှားပြီး ကိုယ့်မျက်နှာကိုယ်ပြန်ကြည့်ကြနဲ့ ရှုပ်နေကြသည်။

ဒီနေ့ဂိမ်းတွင် ထင်သစ္စာလိုချင်သောပစ္စည်းမှာ မည်သို့မှ မဖြစ်နိုင်ဟု တစ်ကျောင်းလုံးက ထင်မှတ်ကြလေသည်။

သူရှုံးနေသောကြောင့် ဆယ်မှတ်ပြန်ရရန်အတွက် လုပ်ဆောင်ချက်တစ်ခုဟုသာ ယူဆနေကြသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## (၃၉)

ဒုက္ခရောက်နေသည်က ကင်တင်းတွင် ကျန်နေခဲ့သည့် ဂိမ်းကစားသူသုံးယောက် ဖြစ်သည်။

ဘယ်ကနေ ဘယ်လိုစလုပ်ရမှန်း မသိကြချေ. . .။ ထင်သစ္စာ ထွက်သွားတာ ကြာပြီဖြစ်သော်လည်း ကိုယ့်အတွေးနှင့်ကိုယ် ဆက်ထိုင်နေကြသည်။

ခဏအကြာတွင် ထွန်းဝီရက ကင်တင်းထဲမှ အရင်ထွက်သွားသည်။ ဘယ်ထွက်သွားမှန်းတော့မသိ. . .။

နောက်မှ အလင်းစစ်ပိုင်က သက်ပြင်းချကာ ထွက်သွားပြန်သည်။ ကင်တင်းတွင် မင်းချမ်းငြိမ် တစ်ယောက်တည်းသာ ကျန်ခဲ့၏။

ထိုအချိန်တွင် သူ့ရှေ့သို့ လူတစ်ယောက်လာရပ်၏။ **Game** ကုမ္ပဏီမှ ကိုကျော်လင်းဦး ဖြစ်သည်။ မလာစဘူးလာခြင်း ဖြစ်သည်။

"ဟိုနှစ်ယောက်ရော"



"ဘယ်ထွက်သွားလည်း မသိဘူး"

"ဪ"

"ဘယ်လိုဖြစ်လို့ ကျောင်းထဲရောက်လာတာလဲ"

"ဒီနေ့ ပွဲလေးက ကောင်းတယ်ဆိုပြီး ရုံးကပြောကြလို့ လာကြည့်တာ"

သူက ကော်ဖီတစ်ခွက်လှမ်းမှာလိုက်သည်။ ပြီးနောက်-

"ဂိမ်းကတော့ ဒီကျောင်းထဲမှာ တော်တော်လေးနာမည်ကြီးနေပုံပဲ"

"ဟုတ်တယ်၊ စိတ်ဝင်စားကြတယ်"

"ဒီနေ့ ထင်သစ္စာ သုံးသွားတဲ့အကွက်က သိပ်လှပါလား"

"အဲဒီလိုပဲ ဆိုရမှာပဲ၊ သူကရှုံးနေတာကိုး"

"ဒီလိုတော့ မဖြစ်လောက်ပါဘူး၊ တွေးကြည့်ရင်တော့ ဖြစ်နိုင်တဲ့အရာကို သူပြောသွားတာပဲလေ"

လာချပေးသော ကော်ဖီကို တစ်ငုံသောက်လိုက်သည်။

". . . . . . . . . ."

"အစ်ကိုစီစဉ်ပြီး ကစားခဲ့တဲ့ နိုင်ငံတွေမှာ တူညီတဲ့အဖြစ်အပျက် တစ်ခုတော့ဖြစ်ဖူးတယ်"

စဉ်းစားလို့မရတာနဲ့ သူပြောပြတာကို ထိုင်နားထောင်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နိုင်တဲ့သူတစ်ယောက်နဲ့ ရှုံးတဲ့ကောင်မလေး ဒါမှမဟုတ် အဖွဲ့ထဲက တစ်ယောက်ယောက်နဲ့ အပြင်မှာ တကယ်ချစ်ပြီး လက်ထပ်သွားတတ်ကြတယ်"

"ဘယ်လို"

ရင်ခုန်သွားသည်။

"ဟုတ်တယ်. . . တချို့ဆို ကလေးတောင်ရနေပြီ"

"ဘယ်လိုဖြစ်လို့လဲ"

"ဒါကတော့ မပြောတတ်ဘူး၊ ဒီနိုင်ငံမှာလည်း အဲဒီလိုဖြစ်မှာပဲဆိုပြီး အစ်ကိုတို့ တစ်ရုံးလုံးကခန့်မှန်းထားကြတယ်"

"ဟင်"

ခပ်လှမ်းလှမ်းကနေ နားထောင်နေသောသူများကလည်း အံ့သြသွားကြသည်။

❑

(၄၀)

အလင်းစစ်ပိုင်သည် ကျောင်းသားရေးရာထဲသို့ လှမ်းဝင်လိုက်သည်။ သူ့အသိ စာရေးလေးတစ်ယောက်ကို ၫိုက်ရှာနေခြင်း ဖြစ်သည်။

ခဏအကြာတွင် တကုတ်ကုတ်စာရေးနေသော စာရေး မောင်ဘသောင်းကို တွေ့လိုက်ရသည်။

"အစ်ကို"

ထိုလူမှာ လန့်သွားပြီး. . .။

"အာ. . . ဘာတုန်း"

"အကူအညီ တစ်ခုတောင်းချင်လို့"

"အလုပ်ရှုပ်နေတယ်"

"လုပ်ပါဗျာ. . . ဒီတစ်ခါတည်းပါ"

ထိုလူက ဘောပင်ကိုပစ်ချလိုက်ပြီး-

"ကဲပြော ဘာလုပ်ပေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"လူတူတာ ရှာချင်လို့"

"ဘာ"

"ဟို. . . ဒီကျောင်းက လူတစ်ယောက်နဲ့ဆင်တဲ့လူ ရှာချင်လို့၊ အဲ့ဒါကျောင်းသားရေးရာက ကျောင်းသားမှတ်တမ်းဓာတ်ပုံလေးတွေ ကြည့်ချင်လို့"

မသက်ာသလို ကြည့်နေသောကြောင့် အလင်းစစ်ပိုင်မှာ အဖြစ်အပျက်ကို သေချာရှင်းပြရသေးသည်။

တော်သေးသည်။ စာရေးမောင်ဘသောင်းက ထိုဂိမ်းအကြောင်းကို ကြားဖူးနေ၍ "အလုပ်သိပ်ရှုပ်တဲ့ ကောင်တွေ" ဆိုပြီး တစ်နေရာကိုခေါ်သွားသည်။

"ကဲ. . . ဒီမှာရှာတော့" ဟုဆိုပြီး အခန်းတစ်ခန်းကို ညွှန်ပြသည်။

အလင်းစစ်ပိုင်လည်း ကျေးဇူးတင်ကြောင်းပြောပြီး အခန်းထဲ လှမ်းဝင်လိုက်သည်။

"အမလေး"

ဖိုင်တွဲများ ခန်းမတစ်ခုလုံး ပြည့်နေသည်ကို တွေ့လိုက်ရသည်။

❑

(၄၁)

"ထင်သစ္စာရဲ့ ဓာတ်ပုံကို **Photoshop** နဲ့နည်းနည်းပြင်ပြီး ယောကျ်ားလေးပုံ လုပ်လိုက်ပေါ့ကွ"

ထွန်းဝီရ သူငယ်ချင်းတစ်ယောက်က ထွန်းဝီရကို အကြံပေးနေခြင်း ဖြစ်သည်။

ထွန်းဝီရကလည်း ဘာမှမကြံတတ်သည့်အဆုံး ထိုအကြံကို လုပ်ကြည့်ရန်ပင် တွေးလိုက်မိသေးသည်။

နောက်မှ. . .

"မကောင်းပါဘူးကွာ၊ ဒီဂိမ်းထဲမှာ ကစားနေတဲ့လေးယောက်လုံးက မညစ်ကြေးလို့ ဆုံးဖြတ်ထားကြတာ၊ **Photoshop** နဲ့ပြင်ထားတာသိသွားရင်မကောင်းဘူး၊ ပြီးတော့ ဘယ်ကလဲ ဘယ်သူလဲလို့ မေးရင် သေပြီ"

"အေး. . . ဟုတ်တယ်၊ လိုက်ပြဆိုရင် ပိုဆိုးဦးမယ်"

www.burmeseclassic.com



ဤသို့ဖြင့် စဉ်းစားမရဖြစ်နေကြသည်။

"တစ်ကျောင်းလုံး လိုက်ရှာရင်ရောကွာ၊ တစ်ယောက်တော့ တူကောင်းပါရဲ့"

နောက်တစ်ယောက်က ဝင်ပြောပြန်သည်။

ထိုအကြံက မဖြစ်နိုင်ဘူးလို့လည်း ပြောလို့မရပါဘူး. . .။ သို့သော် အချိန်က ဟိုနားဒီနား လျှောက်သွားကြည့်တာနဲ့တင် ကုန်နေပြီ ဖြစ်သည်။

"အချိန်မလောက်ဘူးထင်တယ်"

"မင်းကလည်း ဘာမှမလုပ်တာထက်စာရင် ဒါက တွေ့နိုင်ဖို့ အခွင့်အလမ်း ရှိသေးတာပေါ့"

"အေး. . . အဲဒါတော့ ဟုတ်တယ်"

ထို့ကြောင့် ထွန်းဝီရသည် ထိုင်ရာမှထကာ ထင်သစ္စာနှင့် ရုပ်ချင်းဆင်သူ ယောကျ်ားလေးများကို သူ့သူငယ်ချင်းများနှင့်အတူ တစ်ကျောင်းလုံးပတ်ပြီး လိုက်ရှာလေသည်။

❑

(၄၂)

မင်းချမ်းငြိမ်ကလည်း တိုင်ပတ်နေသည်။ **Game** ကုမ္ပဏီမှ ကိုကျော်လင်းဦး ပြန်သွားပြီးနောက် ကင်တင်းမှာ သူတစ်ယောက်ပဲ ကျန်ခဲ့သည်။

ဖိုးထောင်နှင့် ဝင်းမြင့်ဆွေဦးကတော့ "ငါ့အသိတစ်ယောက်က ထင်သစ္စာနဲ့ နည်းနည်းဆင်တယ်ကွ၊ သူ့ကို လိုက်ရှာပြီးသေချာ ပြန်ကြည့်လိုက်အုံးမယ်"ဆိုပြီး ထွက်သွားလိုက်တာ အခုထိပြန်မရောက်သေးချေ. . .။

ထို့ကြောင့် သူလည်း ကင်တင်းမှထွက်ကာ လျှောက်သွားနေလိုက်သည်။

"မင်းချမ်းငြိမ်"

လမ်းမှာတွေ့တဲ့လူတစ်ယောက်က နှုတ်ဆက်သည်။

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘော်တနီက မောင်ဝေလွင်က ထင်သစ္စာနဲ့ တူတယ်လို့ ပြောတယ် သွားကြည့်ပါလား"

"ဟုတ်ကဲ့"

နောက်တစ်ယောက်နဲ့ တွေ့ပြန်သည်။

"မင်းချမ်းငြိမ်"

"ပြော"

"ဒီပုံလေး ကြည့်စမ်းပါဦး၊ အဲဒါ ငါ့ညီတစ်ဝမ်းကွဲပုံ၊ ထင်သစ္စာနဲ့ တူတယ်ထင်လို့ ငါ့အိမ်မေးထဲမှာ ငါနဲ့ တွဲရိုက်ထားတဲ့ပုံရှိတာနဲ့ ဆိုင်မှာ ဓာတ်ပုံသွားထုတ်လိုက်တာ"

ပြသောပုံကို ကြည့်လိုက်သည်။ မတူပါ။ မတူတာမှ တော်တော်ကြီးကိုမတူတာပင် ဖြစ်သည်။

ဘယ်နေရာကို ကြည့်ပြီး တူတယ်လို့ ပြောမှန်းမသိ။ သို့သော် စိတ်ကျေနပ်အောင်တော့ ယူထားလိုက်သည်။

လိုအပ်ရင်ပြော သူ့အိမ်မေးထဲမှာ သူ့ညီပုံတွေရှိသည်ဟု ပြောသွားသေးသည်။ ထို့နောက် ထိုဓာတ်ပုံကြီး လက်ထဲကိုင်ကာ ဆက်လျှောက်လာခဲ့သည်။

ခဏအကြာတွင် ထွန်းဝီရတို့ သူငယ်ချင်းတစ်စုကို တွေ့ရသည်။ ဖြတ်သွားဖြတ်လာလူများ၏ မျက်နှာများကို လိုက်ကြည့်နေခြင်း ဖြစ်သည်။

သက်ပြင်းချလိုက်သည်။



ထို့နောက် အိမ်မေးလ်က ထုတ်ထားသော ဓာတ်ပုံကို အိတ်ထဲ ထည့်လိုက်ရင်း ရှာလို့ရမယ့် နည်းလမ်းတစ်ခုကို စဉ်းစားမိလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## (၄၃)

ထင်သစ္စာ ကင်တင်းပြန်ရောက်သောအချိန်တွင် နှစ်နာရီထိုးနေပြီ ဖြစ်သည်။ ယခုအချိန်ထိ ဂိမ်းကစားသူသုံးယောက်လုံး မလာသေးပုံထောက်တော့ ရှာလို့မတွေ့သေးဟု ယူဆလို့ရသည်။

ကြားနေရသည့်သတင်းများအရ သူတို့သုံးယောက်စလုံးမှာ သူနှင့် ဆင်တူသူများကို ကြိုးကြိုးစားစားရှာနေကြသည်။

မတွေ့ကြသေးဟု သိရသည်။

ဒီနေ့တော့ သူ ဆယ်မှတ်ပြန်ရပေဦးမည်။

"ကော်ဖီတစ်ခွက်၊ သကြားတစ်ဇွန်းခွဲထည့်မယ်"

မှာနေကျအတိုင်း လှမ်းမှာလိုက်ပြီး သူ့သူငယ်ချင်းနှင့် စကားဆက်ပြောနေလိုက်သည်။

ပြောသည့်အကြောင်းကတော့ ဒီနေ့ဂိမ်းအကြောင်းပဲဖြစ်သည်။

"ဒါဆို နင် ၁၀ မှတ်ပြန်ရဖို့ သေချာနေပြီပေါ့"



ထိုစဉ် ကင်တင်းထဲသို့ဝင်လာသော ကျောင်းသားတစ်စုကလည်း သူတို့ကို လှမ်းအော်ပြောသွားသည်။

"ကျောင်းမှာရှိတဲ့လူတွေ လိုက်ကြည့်ရတာ ကုန်နေပြီဗျို့"

သူတို့ကလည်း လှမ်းရယ်ပြလိုက်သည်။

အခြားသူများကလည်း သူနှင့်တူသူကို လိုက်ရှာနေကြပုံရသည်။

"ဘာပဲပြောပြော နင်ဒီနေ့ လုပ်လိုက်တာလေးကတော့ မိုက်တယ်"

ဆွေဆွေလှိုင်က ရယ်မောရင်း ပြောသည်။

"နင်ရှုံးလို့ညစ်တာပဲလို့ ကျောင်းထဲမှာပြောနေကြတယ်"

"အဲဒီလိုတော့ မဟုတ်ပါဘူးဟယ်၊ နာမည်တူမရှား၊ လူတူမရှားဆိုတာကလည်း ရှိသေးတယ်မှတ်လား"

"အေး. . . အဲဒါလည်း ဟုတ်တာပဲ"

မေဝင်းက တစ်ခုဝင်မေးသည်။

"သူတို့သုံးယောက်စလုံးက နင်နဲ့တူတဲ့လူတွေ အားလုံး ဓာတ်ပုံယူလာနိုင်ရင် ဘယ်လိုလုပ်မလဲ"

"ငါက မဆုံးဖြတ်ပါဘူး၊ ဒီကင်တင်းမှာရှိတဲ့ ကျောင်းသားကျောင်းသူတွေက ဓာတ်ပုံတွေကြည့်ပြီး ဆုံးဖြတ်ပေါ့၊ အတူဆုံးယူလာနိုင်တဲ့လူကို အနိုင်ပေးမှာပေါ့၊ အဲ. . . မတူတာတွေ ယူလာတယ်လို့ဆုံးဖြတ်ရင် ငါနိုင်ပြီပေါ့"

www.burmeseclassic.com



"အေး. . . အဲ့ဒါကောင်းတယ်"

ကျောင်းဆင်းချိန်ရောက်တော့မှာဖြစ်သောကြောင့် ဒီနေ့ဂိမ်း အဖြေသိရန်အတွက် ကင်တင်းတွင်လည်း လူတော်တော်များများ ရောက်နေပြီဖြစ်သည်။

အားလုံးကလည်း ကင်တင်းဝင်ရာလမ်းကိုပဲ တမျှော်မျှော် ဖြစ်နေသည်။

ထင်သစ္စာကလည်း တစ်ချက်တစ်ချက် လှမ်းကြည့်ရတာနဲ့တင် စိတ်မောနေပြီဖြစ်သည်။

ရင်လည်းခုန်နေသည်ဟု သူ့ကိုယ်သူ ပထမဆုံးအကြိမ် သတိ ထားမိလိုက်သည်။

"ဟော. . . လာပြီ"

ပထမဦးဆုံးဝင်လာသူက ထွန်းဝီရဖြစ်သည်။

မျက်နှာက ပြုံးရွှင်ရွှင်ဖြစ်နေပုံထောက်တော့ ဓာတ်ပုံများ ရလာခဲ့ပြီထင်သည်။

ခဏအကြာတွင် ကင်တင်းထဲရှိ ထင်သစ္စာဆီရောက်လာပြီး-

"ထင်သစ္စာနဲ့တူတဲ့လူတွေရဲ့ ဓာတ်ပုံရပြီ"

"ပြပါဦး"

ဓာတ်ပုံများမှာ တော်တော်များလေသည်။

အားလုံးကလည်း အလုအယက် ဝိုင်းကြည့်ကြလေသည်။

သို့သော် ထင်မြင်ချက် မပေးနိုင်ကြသေးချေ. . .။



ထိုစဉ် ထင်သစ္စာက ကင်တင်းတွင် ထောင်ထားသော ဘုတ် ကြီးတစ်ခုကို သတိပြုမိလိုက်ပြီး-

"ထွန်းဝီရယူလာတဲ့ ဓာတ်ပုံတွေကို ဒီမှာကပ်ထားရအောင်၊ ပြီးတော့ ကျန်တဲ့နှစ်ယောက်ယူလာတဲ့ဓာတ်ပုံတွေလည်း ဒီမှာ ကပ်ထားပြီး ယှဉ်ကြည့်မယ်ဆိုရင် ဘယ်သူ့ပုံက ပိုတူတယ်ဆိုတာ တွေ့ရမယ်ထင်တယ်"

အားလုံးက သဘောတူကြပြီး ဘုတ်ပြားကြီးပေါ်တွင် ဓာတ်ပုံ များ ဝိုင်းကပ်ကြလေသည်။ ဓာတ်ပုံများကပ်ပြီး မကြာခင်မှာပင် အလင်းစစ်ပိုင် ရောက်လာလေသည်။

သူ့ပုံကြည့်ရတာ တော်တော်လေး မောပန်းနေပုံရသည်။

"ဓာတ်ပုံတွေရလား"

နီးစပ်ရာကျောင်းသားတစ်ယောက်က လှမ်းမေးလိုက်သည်။

"နည်းနည်းပဲရတယ်၊ တူတယ်လို့ ထင်ရတာပဲ"

ရလာသောသူ့ဓာတ်ပုံများကိုလည်း ဘုတ်ပြားကြီးပေါ်တွင် ကပ်လိုက်ကြပြန်သည်။

တဖြည်းဖြည်းနှင့် ကင်တင်းတွင် လူများ ပြည့်လျှံလာ၏။

ဘုတ်ပြားကြီးကိုကြည့်ပြီး ဘယ်သူမှ မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေ ကြသည်။

ဓာတ်ပုံများသည် တူသလိုလိုအဆင့်သာ ရှိကြသည်။

ထို့ကြောင့် ပြောရခက်နေကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင် မင်းချမ်းငြိမ်ရော. . ."

ကျောင်းသားတစ်ယောက်က ထမေးလိုက်သည်။

လူအုပ်ကြီးထဲမှ ပြန်ဖြေသံတစ်သံ ကြားရ၏။

"မင်းချမ်းငြိမ်ကို ဓာတ်ပုံဆိုင်မှာ တွေ့ခဲ့တယ်"

"ဒါဆို. . . သူလည်းဓာတ်ပုံရပြီထင်တယ်"

ဖိုးထောင်နှင့် ဝင်းမြင့်ဆွေဦးကလည်း ဘုတ်ပြားကြီးကို ကြည့်လိုက် ခေါင်းခါလိုက်နှင့် ဖြစ်နေသည်။

တစ်ချက်တစ်ချက် မင်းချမ်းငြိမ်ကိုလည်း လှမ်းမျှော်ရသေးသည်။

သူတို့ကြည့်ခဲ့သောသူကလည်း တကယ်တမ်းကြည့်တော့ မတူချေ. . .။

ဒါကြောင့် သူတို့နှစ်ယောက်မှာ မောတာသာ အဖတ်တင်ခဲ့သည်။

မင်းချမ်းငြိမ် ရှာလာမည့် ဓာတ်ပုံများသာ အားကိုးစရာရှိတော့သည်။

ထိုအချိန်တွင် မင်းချမ်းငြိမ်မှာ ကင်တင်းထဲသို့ အလောတကြီး ပြေးဝင်လာတာကို အားလုံးက တွေ့လိုက်ရ၏။

"နောက်ကျနေလို့၊ ပြေးလာရတာ မောလိုက်တာ"

"တွေ့. . . တွေ့လား"

"တွေ့တယ်"

"ဟာ. . . ဘယ်နှစ်ယောက်တွေ့လဲ"

"သုံးယောက်"

ကျန်နှစ်ယောက်လို မများချေ. . .။

ထို့ကြောင့်-

"ပြ. . . ပြပါဦး"

အလုအယက် ဝိုင်းတောင်းကြသည်။

မင်းချမ်းငြိမ်နှင့် နီးစပ်ရာတစ်ယောက်က မင်းချမ်းငြိမ်လက်ထဲက ဓာတ်ပုံသုံးပုံကိုယူပြီး ဘုတ်ပြားပေါ်တွင် ကပ်လိုက်လေ၏။

ထို့နောက် မင်းချမ်းငြိမ်က နောက်တစ်ပုံထပ်ပေးပြန်သည်။

ဒီတစ်ခါပုံက ထင်သစ္စာရဲ့ဓာတ်ပုံဖြစ်သည်။

လက်ကိုင်ဖုန်းခွက်ကလေးများရောင်းတုန်းက ခွက်ပေါ်မှာပါသည့်ပုံ ဖြစ်သည်။

ထို့ကြောင့် ဓာတ်ပုံကပ်ပေးသူကလည်း မင်းချမ်းငြိမ်ပေးသည့်ပုံသုံးပုံဘေးတွင် ထင်သစ္စာပုံအား ကပ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မ. . . မဖြစ်နိုင်ဘူး"

ထင်သစ္စာမှာ ပုံကိုကြည့်ပြီး အထိတ်တလန့်နှင့် ဝင်ပြောသည်။

"ဟုတ်တယ်၊ မဖြစ်နိုင်ဘူး. . . သူဘယ်သူလဲ"

ထွန်းဝီရက မေးလိုက်ခြင်းဖြစ်သည်။

အလင်းစစ်ပိုင်ကလည်း-

"သူရှိကြောင်း ဘယ်လိုသက်သေပြမလဲ"

အားလုံးကလည်း 'ဟုတ်တယ်'ဟု ထောက်ခံကြလေသည်။

မည်သို့ဆိုသော် မင်းချမ်းငြိမ် ယူလာသောဓာတ်ပုံသုံးပုံသည် ထင်သစ္စာနှင့် တော်တော်လေးကိုတူသော ယောကျ်ားသုံးယောက်ရဲ့ ဓာတ်ပုံဖြစ်နေသောကြောင့်ဖြစ်သည်။

(၄၄)

အီးမေးလ်ကနေကူးပြီး ဓာတ်ပုံထုတ်ခဲ့သည်ဆိုသောဓာတ်ပုံကို အိတ်ထဲသို့ထည့်လိုက်သည်။

ထိုအခါကျမှသာ တစ်စုံတစ်ခုကို သတိရမိလိုက်လေသည်။

ထို့ကြောင့် နီးစပ်ရာ Taxi တစ်စီးကို ငှားရမ်းကာ ကျောင်းအပြင်သို့ ထွက်လိုက်၏။

နေရာတစ်နေရာသို့ရောက်သောအခါ Taxi ကို ရပ်ခိုင်းပြီး ဆိုင်တစ်ဆိုင်ထဲသို့ ဝင်လိုက်သည်။

"အင်တာနက် သုံးချင်လို့"

"ရပါတယ်၊ လွတ်တဲ့စက်မှာ ဝင်ထိုင်လိုက်ပါ"

ကွန်ပျူတာရှေ့ ဝင်ထိုင်လိုက်သည်။

သို့သော် ဘယ်ကစရမှန်းမသိ ဖြစ်နေသည်။ သူ အင်တာနက်ဆိုင် ရောက်လာခဲ့ခြင်းမှာ လွန်ခဲ့သည့်သုံးလခန့်က အင်တာနက်

www.burmeseclassic.com

www.burmeseclassic.com



သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသောကြောင့်ဖြစ်သည်။

ထိုသတင်းမှာ ဝန်ဆောင်မှုပေးသော ကုမ္ပဏီတစ်ခုအကြောင်း ဖြစ်သည်။

သင်နှင့်ရုပ်ချင်းဆင်တူသူဆန့်ကျင်ဘက်လိင်အား အွန်လိုင်းမှ ရှာဖွေပေးပါသည်။ ရှာဖွေမည့်သူသည် . . . . . . . . . . . . . . .

အကုန်မမှတ်မိသော်လည်း အဓိကအကြောင်းအရာကိုတော့ မှတ်မိသည်။ သို့သော် ရှာမည့်သူ၏ဓာတ်ပုံတော့ လိုအပ်သည်။

ဒါကတော့ကိစ္စမရှိ. . .။ လက်ကိုင်ဖုန်းခွက်ကလေးတွေ ရိုက်တုန်းက သုံးထားတဲ့ ထင်သစ္စာဓာတ်ပုံတော့ရှိသည်။

ခက်ခဲတာတစ်ခုက ထိုဝန်ဆောင်မှုသည် ငွေကြေးယူခြင်းပင် ဖြစ်သည်။ ငွေနှမြောလို့မဟုတ်ပေမယ့်လည်း အွန်လိုင်းကနေ ငွေ ရှင်းလို့မရချေ. . .။

သို့သော် ချက်ချင်းဆိုသလို အဖြေရသွားသည်။

သူ့အဖေတွင် နိုင်ငံခြား၌ဖွင့်ထားသော Bank Account ရှိသည်။

ထို့ကြောင့် သူ့အဖေဆီသို့ ဖုန်းဆက်ပြီး ငွေကြေးကိစ္စ ဆက်လုပ်ရသည်။

ဝင်ကြည့်လိုက်မှပင် ထိုကိစ္စကို ဝန်ဆောင်မှုပေးသော ကုမ္ပဏီ အမြောက်အများကို တွေ့ရလေသည်။

□

(၄၅)

"နောက်ဆုံး. . . အာရှနိုင်ငံတွေမှာနေတဲ့လူသုံးယောက်ပုံကို အွန်လိုင်းကနေ ရခဲ့တယ်၊ ဒီမှာ သူတို့လိပ်စာပါ"

အားလုံးမှာ မှင်သက်နေသည်။

ဘယ်သူမှ မစဉ်းစားမိသောကိစ္စဖြစ်သည်။ အွန်လိုင်းရှိ လူ သန်းပေါင်းများစွာထဲက ရှာဖို့ဆိုတာကို ဘယ်သူမှမတွေးမိ။

အားလုံးတိတ်ဆိတ်သွားသည်။

စိတ်ထဲတွင်လည်း မင်းချမ်းငြိမ်ရှာလာသောဓာတ်ပုံသည် ထင်သစ္စာနှင့် အတော်ကြီးကိုတူလေသည်။

ထင်သစ္စာပင် ငြင်း၍မရ. . .။

ပြီးတော့ ထိုလူသည် ကမ္ဘာကြီးတစ်နေရာတွင်ရှိသည်ဆိုသော အကြောင်းပြချက်ခိုင်လုံမှုလည်းရှိသည်။ စစ်ဆေးနိုင်သည်။

"ဒါဆို. . . ဒီနေ့ မင်းချမ်းငြိမ်နိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတစ်ယောက်က စအော်ပြောလိုက်သည်။

"ဟုတ်တယ်"

"နိုင်တာပေါ့"

"အမှတ် ၂၀ ဖြစ်သွားပြီဟေ့"

တစ်ယောက်တစ်ပေါက်အော်ဟစ်သံများနှင့် ဆူညံသွားလေသည်။

ထင်သစ္စာမှာ ဆူညံသံများကြားထဲတွင် ငူငူကြီးရပ်နေမိသည်။ ရှုံးနိမ့်ခြင်း၊ ရှက်ရွံ့ခြင်းများနှင့်အတူ မင်းချမ်းငြိမ်ကိုလည်း စူးစူးစိုက်စိုက် ကြည့်နေမိသည်။

ခဏအကြာတွင် ထင်သစ္စာမှာ လူအုပ်ကြားထဲမှ ပြေးထွက်သွားလေသည်။

□

| စဉ် | အမည် | ရမှတ် | Level |
|---|---|---|---|
| ၁။ | ထင်သစ္စာ | ၁၀ | - |
| ၂။ | ထွန်းဝီရ | ၁၀ | ၁ |
| ၃။ | အလင်းစစ်ပိုင် | - | - |
| ၄။ | မင်းချမ်းငြိမ် | ၂၀ | ၂ |

www.burmeseclassic.com

www.burmeseclassic.com

(၄၆)

ဇာတ်ကားက ကောင်းသော်ငြားလည်း ဘေးနားက စပ်ဖြီးဖြီး ဖြစ်နေသောမျက်နှာကြောင့် ဒေါသထွက်နေမိသည်။

ဟာသကားဖြစ်သောကြောင့် အသံပြဲကြီးနဲ့ ခဏခဏ ထ ရယ်သည်။

ကြာလာတော့ ဇာတ်ကားကို စိတ်ဝင်စား၍မရတော့. . .။ မြန်မြန်ပြီးပြီး ရုပ်ရှင်ရုံထဲက ထွက်သွားချင်နေမိသည်။

အချို့ခုံနေရာများမှ မသိမသာ လှမ်းကြည့်နေကြသော မျက်ဝန်းများကို တွေ့ရသည်။ နောက်ကိုလှည့်ကြည့်ပြန်တော့လည်း သူတို့ကို မသိမသာ ကြည့်နေသည့် သူအချို့ကို တွေ့ရပြန်သည်။

ဒါဆို ဒီရုပ်ရှင်ရုံထဲမှာ သူတို့ကျောင်းက လူတော်တော်များများ ရှိနေတာပေါ့။ သူတို့နှစ်ယောက် ဒီနေ့ ရုပ်ရှင်ကြည့်ရမှာဆိုသော ကြောင့် သူတို့လည်း လာကြည့်ခြင်းဖြစ်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးနားက မင်းချမ်းငြိမ်ကတော့ ရိပ်မိပုံမပေါ်ချေ. . .။

အခုထိစကားတစ်ခွန်းမှမပြောဘဲ ဇာတ်ကားပေါ်သာ အာရုံရောက်နေသည်။

သူနဲ့လည်း ပြောချင်လွန်းလှရယ်လို့တော့မဟုတ်ဘူး. . .။

စိတ်ထဲမှာ ဒေါသထွက်နေလို့သာ အော်ဟစ်ပစ်ချင်နေမိသည်။

ရှက်သည်။ ရှုံးနိမ့်မှုကြောင့် ဝမ်းနည်းမိသည်။

ရုံတစ်ခုလုံး တိတ်သွားသောကြောင့် ဇာတ်ကားကို ပြန်ကြည့်မိသည်။

လွမ်းခန်းရောက်နေသောကြောင့်ဖြစ်သည်။

ထုံးစံအတိုင်း ကောင်မလေးက စိတ်ဆိုးပြီး ကောင်လေးရှေ့မှ ချာခနဲ ပြေးထွက်သွားခြင်းဖြစ်သည်။

ထုံးစံအတိုင်းပဲ ကောင်လေးက 'ချစ်'ဟု ပြေးခေါ်သည်။ ဒါတွေချည်းပဲ. . .။

ထင်သည့်အတိုင်းပဲ ကားတစ်စင်းက ပြေးဝင်လာသည်။

"ကျွီ"

"အချစ်"

"ဒုန်း"

ကောင်လေးက တွန်းပြီး ကြားဝင်ခံလိုက်ခြင်းဖြစ်သည်။

ကြိတ်မှိတ်ပြီး ဆက်ကြည့်နေရသည်။



ခဏကြာတော့ မီးများလင်းလာပြီး ရုပ်ရှင်ရုံထဲကသူများ လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။

ထိုအခါမှ ဘေးကို လှည့်ကြည့်မိသည်။

တစ်ဦးတစ်ယောက်မှမရှိတော့ဘဲ သူမတစ်ယောက်တည်း ကျန်နေခဲ့သည်။ ဘယ်အချိန်ကတည်းက ထွက်သွားမှန်းမသိချေ။ အိမ်သာသွားတာလည်း ဖြစ်နိုင်သည်။

ဟိုကြည့်ဒီကြည့်လုပ်တော့ စပ်စုနေသောမျက်လုံးများကိုသာ တွေ့ရသည်။ ကောင်းတယ်။

သူမရှိတုန်း ငါတစ်ယောက်တည်း မြန်မြန်ထွက်ပြီး ပြန်မယ်။ စိတ်ထဲမှာလည်း ဒီဂိမ်းကို အဆုံးသတ်ဖို့ ဆုံးဖြတ်လိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

“ဒီနေ့ဂိမ်းက အမှတ် ၅၀ တန်ဂိမ်းပါ”

“ဟာ”

“နောက်ဆုံးဂိမ်းလို့လည်း ပြောလို့ရတယ်”

www.burmeseclassic.com

www.burmeseclassic.com

(၄၇)

အားလုံး စိတ်လှုပ်ရှားသွားကြသည်။ နောက်ဆုံးဂိမ်း ဆိုလိုက်သောကြောင့် ခက်ခဲမည်ဆိုတာကို လူတိုင်းတွေးမိလိုက်ကြသည်။

ဒီနေ့နိုင်သူသည် ဒီဂိမ်းကြီးတစ်ခုလုံးကို နိုင်မည့်သူဖြစ်သည်။

"ဒါပေမယ့် ကျွန်မလိုချင်တဲ့ဆန္ဒကို စာတိုက်ပုံးထဲ မထည့်ရသေးဘူး"

အားလုံးက ထင်သစ္စာစကားကို နားထောင်နေကြသည်။

ထင်သစ္စာကတော့ ထွန်းဝီရ၊ အလင်းစစ်ပိုင်နှင့် မင်းချမ်းငြိမ်တို့သုံးဦးကို ဦးတည်ပြီး စကားပြောနေခြင်းဖြစ်သည်။

"ဒါပေမယ့်. . . အားလုံးရှေ့မှာပဲ စာတိုက်ပုံးထဲကို တစ်ခါတည်းထည့်ပါမယ်၊ ပြီးရင် ဒီထဲကဆန္ဒကို တစ်ခါတည်း သဲလွန်စပေးခဲ့ပါမယ်"

အားလုံး စုစုရုံးရုံး ဖြစ်သွားကြပြီး ထင်သစ္စာကို သေချာကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေကြလေသည်။ Game ကုမ္ပဏီက ဝန်ထမ်းများလည်း ရောက်နေတာကို တွေ့ရလေသည်။

သူတို့ကလည်း နောက်ဆုံးဂိမ်းဆိုသောကြောင့် သေချာကြည့်နေကြခြင်းဖြစ်သည်။

ထင်သစ္စာက သူ့အိတ်ထဲကနေ DVD ထုတ်ပြီး တစ်ယောက်တစ်ချပ်စီ ပေးလိုက်လေသည်။

"ဒါက ဒီနေ့ ကျွန်မ စာတိုက်ထဲထည့်မယ့် ကျွန်မရဲ့ဆန္ဒကို ဖော်ပြတဲ့ သဲလွန်စပါပဲ"

"ဆန္ဒ. . . ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို ပစ္စည်းတစ်ခု မဟုတ်ဘူးပေါ့"

ထင်သစ္စာက ဘာမှပြန်မပြောတော့ပါ။

ထို့နောက် လွယ်အိတ်ထဲမှ စာအိတ်ထုတ်လိုက်ပြီး စာတိုက်ပုံးရှိရာသို့ ထွက်သွားလေသည်။

□

(၄၈)

ခဏအကြာတွင် အလင်းစစ်ပိုင်သည် သူ့ကားရပ်ထားရာနေရာသို့ အလျင်အမြန်သွားလေသည်။

ကားတံခါးကိုဖွင့်ကာ ကားထဲရှိ ကား DVD စက်ထဲသို့ အခွေထိုးထည့်လိုက်သည်။

"ဟင်"

နိုင်ငံခြားဇာတ်လမ်းတစ်ခုဖြစ်ပြီး ဇာတ်ကားဆုံးသည်အထိ ထိုင်ကြည့်လိုက်သည်။

သို့သော် ထင်သစ္စာက ဘာကိုဆိုလိုချင်မှန်း မသိချေ. . .။

စိတ်လှုပ်ရှားလာသည်။ ဒီနေ့နိုင်မည့်သူက ဂိမ်းတစ်ခုလုံးကို နိုင်မည့်သူလို ဖြစ်နေသည်။

သူ့ဘဝမှာ ပိုက်ဆံအရေးမကြီးသော်လည်း ဂုဏ်သိက္ခာနှင့် ထင်သစ္စာက အရေးကြီးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်သစ္စာကို တစ်ဦးတစ်ယောက်က နမ်းသွားမှာကို မလို လားချေ. . .။ ထို့ကြောင့် အခွေကို နောက်တစ်ခေါက် ဖွင့်ကြည့် လိုက်သည်။

❑

(၄၉)

ဘာဆိုလိုမှန်းမသိ ဖြစ်နေသည်။ အခွေကြည့်တာ သုံးခေါက်ပင် ရှိသွားပြီဖြစ်သည်။

ကားမှာ နိုင်ငံခြားအလွမ်းဇာတ်ကားလေးဖြစ်ပြီး သေချာ ကြည့်လေ ထင်သစ္စာ ဘာလိုချင်လေဆိုတာကို မသိဘဲဖြစ်နေ သည်။

သက်ပြင်းချလိုက်သည်။

အခွေကို နောက်တစ်ခေါက်ကြည့်ရန်အတွက် ပြင်လိုက်၏။ ကားပေါ်မှာကြည့်နေခြင်းဖြစ်သောကြောင့် ခုံကို နောက်လှန်ချ လိုက်သည်။

ရင်ထဲမှာလည်း စိုးရိမ်လာသည်။

ဒီနေ့ သူဂိမ်းမနိုင်ခဲ့ပါက ထင်သစ္စာကို နမ်းရမည့်သူသည် သူမဖြစ်နိုင်တော့. . .။ တွေးရင်းနဲ့ပင် စိတ်ညစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ဂိမ်း နိုင်မှဖြစ်မည်။ ထို့ကြောင့် ထွန်းဝီရသည် အခွေကို အစမှ ပြန်ဖွင့်လိုက်လေသည်။

❑

(၅၀)

ယခုအထိ ဒီ **DVD** ကို ဘယ်နေရာမှာဖွင့်ရမှန်း မသိချေ. . .။ ကျောင်းထဲမှာလည်း ဖွင့်လို့ရမယ့်နေရာ ရှာလို့မရ။

အမှတ်က ၅၀. . .။ များလိုက်တာ. . .။ ဒီအထဲမှာ ဘာတွေပါလို့လဲ. . .။ ဒီနေ့ ထင်သစ္စာက သူ့ကိုကြည့်နေပုံမှာ တစ်မျိုးဖြစ်သည်။

သူနိုင်သွားလို့ စိတ်များဆိုးနေတာလား. . .။

"မင်းချမ်းငြိမ်"

"ပြော"

"အခုထိ အခွေမကြည့်ရသေးဘူးလား"

"အေး. . . ဘယ်မှာကြည့်ရမှန်း မသိသေးလို့"

"ဟိုနှစ်ယောက်ကတော့ သူတို့ကားပေါ်မှာပဲ ကြည့်ပြီးသွားပြီတဲ့. . .။ နိုင်ငံခြားကားတစ်ကားလို့တော့ ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဟင်. . . ဟုတ်လား

စိုးရိမ်သွားသည်။

ဒီအခွေကို ဘယ်မှာကြည့်ရမလဲ။

သူတို့ကားဆီသွားပြီး အခွေလေးကြည့်ပါရစေဆိုလို့ကလည်း မဖြစ်ပြန်။

ဟုတ်ပြီ. . . ။

နောက်ဆုံးတွင် ကျောင်းအပြင်ကိုထွက်ပြီး အခွေပြလေ့ရှိသည့် လက်ဖက်ရည်ဆိုင်တွင် သွားဖွင့်ကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

❑

(၅၁)

"DVD စက်က ပျက်နေတယ်ဗျ"

"ဟာ. . . အသစ်မဝယ်ဘူးလား"

ဆိုင်ရှင်က သူ့ကို ဘုကြည့်ကြည့်သည်။

ဟုတ်တော့လည်းဟုတ်သည်။ ဝယ်ဝယ်မဝယ်ဝယ် သူနဲ့ ဘာဆိုင်တာမို့လို့လဲ. . . ။ သူ့မှာသာ သူ့အပူနှင့်သူ ဖြစ်နေသည်။

"အခွေပြတဲ့ဆိုင် ဘယ်နားမှာရှိသေးလဲဟင်"

"မသိဘူး၊ ဒီနားမှာတော့ ကျုပ်တို့တစ်ဆိုင်တည်းရှိတယ်"

အရေးထဲ သူက ဂုဏ်ယူနေသေးသည်။

ဒါနဲ့ လက်ဖက်ရည်ဆိုင်ထဲကထွက်ပြီး ဘယ်သွားရမလဲ စဉ်းစားနေလိုက်သေးသည်။

ရှေ့တွင် ဆိုက်ကားသမားတစ်ယောက်ကို တွေ့လိုက်ရသည်။ အကြံရသွားပြီး-

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို. . . အစ်ကို"

"ဆိုက်ကားငှားမလို့လား"

"အဲ. . . ဟုတ်. . . ဟုတ်ပါတယ်"

"ဘယ်သွားမှာလဲ"

"ဒီနားမှာ အခွေထိုးပြတဲ့လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို သွားချင်လို့"

ဆိုက်ကားသမားကြီးက သူ့ကို မသင်္ကာသလို ကြည့်သည်။

သူလည်း သေချာမရှင်းပြတော့ဘဲ ဆိုက်ကားပေါ်သို့ အလျင်အမြန်တက်လိုက်သည်။

အချိန်က ၁၂ နာရီထိုးပြီဖြစ်သည်။ ယခုထိ ဘာမှမစားရသေးချေ. .။

ခဏကြာသောအခါ ဆိုင်တစ်ဆိုင်ရှေ့တွင် ဆိုက်ကားရပ်သွား၏။

ဆိုက်ကားသမားကို ခဏဟုပြောပြီး ဆိုင်ထဲပြေးဝင်လိုက်သည်။

"အခွေ. . . အခွေဖွင့်လို့ရလားဟင်"

"အပြင်အခွေတွေပေးမဖွင့်ဘူးဗျ"

"ဟာ. . . လုပ်ပါဗျာ၊ ပိုက်ဆံပေးပါ့မယ်"

"မရလို့ပါ၊ ဆိုင်ရှင်လည်း အပြင်ထွက်သွားတယ်၊ ပြန်လာလို့သိရင် ဆူမှာဗျ"



"ခဏ ခဏပဲလေဗျာ"

"မရဘူး"

ထိုသူက ဒေါသထွက်လာပုံရသည်။

ဆိုင်ထဲကြည့်လိုက်တော့လည်း ဆိုင်ရှိ လူများအားလုံးသည် ဖွင့်ထားသောအခွေပေါ်ကို စိတ်ဝင်စားနေကြသည်။

ကြားဖြတ်ဖွင့်လို့ကလည်း အဆင်မပြေနိုင်. . .။

အိမ်ပြန်ရင်ကောင်းမလားဆိုပြီး စဉ်းစားလိုက်သည်။

ကျောင်းနဲ့ နည်းနည်းတော့ဝေး၏။

သို့သော် ယခုအချိန်တွင် ထိုအတွေးသည်သာ အကောင်းဆုံးဖြစ်နေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

(၅၂)

အဖြေတစ်ခုကို ရှာတွေ့သွားပြီလို့ သူထင်သည်။ ထို့ကြောင့် အခွေကို ပြန်ထုတ်လိုက်ပြီး ကားထဲမှ ထွက်လိုက်သည်။

ခပ်လှမ်းလှမ်း ကားထဲမှလည်း ထွန်းဝီရ ထွက်လာတာကို တွေ့လိုက်ရသည်။

လှမ်းပြုံးပြလိုက်၏။ သူကလည်း ပြန်ပြုံးပြသည်။

သို့သော် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ဘဲ ကိုယ့်လမ်းကိုယ် ထွက်ခဲ့ကြသည်။

ဒီနေ့ ဘယ်သူနိုင်ပြီး ဘယ်သူက ထင်သစ္စာကို နမ်းရမလဲ။

❑

(၅၃)

"ဟဲ့. . . ဟဲ့ ဘယ်လိုဖြစ်လာတာလဲ"

အမေ့အမေးကို မဖြေအားဘဲ အိမ်ထဲသို့ ဝရုန်းသုန်းကား ပြေးဝင်လိုက်သည်။

ဧည့်ခန်းထဲသို့ သွားလိုက်ပြီး အခွေကို ချက်ချင်းဆိုသလို ဖွင့်ကြည့်လိုက်သည်။ ၁ နာရီထိုးနေပြီဖြစ်သည်။

သူတို့ပြောသလို အင်္ဂလိပ်ဇာတ်ကားတစ်ကား ဖြစ်၏။

ထူးခြားတာဆို၍ အခန်းတစ်ခန်းက အခွေထစ်ပြီး သုံးခါ ပြန်လာနေခြင်းဖြစ်သည်။

ထူးခြားတယ်လို့လည်း မပြောနိုင်ပါဘူး။

အခွေထစ်တာလည်း ဖြစ်နိုင်သည်။

၁-နာရီ ခွဲတော့မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် အခွေကို ရစ်ကြည့်၍ ဒီလောက်အချိန်နှင့် ပြီးခြင်းဖြစ်သည်။

သေချာနိုင်မည့်ထင်မြင်ချက်တစ်ခုကို ဇာတ်ကားထဲက ရွေးထုတ်ပြီး စာအုပ်ပေါ် ချရေးလိုက်သည်။

ထို့နောက် အခွေကိုပြန်ထုတ်ကာ ဧည့်ခန်းထဲမှ ထွက်လိုက်သည်။

"ဟဲ့. . . ဘယ်သွားဦးမလို့လဲ"

"ကျောင်းကို"

"ဟင်. . . ကျောင်းကပြန်လာတာမဟုတ်ဘူးလား"

ပြန်မဖြေတော့ဘဲ လမ်းမပေါ်ကို ပြေးထွက်လိုက်သည်။

အဝေးကလာသော ကားတစ်စင်းကို သတိမထားမိချေ. . .။

"ဒုန်း"

❑

(၅၄)

ကင်တင်းတွင် အခြားနေ့တွေကထက် လူစည်သည်ဟု ထင်မိသည်။ လူကတော့စုံနေပြီဖြစ်သည်။

ထင်သစ္စာ၊ ထင်သစ္စာသူငယ်ချင်းများ၊ ကျောင်းသားကျောင်းသူများဖြစ်သည်။ ဂိမ်းကစားသူ သုံးယောက်သာကျန်တော့သည်။

"ဟဲ့. . . နင်ဘာတွေရေးထည့်ထားတာလဲဟင်"

"နင်ကလည်း အချိန်သိပ်မကြာတော့ပါဘူး၊ သိရတော့မှာပါ"

"ပြောပြပါဟယ်၊ ဘာရေးထားတာလဲ"

"သိပ်မကြာတော့ပါဘူးဆိုနေမှ"

ထိုသို့ပြောနေကြစဉ်မှာ ထွန်းဝီရနှင့် အလင်းစစ်ပိုင်တို့ ဝင်လာ၏။ ရောက်ရောက်ချင်းပင် ခုံမှာဝင်ထိုင်လိုက်ပြီး-

"ရော့"

"ဒီမှာ"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီး ကားသော့များ ထုတ်ပေးကြ၏။

"ဒီအခွေကို ဘယ်လိုပဲကြည့်ကြည့် ထင်သစ္စာက ကားတစ်စီး လိုချင်တယ်လို့ပဲ ထင်မိတယ်"

"ဟုတ်တယ်၊ ကျွန်တော်လည်း အဲ့ဒီလိုပဲ တွေးမိပါတယ်"

ထင်သစ္စာက ခေါင်းခါလိုက်ပြီး-

"အစကတည်းက ကျွန်မပြောတယ်မှတ်လား၊ ကျွန်မလိုချင်တာ ပစ္စည်းမဟုတ်ဘူး၊ ဆန္ဒဆိုပြီးတော့လေ"

"ဒါဆို ဘာဆန္ဒလဲ"

"ဟုတ်တယ်. . . အခုသိချင်နေပြီ"

"မင်းချမ်းငြိမ်မှ မလာသေးတာ"

"သူလာတော့မယ် မထင်ပါဘူး၊ အခုပဲ သုံးနာရီ ကျော်နေပြီ"

အားလုံးကလည်း ဝိုင်းပြောကြသည်။

သူမက နာရီကို ကြည့်လိုက်သည်။ သတ်မှတ်ထားသည့်အချိန် ထက် နည်းနည်းပင် ကျော်နေပြီဖြစ်သည်။

ထို့ကြောင့် ကင်တင်းမှ ထလိုက်ပြီး စာတိုက်ပုံးရှိရာ ဖယ်ရီ ကွင်းနားသို့ ထွက်လိုက်သည်။

အားလုံးကလည်း နောက်ကနေ ပါလာလေ၏။

စာတိုက်ပုံးနားရောက်တော့ သော့ဖွင့်ပြီး အထဲမှစာအိတ်ကို ထုတ်လိုက်သည်။



သူမကိုယ်တိုင် စာအိတ်ကို ဖြဲလိုက်ပြီး စာကို တစ်ခေါက်ကြည့် လိုက်သည်။

"ဟင်"

သူမ၏ ထိတ်လန့်သွားသည့်ဟန်ကြောင့် အားလုံးက-

"ဘာဖြစ်တာလဲ"

"ဘာဖြစ်လို့"

မဟုတ်ဘူး. . . မဟုတ်ဘူး. . . . ။

သူမသူငယ်ချင်းတစ်ယောက်က လက်ထဲမှစာကို ဆွဲယူလိုက် သည်။

"ဟာ"

နောက်တစ်ယောက်က သူ့လက်ထဲမှစာကို ဆွဲယူလိုက်ပြန်၏။

"အို"

တဖြည်းဖြည်း စာကပြန့်သွားပြီး-

"ထင်သစ္စာ အဲ့ဒီလိုလုပ်ဖို့တော့ မကောင်းပါဘူး"

"ညစ်တာပဲ"

"ဘာဆိုင်လို့လဲ"

အားလုံးက သူမကို ဝိုင်းကြည့်နေကြလေသည်။ သူတို့မျက်နှာ များတွင် အလိုမကျသည့်ဟန်များ ဖြစ်နေသည်။

"မ. . . မဟုတ်ဘူး၊ မှား. . . မှားသွားတာပါ"

သူမအသံက ပျောက်သွားသည်။ ထွန်းဝီရနှင့် ဖေလင်းစစ်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



တို့ကလည်း သူ့ကို စူးစူးစိုက်စိုက် ကြည့်နေကြသည်။

"ဒေါသထွက်တုန်းက ရေးထားတာပါ၊ မနက်တုန်းက ရေးထားတဲ့စာက တစ်မျိုးပါ"

ထင်သစ္စာက အော်ပြောလိုက်သောကြောင့် အားလုံး ငြိမ်ကျသွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီထဲကစာမှာ တရားဝင်ဖြစ်သွားလေပြီ. . .။ ထိုစဉ် ကျောင်းသားတစ်ယောက် ပြေးဝင်လာပြီး-

"မင်း. . . မင်းချမ်းငြိမ် ကားတိုက်ခံရလို့တဲ့"

"ဟာ"

"အမလေး"

အားလုံး၏အကြည့်များသည် ထင်သစ္စာဆီသို့ ရောက်သွားသည်။ ထင်သစ္စာလည်း ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်သွားသည်။ တစ်ယောက်တစ်ပေါက် ဝိုင်းအော်ကြလေသည်။ ထိုအော်သံများကြောင့် ထင်သစ္စာ မူးမေ့လဲကျသွားလေသည်။

ရုတ်ရုတ်သဲသဲဖြစ်သွားကြပြီး တစ်ယောက်တစ်မျိုး ဆူညံသွားကြလေသည်။

ထင်သစ္စာစာရွက်ကို အခုမှ လက်ထဲရောက်သောသူက ရောက်ရောက်ချင်း ဖတ်လိုက်လေသည်။

မင်းချမ်းငြိမ် ကားတိုက်ပါစေ

❑

| စဉ် | အမည် | ရမှတ် | Level |
|---|---|---|---|
| ၁။ | ထင်သစ္စာ | - | - |
| ၂။ | ထွန်းဝီရ | ၁၀ | ၁ |
| ၃။ | အလင်းစစ်ပိုင် | - | - |
| ၄။ | မင်းချမ်းငြိမ် | ၇၀ | နောက်ဆုံး |

www.burmeseclassic.com

www.burmeseclassic.com

(၅၅)

လူငယ်လေးတစ်ယောက် ဆေးရုံကုတင်မှာ လဲလျောင်းနေသည်။ ပတ်တီးများဖြင့် မြင်မကောင်းအောင်ရှိပြီး အခုထိ သတိမရသေးပေ. . .။ ဘေးပတ်လည်တွင်လည်း လူငယ်လေးကျောင်းမှဖြစ်ပုံရသော ကျောင်းသား၊ ကျောင်းသူများ ရှိနေကြလေသည်။

လူငယ်လေး၏ ကုတင်ဘေးတွင်တော့ ကောင်မလေးတစ်ယောက်ထိုင်နေပြီး တရှုံ့ရှုံ့ ငိုနေလေ၏။

လူငယ်လေး၏လက်ကို ကိုင်ထားပြီး ပါးစပ်ကလည်း တဖွဖွပြောနေလေ၏။

"မဟုတ်ပါဘူး၊ ငါ. . . အဲ့ဒီစာထည့်ဖို့ မရည်ရွယ်ပါဘူးဟာ၊ တောင်းပန်ပါတယ်"

ငိုလည်းငို၊ ပြောလည်းပြောနေသည်။

ကောင်မလေးစိတ်ထဲတွင် တကယ်ခံစားနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်လေးက မကြားနိုင်ပါ။

ဘေးနားကရပ်ကြည့်နေသော ကျောင်းသား၊ ကျောင်းသူအချို့က သူမကို ပေစောင်းစောင်းကြည့်ပြီး အခန်းအပြင်သို့ ထွက်သွားရန် ပြင်လိုက်ကြသည်။

“နင်နိုင်ပါတယ်၊ ငါ့ကိုတော့ အဲ့ဒီလိုကြီး အနိုင်မယူပါနဲ့ဟာ. . . အနိုင်မယူပါနဲ့”

အခန်းအပြင်တွင်လည်း ဂိမ်းကုမ္ပဏီမှ လူများလည်း ရောက်လာကြပြီဖြစ်သည်။

ထိုစဉ် ကောင်မလေးသည် အများမထင်မှတ်သော အပြုအမူ တစ်ခုကို ပြုမူလိုက်လေ၏။

သတိမေ့နေသော ကောင်လေး၏ပါးကို နမ်းလိုက်ခြင်းဖြစ်သည်။

“ဟင်”

အားလုံးအံ့သြနေကြချိန်မှာပဲ သတိမေ့နေသောကောင်လေး၏မျက်လုံးများ ပွင့်သွားလေ၏။

“အို”

“သတိရ. . . သတိရလာပြီ”

လူငယ်လေး သတိရလာခြင်းဖြစ်သည်။

ကြည့်နေသောလူများထဲမှ တစ်ယောက်က ဆရာဝန် ပြေးခေါ်လေသည်။

ကောင်လေးက ဘေးသို့လှည့်ကြည့်ပြီး-

“ထင်. . . ထင်သစ္စာ”

“ဟင်. . . ဘာ. . . ဘာလဲ မင်းချမ်းငြိမ်၊ ငါ. . . ငါ ဘာလုပ်ပေးရမလဲ”

“နင်. . . ငိုနေတာလား”

ကောင်မလေးက ခေါင်းငြိမ့်ပြသည်။

လူငယ်လေးက တစ်ချက်ညည်းလိုက်ပြီး-

“နင်. . . ကျောင်းတစ်ဖက်ကမ်းမှာရှိတဲ့ သစ်ပင်သုံးပင်နေရာလေးကို လိုက် ပို့စေချင်တာမှတ်လား”

“ဟင်”

ကောင်မလေးနှင့်အတူ ကြည့်နေသောသူများပါ မှင်သက်သွားလေသည်။

“ဟုတ်တယ်မှတ်လား ထင်သစ္စာ၊ နင်လိုချင်တဲ့ဆန္ဒလေ၊ နင်ပေးတဲ့ဇာတ်ကားထဲမှာ ငါတို့ကျောင်းမှာရှိတဲ့ သစ်ပင်သုံးပင်နေရာနဲ့ တူတဲ့နေရာကို မင်းသားက မင်းသမီးကို လိုက်ပို့တယ်၊ အဲ့ဒီနေရာကို သုံးခါတောင် ငါ ရောက်ဖူးတယ်ဟ”

ကောင်မလေး၏မျက်ဝန်းမှ မျက်ရည်များကျလာလေ၏။

“ခဏလောက် အပြင်ထွက်ပေးပါခင်ဗျာ”

ဆရာဝန်ရောက်လာပြီဖြစ်သည်။

ကောင်မလေးက လူငယ်လေးလက်ကို လွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"မှန်. . . မမှန် ငါ့ကို ပြောခဲ့ပါလား၊ ငါနောက်ကျတဲ့အတွက် မနိုင်တော့ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့် မှန် မမှန် သိချင်သေးတယ်ထင်သစ္စာ"

ထင်သစ္စာမှာ လူအုပ်ကြားထဲမှ ရုတ်တရက် ပြေးထွက်သွားခဲ့လေသည်။ အခန်းအပြင် ရောက်သောအခါ ခုံတစ်ခုံတွင်ထိုင်ပြီး ငိုရှိုက်နေမိသည်။

"ညီမ"

Game ကုမ္ပဏီမှ ကိုကျော်လင်းဦးက သူ့ရှေ့ လာရပ်တာကို တွေ့လိုက်ရသည်။ မော့ကြည့်လိုက်မိပြီး-

"သမီးကို ခွင့်လွှတ်ပါ"

"ရပါတယ် ညီမရယ်၊ တိုက်ဆိုင်သွားတာလို့ပဲ ဆိုရမှာပေါ့"

"မဟုတ်ဘူး. . . သမီး အဲ့ဒီစာကို မရေးထားခဲ့သင့်ဘူး"

"ညီမတကယ်ရေးထားတဲ့စာက ဘာလဲ"

ထင်သစ္စာက အိတ်ထဲမှပါလာသောစာကို ထုတ်ပေးလိုက်လေသည်။ ကိုကျော်လင်းဦးက စာကို ဖွင့်ဖတ်လိုက်၏။

ကျောင်းတစ်ဖက်ကမ်းမှာရှိတဲ့
သစ်ပင်သုံးပင်နေရာလေးကို
တစ်ယောက်ယောက်ကလိုက်ပို့စေချင်တယ်

❑

တစ်လခန့်ကြာသောအခါ. . .

www.burmeseclassic.com

www.burmeseclassic.com

ယခုတလော အင်တာနက်ပေါ်ရှိ ဂိမ်းတစ်ခုသည် လူငယ်များကြားတွင် ရေပန်းစားနေလေသည်။ ရက်ပိုင်းအနည်းငယ်အတွင်း အသင်းဝင်ကစားသူ သန်းချီရှိသွားပြီး ထိုဂိမ်းမှာလည်း နာမည်ကြီးဂိမ်းတစ်ခု ဖြစ်သွားလေသည်။

ထိုဂိမ်း၏ ထူးခြားချက်မှာ အင်တာနက်ပေါ်၌ တကယ်ဝင်စစ် ရည်စားထားလို့ရသလို၊ အချို့မှာလည်း အပြင်၌ တစ်ကယ်အဆင်ပြေသွားကြသူများလည်း ရှိလေသည်။ ဂိမ်း၏ ထင်ရှားသော နောက်ထူးခြားချက်မှာ ဂိမ်းအတွင်း သတင်း အချက်အလက်အားလုံးမှာ ပွင့်လင်းထင်ရှားမှုရှိပြီး တစ်ယောက်အကြောင်းတစ်ယောက် အသေးစိတ်သိကြသလို လိမ်လည်လို့ မရခြင်းနှင့်ရိုးသားရခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ယနေ့တွင် သတင်းစာများနှင့် အင်တာနက်ပေါ်တွင် စိတ်ဝင်စားဖွယ်ကောင်းသော သတင်းလေးတစ်ခု ပါလာလေ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## International Game Development Co., Ltd. မှ ဖန်တီးသော 'ရည်းစားထားတဲ့ဂိမ်း' ရှယ်ယာအချို့အား လှူဒါန်းခြင်း

ယခုတစ်လော အင်တာနက်ပေါ်တွင် ရေပန်းစားနေသော 'ရည်းစားထားတဲ့ဂိမ်း'အမည်ရှိဂိမ်းတွင် Survey လုပ်စဉ်က သတ်မှတ်ထားသော စည်းကမ်းများအတိုင်း နိုင်ငံတစ်ခုရှိ ကျောင်းသားလေးတစ်ဦးက ဂိမ်းရှယ်ယာဝေစုတစ်ခု ရရှိခဲ့ပါသည်။

သို့သော် ထိုရှယ်ယာရရှိသော ကျောင်းသားသည် မိမိရသောရှယ်ယာများအား နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် UNDP (United Nations Development Programme) သို့ လှူဒါန်းလိုက်ကြောင်း သတင်းရရှိပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၅၆)

"ဂိမ်း ကစားချင်လို့"

ကောင်မလေးတစ်ယောက် အသံကြောင့် မော့ကြည့်မိသည်။

"ဂိမ်းတွေ မကစားတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကြောက်သွားလို့"

"အို. . ."

ကောင်မလေးမျက်နှာမှာ စိတ်မကောင်းသည့်မျက်နှာ ဖြစ်သွားသည်။

". . . . . . . . . . . . ."

"ဂိမ်းတိုင်း အရှုံးပေးမယ်ဆိုရင်ရော"

"ကောင်းပြီလေ. . . . ဒီနေ့ ကျွန်တော်ဘာလိုချင်လဲဆိုတာ ပြောပြရင် ဂိမ်းဆော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"သဲလွန်စလေး ဘာလေးမပေးတော့ဘူးလား"

ကောင်လေးက အနည်းငယ်စဥ်းစားနေသည်။

ထိုနောက် စာရွက်တစ်ရွက် ထုတ်ပြီး ပုံတစ်ပုံဆွဲပြလေသည်။

ပုံမှာ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို နမ်းနေတဲ့ပုံဖြစ်သည်။

"ဟင်. . . သဲလွန်စလည်းမဟုတ်ဘူး၊ ဒဲ့ဒိုးကြီး ပြောထားတာပါလား"

"ဒါဆို ကျွန်တော် ဘာလုပ်ချင်တယ်ဆိုတာ သိတယ်ပေါ့"

ကောင်မလေးက ဘာမှပြန်မပြောပဲနဲ့ ထိုင်နေရာမှထသည်။

"ဘယ်သွားမလို့လဲ"

"အတန်းသွားတက်လိုက်ဦးမယ်လေ၊ ဂိမ်းက. . . သုံးနာရီမထိုးခင် ပြောလို့ရတယ်မှတ်လား"

"ဟာ"

ကောင်မလေးက ခပ်တည်တည်ပြောလိုက်၍ ကောင်လေးမှာ စိတ်ညစ်သွားလေသည်။

"ဂိမ်းက နာရီပြောင်းသွားပြီ"

"ဟော. . . ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်နှစ်နာရီ နောက်ဆုံးလဲ"

"အခု"



"အိုု"

ကောင်လေးက ကောင်မလေးကို ချက်ချင်းဆိုသလို ပွေ့ဖက်လိုက်လေသည်။

"ဟို. . . ကင်တင်းမှာ. . . . လူတွေကြည့်နေတယ်"

ဒါပေမယ့် ကောင်မလေးက ဘယ်လိုပြောပြော ကောင်လေးက မလွှတ်တော့ချေ. . .။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးတစ်ယောက်ရဲ့စိတ်ကို ၅၀ ရာခိုင်နှုန်း သိခြင်းသည် ထိုကောင်မလေးရဲ့ အချစ်ကိုရဖို့ ၅၀ ရာခိုင်နှုန်း သေချာခြင်းဖြစ်သည်ဟု ဆိုကြသည်။

လေးစားစွာဖြင့်

လူနေ

BURMESE CLASSIC .com

www.burmeseclassic.com